# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကိုမတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည် ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့ အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ်(၁၀၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးတို့ တွေ့ဆုံ

# မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား နေပြည်တော်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့ တွေ့ဆုံဆွေးနွေးစဉ်

# ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့တို့ ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်၌ ဆဋ္ဌမအကြိမ်မြောက် တွေ့ဆုံမည်

**သတင်း-ရဲခေါင်ညွန့်**

ချင်းမိုင် ဩဂုတ် ၄

**ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ တတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Furama ဟိုတယ်၌ ကျင်းပသည်။**

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ရန်ကုန်၌ ဆဋ္ဌမအကြိမ် တရားဝင်တွေ့ဆုံနိုင်ရေး၊ DPN က တောင်းဆိုထားသည့် အချက်ရှစ်ချက်နှင့် အစိုးရ၏ DPN အပေါ် သဘောထားတို့ကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးခင်ဇော်ဦးနှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ခေါင်းဆောင် ခူဦးရယ်တို့က နိဂုံးချုပ်စကားပြောကြားကြသည်။

ဦးခင်ဇော်ဦးက "အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုဆိုပေမယ့် တော်တော်လေး အမြင်ချင်းဖလှယ်နိုင်ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့နည်းတွေကို စဉ်းစားပြီး ဆောင်ရွက်လာခဲ့ကြတဲ့အခါမှာ မကြာမီကျင်းပမယ့် ဆဋ္ဌမအကြိမ် အစည်းအဝေးအောင်မြင်မှုအတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ မတွေ့ဆုံခင် ပြန်ပြီးတော့ ဆွေးနွေးရမယ့်အရာတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အသေးစိတ်ကို စဉ်းစားတွေးခေါ်ပြီး အတတ်နိုင်ဆုံး အပေါင်းလက္ခဏာဆောင်တဲ့ အဖြေတွေရနိုင်အောင် နည်းလမ်းတွေရှာပါမယ်။ အလားတူပဲ ဆရာခူဦးရယ်တို့ဘက်ကလည်း လိုအပ်တဲ့အချက်တွေနဲ့ ပတ်သက်ပြီး စဉ်းစားဆုံးဖြတ်ခဲ့ဖို့လည်း တိုက်တွန်းလိုပါတယ်။

"ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အစိုးရအဆက်ဆက် ဆွေးနွေးလာခဲ့တာ မနည်းတော့ပါဘူး။ ဒီတစ်ကြိမ်မှာ ထူးခြားတာတစ်ခုကတော့ အရင်လို အပစ်ရပ်ရေးတစ်ခုပဲ မဟုတ်တော့ဘဲ နိုင်ငံရေးအတွက်ပါ စဉ်းစားလာတဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေပါ ပါလာတော့ ရိုးရိုးလေးစဉ်းစားကြည့်မယ်ဆိုရင် လက်နက်က အဲဒီလောက်အရေးမကြီးပါဘူး။ အခုအချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေနဲ့ အဖြေရှာတဲ့အခါ ဘာကြောင့်လဲဆိုတဲ့ အကြောင်းရင်းကို ရှာနေပြီ" ဟု ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆


**ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလူနာ ၃၃၆ ဦးတွင် H1N1 ပိုးတွေ့လူနာ ၁၃၂ ရှိပြီး ထပ်မံသေဆုံးမှုမရှိ** စာမျက်နှာ ➤ ၆

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** စာမျက်နှာ ➤ ၉

**တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံလုံးဆိုင်ရာ ညီလာခံတက်ရောက်ရန် ပြည်ပမီဒီယာများအား ဖိတ်ကြားသွားမည်** စာမျက်နှာ ➤ ၁၄





**မြန်မာ့အလင်း**

# သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲချမှတ်ရာ၌ တိုင်းပြည်၏ ပကတိလူမှုစီးပွားရေးအခြေအနေတို့ကို အခြေခံမှသာ အောင်မြင်တိုးတက်မှုတို့ကို ဆုပ်ကိုင်ရရှိနိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်၏ ပကတိလူမှုစီးပွားရေးအခြေအနေတို့ကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန် သုတေသနလုပ်ငန်းတို့ကို စနစ်တကျဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဤကဲ့သို့ စနစ်တကျ သုတေသနပြုလုပ်နိုင်စွမ်းမရှိပါက မူဝါဒအလွဲအမှားတို့ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ဥပမာအနေဖြင့် ရခိုင်ပြည်နယ်အခြေအနေကို တင်ပြလိုပါသည်။ ရခိုင်ပြည်နယ်သူ ပြည်နယ်သားတို့သည် ပြည်နယ်အတွင်း စီးပွားရေးအခွင့်အလမ်းနည်းပါး၍ မြန်မာနိုင်ငံ၏ အခြားဒေသများ သို့မဟုတ် ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်နေကြသည်ဟု သိရပါသည်။ ရခိုင်ပြည်နယ်အတွင်း ဤရွှေ့ပြောင်းလုပ်သားဖြစ်စဉ် အဘယ်ကြောင့် ဖြစ်ပေါ်လာရသည်ကို စနစ်တကျ သုတေသနပြုလုပ်ရန် လိုအပ်သကဲ့သို့ ဤရွှေ့ပြောင်းလုပ်သားဖြစ်စဉ်၏ ပြည်နယ်အတွင်း လူမှုစီးပွားရေးအကျိုးသက်ရောက်မှုကိုလည်း စနစ်တကျသုတေသနပြုလုပ်ရန် လိုအပ်ပါသည်။ အဆိုပါ သုတေသနလုပ်ငန်းများသည် ရခိုင်ပြည်နယ်၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီးရေးကို အထောက်အကူဖြစ်မည်ဖြစ်သကဲ့သို့ ပြည်နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော မလိုလားအပ်သည့် လူမှုစီးပွားရေး အကျိုးသက်ရောက်မှုများ ကိုင်တွယ်ဖြေရှင်းရာ၌ အဓိကထားကိုင်တွယ်ရမည့် ပြဿနာတို့ကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

ယခုအခါ တိုင်းပြည်၏ လူမှုစီးပွားရေးဆိုင်ရာကိစ္စရပ်များကို သုတေသနပြုလုပ်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute -MDI) တို့က ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ စာချွန်လွှာသက်တမ်းသည် ငါးနှစ်ရှိပြီး မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်းများကို လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့အစည်းနှစ်ရပ်က ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤကဲ့သို့ ပူးတွဲဆောင်ရွက်ရာ၌ ဗဟိုစာရင်းအင်းအဖွဲ့သည် လိုအပ်သောစာရင်းအင်း အချက်အလက်တို့ကို မျှဝေပံ့ပိုးသွားမည်ဖြစ်ပြီး မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) က အကဲဖြတ်ခြင်းနှင့် ညွှန်းကိန်းများတွက်ထုတ်ခြင်းတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အကဲဖြတ်ခြင်းနှင့် ညွှန်းကိန်းများ တွက်ထုတ်ခြင်းဆိုရာ၌ ဗဟိုစာရင်းအင်းအဖွဲ့၏ စာရင်းအင်းဆိုင်ရာ အမျိုးသားအဆင့်ဖွံ့ဖြိုးမှု မဟာဗျူဟာရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် အကဲဖြတ်ခြင်းနှင့် ညွှန်းကိန်းများ တွက်ထုတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) သည် ကိုရီးယားနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency- KOICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းဖြစ်၍ လိုအပ်သော ကျွမ်းကျင်မှုတို့ကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ ရေးဆွဲချမှတ်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်တို့ကို သုတေသနပြုလုပ်မည့် ဤပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုကြိုဆိုပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။ ။

## စလင်းတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဩဂုတ် ၃ ရက်က နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် စလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့တို့ပူးပေါင်းကာ မြို့လယ်ဗိုလ်ချုပ်ကြေးရုပ်အနီး၌ နံနက် ၈ နာရီကစတင်၍ H1N1 ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးလှုပ်ရှားမှုအဖြစ် ကြက်ခြေနီတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက နှာခေါင်းစည်း ၅၀၀ ကို လမ်းသွားလမ်းလာပြည်သူများအား စနစ်တကျတပ်ဆင်ပေးပြီး H1N1 ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ဆက်လက်၍ မြင်တင်ရပ်အထကကျောင်းသွားသည့် လူစည်ကားရာလမ်းဆုံ၌ နှာခေါင်းစည်း ၅၀၀ ကို အခမဲ့တပ်ဆင်ပေးပြီး အသိပညာပေးလက်ကမ်းစာစောင် ၃၀၀ ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




## မုတ်သုံလေအားကောင်းမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် (၃၅)မိုင်အထိ တိုက်ခတ်နိုင်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာဦး ကို အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (စီမံ) ပါမောက္ခ ဒေါက်တာ ဒေါ်ခေမာမြ ကို ယင်းတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ Level -II သို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်များ ရွေးချယ်

**နေပြည်တော် ဩဂုတ် ၄**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်နှင့် လားရှိုးမြို့များတွင် ကျင်းပခဲ့ပြီး Level- II သို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်များ ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ Level-1 အသံစစ်ဆေးခဲ့ရာတွင် Level-II သို့ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင်များအဖြစ် တောင်ကြီးမြို့၌ ကျင်းပခဲ့သည့်ပြိုင်ပွဲမှ Aဒေး၊ နော်ရုဖဲရီ၊ စိုင်းမင်းဇော်တို့ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် မင်းဇိုင်းဂျုံးဇယ်၊ စလာ၊ မွန်းရာ တို့ကိုလည်းကောင်း၊ မော်လမြိုင်မြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် နောင်နောင်၊ စောစံထွေး၊ ဝင်းလဲ့လဲ့အောင် တို့ကိုလည်းကောင်း၊ လားရှိုးမြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ထွယ်ဆန်ရာ၊ စည်သူဘုန်းမြင့်နှင့် ရဲရင့်အောင်တို့ကိုလည်းကောင်း ရွေးချယ်ထားကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၄-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ·၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂၁ |
| တရုတ် | တစ်ယွမ် | ၂၀၂ | ·၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၄၈ |

**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ -အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao တို့ တွေ့ဆုံဆွေးနွေးစဉ်

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့် အခြေခံပညာဦးစီးဌာနအောက်ရှိ သင်ကြားရေးဝန်ထမ်းများ၊ စီမံရေးရာဝန်ထမ်းများရာထူးတိုးမြှင့်ရေးနှင့် ပြောင်းရွှေ့ခန့်ထားခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပညာရေးကောလိပ်များမှ သင်ကြားရေးနှင့် စီမံရေးရာဝန်ထမ်း ၁၃၈၁ ဦး၊ အခြေခံပညာဦးစီးဌာနမှ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဝန်ထမ်း ၂၄၇၈ ဦးတို့အား ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခန့်ထားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အခြေခံပညာဦးစီးဌာန**

**သင်ကြားရေးဝန်ထမ်းများ၊ စီမံရေးရာဝန်ထမ်းများ ပြောင်းရွှေ့ ရာထူးတိုးမြှင့်ခန့်ထားသည့်စာရင်းချုပ်**

ရက်စွဲ။ ၄-၈-၂၀၁၇

| စဉ် | အကြောင်းအရာ | စာရင်းရှိ | ခန့်ထား |
|---|---|---|---|
| ၁ | ထက်အုပ်မှ မြို့နယ်ပညာရေးမှူးအထိ အနေကြာပြောင်းရွှေ့ခြင်း | ၂၉ | ၂၉ |
| ၂ | ဦးစီးအရာရှိမှ ဒု-ညွှန်မှူးအထိ ရာထူးတူပြောင်းရွှေ့ခြင်း | ၈၈၅ | ၅၂၃ |
| ၃ | ဦးစီးအရာရှိမှ ဒု-ညွှန်မှူး/ခရိုင်မှူးအထိ ရာထူးပြောင်းရွှေ့ခြင်း | ၁၄၃ | ၆၈ |
| ၄ | လ/ထမြို့နယ်ပညာရေးမှူးမှ ဒု-ညွှန်မှူး/ခရိုင်မှူးထိ ရာထူးတိုးမြှင့်ခြင်း | ၃၄၈၇ | ၁၈၆၀ |
| | စုစုပေါင်း | ၄၅၄၂ | ၂၄၇၈ |

| စဉ် | အကြောင်းအရာ | စာရင်းရှိ | ခန့်ထား |
|---|---|---|---|
| ၁ | အထက်တန်းကျောင်းအုပ်မှ မြို့နယ်ပညာရေးမှူးအထိ အနေကြာပြောင်း | | |
| | (က)(၃)နှစ်နှင့်အထက်အနေကြာ မြို့နယ်ပညာရေးမှူးပြောင်း | ၈ | ၈ |
| | (ခ)(၃)နှစ်နှင့်အထက်အနေကြာ လက်ထောက်ညွှန်ကြားရေးမှူးပြောင်း | ၉ | ၉ |
| | (ဂ)(၅)နှစ်နှင့်အထက်အနေကြာ အထက်တန်းကျောင်းအုပ်ပြောင်း | ၁၂ | ၁၂ |
| | စုစုပေါင်း | ၂၉ | ၂၉ |
| ၂ | ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူးအထိ ရာထူးတူပြောင်း | | |
| | (က)ဒုတိယညွှန်ကြားရေးမှူးရာထူးတူပြောင်း | ၉ | ၇ |
| | (ခ)မြို့နယ်ပညာရေးမှူးရာထူးတူပြောင်း | ၁၆ | ၇ |
| | (ဂ)လက်ထောက်ညွှန်ကြားရေးမှူးရာထူးတူပြောင်း | ၁၁ | ၁၀ |
| | (ဃ)အထက်တန်းကျောင်းအုပ်ရာထူးတူပြောင်း | ၂၃၀ | ၁၂၀ |
| | (င)အလယ်တန်းကျောင်းအုပ်ရာထူးတူပြောင်း | ၅၄၆ | ၃၃၂ |
| | (စ)ဦးစီးအရာရှိရာထူးတူပြောင်း | ၂၃ | ၁၈ |
| | (ဆ)ဒုတိယမြို့နယ်ပညာရေးမှူးရာထူးတူပြောင်း | ၅၀ | ၂၈ |
| | စုစုပေါင်း | ၈၈၅ | ၅၂၃ |
| ၃ | ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ရာထူးပြောင်း | | |
| | (က)ခရိုင်ပညာရေးမှူးမှဒုညွှန်မှူးရာထူးပြောင်း | ၃ | ၂ |
| | (ခ)ဒုညွှန်မှူးမှခရိုင်ပညာရေးမှူးရာထူးပြောင်း | ၈ | ၄ |
| | (ဂ)လက်ထောက်ညွှန်ကြားရေးမှူးမှ မြို့နယ်ပညာရေးမှူးရာထူးပြောင်း | ၁၂၃ | ၅၃ |
| | (ဃ)မြို့နယ်ပညာရေးမှူးမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးပြောင်း | ၆ | ၆ |
| | (င)ထက်အုပ်နှင့် ဒု-မြို့နယ်ပညာရေးမှူးမှ ဦးစီးအရာရှိရာထူးပြောင်း | ၃ | ၃ |
| | စုစုပေါင်း | ၁၄၃ | ၆၈ |
| ၄ | လက်ထောက်မြို့နယ်ပညာရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ရာထူးတိုး | | |
| | (က)မြို့နယ်ပညာရေးမှူးမှ ခရိုင်ပညာရေးမှူးရာထူးတိုး | ၁၀၉ | ၁၈ |
| | (ခ)လ/ထညွှန်မှူးမှ ဒုညွှန်မှူးရာထူးတိုး | | ၃၉ |
| | (ဂ)မြို့နယ်ပညာရေးမှူးမှ နည်းပြချုပ် ရာထူးတိုး | | ၁ |
| | (ဃ)ထက်အုပ်မှ မြို့နယ်ပညာရေးမှူးရာထူးတိုး | ၁၁၉၁ | ၁၉ |
| | (င)ထက်အုပ်မှ လ/ထညွှန်မှူးရာထူးတိုး | | ၁၂၀ |
| | (စ)ဦးစီးအရာရှိမှလက်ထောက်ညွှန်ကြားရေးမှူးရာထူးတိုး | ၁၂၀ | ၃၁ |
| | (ဆ)ဦးစီးအရာရှိ(ကာယ)မှလ/ထညွှန်မှူး(ကာယ)ရာထူးတိုး | ၁ | ၁ |
| | (ဇ)ဒုတိယမြို့နယ်ပညာရေးမှူးရာထူးမှလ/ထညွှန်မှူးရာထူးတိုး | ၁၄၉ | ၃၀ |
| | (ဈ)လယ်အုပ်မှ ထက်အုပ်ရာထူးတိုး | ၉၆၃ | ၆၀၆ |
| | (ည)ထက်ပြမှ လယ်အုပ်ရာထူးတိုး | ၇၁၀ | ၆၉၆ |
| | (ဋ)ဒု-ဦးစီးမှူး/ဒု-ကြီးကြပ်ရေးမှူးရာထူးမှ ဦးစီးအရာရှိရာထူးတိုး | ၁၈၈ | ၁၈၃ |
| | (ဌ)ဒု-ဦးစီးမှူး(ကာယ)မှဦးစီးအရာရှိ(ကာယ)ရာထူးတိုး | ၁၄ | ၁၄ |
| | (ဍ)ကွန်ပျူတာလုပ်ဆောင်ရေးမှူးမှ ဦးစီးအရာရှိ(ကွန်ပျူတာ)ရာထူးတိုး | ၂ | ၂ |
| | (ဎ)လ/ထမြို့နယ်မှူးမှ ဒုမြို့နယ်မှူးရာထူးတိုး | ၁၄၈ | ၁၀၀ |
| | စုစုပေါင်း | ၃၅၉၆ | ၁၈၆၀ |

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၈၄ ဦး၊ နည်းပညာတက္ကသိုလ်များရှိ လက်ထောက်ကထိကမှ ကထိကရာထူး (တိုးမြှင့်ခြင်း) ၉၉၂ ဦး၊ ကွန်ပျူတာတက္ကသိုလ်များရှိ လက်ထောက်ကထိကမှ ကထိကရာထူး(တိုးမြှင့်ခြင်း) ၁၆၃ ဦး၊ ကွန်ပျူတာ တက္ကသိုလ်များရှိ လက်ထောက်ကထိကရာထူး (ပြောင်းရွှေ့ခြင်း) ၂၁ ဦး၊ နည်းပညာတက္ကသိုလ်များရှိ လက်ထောက်ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၄၀ နှင့် ပညာရေးကောလိပ်များမှ ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၁၁ ဦး၊ ကထိကရာထူး (တိုးမြှင့်ခြင်း) ၄၀၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူး (တိုးမြှင့်ခြင်း) တစ်ဦး၊ ဌာနခွဲမှူးရာထူး (ပြောင်းရွှေ့ခြင်း) သုံးဦး၊ ဌာနခွဲမှူးရာထူး (တိုးမြှင့်ခြင်း) ငါးဦး၊ မော်ကွန်းထိန်းရာထူး(တိုးမြှင့်ခြင်း) တစ်ဦး၊ စာကြည့်တိုက်မှူး ရာထူး(ပြောင်းရွှေ့ခြင်း) တစ်ဦး၊ လက်ထောက်ကထိကရာထူး(ပြောင်းရွှေ့ခြင်း) ၁၆ ဦး၊ ဦးစီးအရာရှိ ရာထူး (ပြောင်းရွှေ့ခြင်း) သုံးဦးတို့ကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ယနေ့ရက်စွဲဖြင့် အမိန့်စာများထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့အတူ အခြေခံပညာဦးစီးဌာနအောက်ရှိ သင်ကြားရေးဝန်ထမ်းများနှင့် စီမံရေးရာဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ခဲ့ရာတွင် အခြေခံပညာအထက်တန်းကျောင်းအုပ်မှ မြို့နယ်ပညာရေးမှူးအထိ အနေကြာ ပြောင်းရွှေ့သူ ၂၇ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူးအထိ ရာထူးတူပြောင်းရွှေ့သူ ၅၂၃ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ပြောင်းရွှေ့သူ ၆၈ ဦး၊ ဦးစီးအရာရှိမှ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ပညာရေးမှူးအထိ ရာထူးတိုးသူ ၁၈၆၀ တို့ကိုလည်း ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားပေးလိုက်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၃/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)**

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတဲရင့်စစ်စံမွိုင်းနီခွဲကို ချင်းပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

◆ ***ရှေ့ဖုံးမှ***

ခူဦးရယ်က "ဒီနေ့ ကျွန်တော်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုက အပြုသဘောဆောင်တယ်လို့ တစ်ထစ်ချယုံကြည်ပါတယ်။ နှစ်ပေါင်း ၇၀ အတွင်းမှာ တွေ့ဆုံဆွေးနွေးတဲ့ ကျွန်တော်တို့ရဲ့တွေ့ဆုံဆွေးနွေးမှုတွေဟာ နိုင်ငံရေးကိုအခြေခံပြီး တွေ့ဆုံဖို့ ဘယ်တော့မှ မစဉ်းစားခဲ့ပါဘူး။ အာဏာသိမ်းပြီးမှ တွေ့ဆုံဆွေးနွေးတဲ့ ဆွေးနွေးမှုတွေက ပိုများပါတယ်။ ဒါကြောင့်မို့လည်း နိုင်ငံရေးပြဿနာလို့ အသိအမှတ်ပြုဖို့ ပိုခက်ခဲတယ်လို့ ကျွန်တော်တို့က နားလည်တယ်။ ဒါပေမယ့် အခင်းအကျင်းတစ်စုံလုံးကို သုံးသပ်လိုက်ရင် ခုချိန်မှာ အားလုံးက တစ်ခုခုကို သွားရတော့မယ်ဆိုတဲ့ တစ်ပြေးညီအမြင်သဘောထားရှိတယ်လို့ ကျွန်တော်မှတ်ယူပါတယ်။ အခုအချိန်အထိ ကျွန်တော်တို့ပြင်ဆင်နေတဲ့ အခင်းအကျင်းက ခြောက်နှစ်ထဲကို ဝင်လာပါပြီ။ အတူတကွ သွားနိုင်တဲ့အဖွဲ့တွေ ရှိသလို မသွားနိုင်တဲ့အဖွဲ့အစည်းတွေလည်းရှိတော့ ရည်မှန်းချက်တူသော်လည်းပဲ အတူတကွသွားဖို့ အဆင်မချောသေးတော့ အဖြေရှာရဦးမယ်လို့ နားလည်ပါတယ်။ ဒါကြောင့် Team Work အားကောင်းဖို့အတွက် အဖွဲ့အစည်းအားကောင်းဖို့ နည်းလမ်းရှာဖို့လိုပါတယ်" ဟု ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်မှ ဦးခင်ဇော်ဦး၊ ဦးအောင်ကြည်၊ ဦးအောင်စိုး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေနှင့် ဦးကျော်လင်းဦးတို့ပါဝင်ပြီး DPN ဘက်မှ ခူဦးရယ်၊ နိုင်အောင်မငေး၊ စဝ်ဆေအွန်၊ ဦးမင်းထွန်း၊ နာဗစ်ဘွန်၊ ဦးထွန်းဇော်၊ စိုင်းဟတ်ဟန် နှင့် မီမရမူတို့ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ် ဦးလှမောင်ရွှေက "ကျွန်တော်တို့ဘက်က ပြောလို့ရတာက DPN အဖွဲ့နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ ဇူလိုင် ၂၀ ရက်က ဆွေးနွေးတာထက် အများကြီးဆွေးနွေးနိုင်တယ်။ လာမယ့် ဩဂုတ်လ ၁၀ ရက်နဲ့ ၁၁ ရက်နေ့တွေမှာ DPN နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ရဲ့ ခြောက်ကြိမ်မြောက် တရားဝင် တွေ့ဆုံဆွေးနွေးမှုကို ရန်ကုန်မှာလုပ်မယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ NCA လက်မှတ်ရေးထိုးနိုင်ပြီး လာမယ့်ညီလာခံမှာ UNFC အဖွဲ့ဝင်တွေ တက်ရောက်နိုင်ဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

အစိုးရအနေဖြင့် UNFC အဖွဲ့ဝင်များအား NCA လက်မှတ်ရေးထိုး၍ လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို တက်ရောက်နိုင်ရန် ရည်ရွယ်ထားသည်။

DPN အဖွဲ့ဝင် ဦးထွန်းဇော်က "အဓိကက ကျွန်တော်တို့ အဆိုပြုထားတဲ့ NCA အဆိုပြုချက် ရှစ်ချက်နဲ့ ပတ်သက်ပြီး တရားဝင်ဆွေးနွေးရင် အဆင်ပြေစေဖို့ ရည်ရွယ်ပြီး လုပ်တာဖြစ်တယ်။ အခုက ကျန်နေတဲ့အပိုင်းတွေရှိနေတယ်။ မူဘောင် ပြန်လည်သုံးသပ်တာတို့၊ ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးယန္တရား (JMC)ကို ခိုင်မာအောင် လုပ်တဲ့အခါမှာ ဘယ်လိုလုပ်သွားမလဲ။ ဒါတွေကို ညှိနှိုင်းဖို့ ကျန်ပါသေးတယ်။ ဒီအချက်တွေက NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းမှာ လုပ်ရမယ့်အပိုင်းနဲ့ NCA လက်မှတ်မထိုးခင် လုပ်ရမယ့်အပိုင်းတွေ ရှိနေပါတယ်။ အစိုးရက NCA လက်မှတ်မြန်မြန်ထိုးပြီး NCA လမ်းကြောင်းပေါ်ကနေ အတူတကွ တွေ့ဆုံဆွေးနွေးမှုမျိုးဖြစ်ချင်တယ်။ အစိုးရအနေနဲ့ NCA ကို အမြန်လက်မှတ်ရေးထိုးဖို့ ဆိုပေမယ့် ကျွန်တော်တို့အဆိုပြုထားတဲ့ အချက် ရှစ်ချက်ကို ပြေလည်အောင် ညှိနှိုင်းဖို့လိုပါတယ်။ အဲ့ဒီတော့မှ NCA လက်မှတ်ရေးထိုးတဲ့အဆင့်ကို တက်နိုင်မှာပါ။ ကျွန်တော်တို့ အဆိုပြုချက်က ညှိနှိုင်းသဘောတူညီချက်ရတယ်ဆိုရင် နံပါတ် (၉)အချက်က NCA လက်မှတ်ရေးထိုးဖို့ ဖြစ်တယ်။ အချက် ရှစ်ချက်ကလည်း ဥပဒေကြောင်းက ခိုင်လုံတဲ့ အကျိုးသက်ရောက်မှုရှိတဲ့ အနေအထားသဘောတူညီမှုရမှ NCA လက်မှတ်ထိုးမှာ ဖြစ်ပါတယ်"ဟု DPN သဘောထားနှင့်ပတ်သက်၍ ပြောသည်။

ယနေ့ ဆွေးနွေးမှုအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ဆဋ္ဌမအကြိမ် တရားဝင်တွေ့ဆုံမှုကို ယခု ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန် ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ပြုလုပ်ရန် ရက်သတ်မှတ်နိုင်ခဲ့သည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖိလစ်ပိုင်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်　ဩဂုတ် ၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, Jr အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, Jr အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# မြန်မာ့ကျောက်မျက်ရတနာများ ပြည်တွင်းဈေးကွက်တွင်သာမက အာဆီယံဒေသတွင်းနှင့် အခြားမိတ်ဖက်နိုင်ငံများအတွင်း ဈေးကွက်များရရှိနိုင်အောင်ဆောင်ရွက်




**နေပြည်တော်　ဩဂုတ် ၄**

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်က စီစဉ်ကျင်းပသည့် 6th Asean Economic Community (AEC)+ 8Gems & Jewellery President's Summit ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပသည်။

အခမ်းအနားတွင် 6th AEC+ 8Gems & Jewellery President's Summit ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် အာဆီယံသီချင်းတို့ဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့ကျင်းပသည့် Summit သည် ASEAN နိုင်ငံများရှိ ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍ ထုတ်လုပ်ရောင်းချမှုကဏ္ဍများတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့် ထုတ်လုပ်ရောင်းချမှုကဏ္ဍကို အားပေးမြှင့်တင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံကို တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသအဖြစ် ထူထောင်ရာတွင် စီးပွားရေးညှိနှိုင်းမှုများ၊ အကောင်အထည်ဖော်မှု ယန္တရားအသစ်များ ချမှတ်ဆောင်ရွက်သွားမှုများနှင့်အညီ ဒေသတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ စွမ်းရည်မြှင့်မားရေး၊ စံချိန်စံညွှန်းနည်းပညာဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းလွယ်ကူ၍ တူညီမှုရှိစေရေးဖြစ်ကြောင်း၊ အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှု ရည်မှန်းချက်နှင့်အညီ ထုတ်လုပ်ရောင်းဝယ်လုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် AEC ၏ Single Market ဈေးကွက်ကြီးအတွက် အဓိကမဏ္ဍိုင်ကြီးအဖြစ် အလားအလာကောင်းများ ဖြစ်လာရန်အတွက်လည်း ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါကြောင်း။

ကျောက်မျက်ရတနာလုပ်ငန်းသည် နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်မှု ရည်မှန်းချက်ကို အထောက်အပံ့ပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် လုပ်ငန်းများ ယခုထက် ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်အခြေအနေများကို လေ့လာခြင်းနှင့် ပြည်ပပို့ကုန်ပမာဏ တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းစဉ်အားလုံး တိုးတက်အောင်မြင်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်မှ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသအတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်ဟု ပါရှိပါကြောင်း။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာများ ပြည်တွင်းဈေးကွက်တွင်သာမက အာဆီယံဒေသတွင်းနှင့် အခြားမိတ်ဖက်နိုင်ငံများအတွင်း ဈေးကွက်များရရှိနိုင်အောင် ဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

**အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်**

ကျောက်မျက်ရတနာများ ရောင်းချခြင်းမှ မြန်မာနိုင်ငံအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိနိုင်ရန်၊ နိုင်ငံတော်၏ သယံဇာတဖြစ်သည့် ပတ္တမြားနှင့် ကျောက်စိမ်းအပါအဝင် ကျောက်မျက်ရတနာများ ဈေးနှုန်းမှန်ကန်စွာရရှိစေရန် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ ပြည်တွင်းသာမက အာဆီယံနိုင်ငံများ၌ ပြုလုပ်သည့် ကုန်စည်ပြပွဲများနှင့် ရောင်းချပွဲများတွင် မြန်မာနိုင်ငံက ထွက်ရှိသည့် ပတ္တမြားနှင့် ကျောက်စိမ်းအပါအဝင် အခြားကျောက်မျက်နှင့် လက်ဝတ်ရတနာများကို ခင်းကျင်းပြသရောင်းချနိုင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခု Summitသို့ တက်ရောက်လာကြသည့် ASEAN နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှ လုပ်ငန်းရှင်ကြီးများကို မိမိတို့နိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများ အကျိုးတူပူးပေါင်း ဆောင်ရွက်လုပ်ကိုင်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူက ယခုSummit ကို ကျင်းပနိုင်သည့်အတွက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၊ ကျောက်မျက်ရတနာအသင်းအဖွဲ့များနှင့် ကျောက်မျက်လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ကျယ်ပြန့်သော ကျောက်မျက်ရတနာဈေးကွက်ကြီး ပေါ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် နည်းပညာမျှဝေဖလှယ်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာကဏ္ဍအတွက် ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာထွက်ရှိရာ ဒေသများ၊ ကျောက်မျက်ရတနာတူးဖော်ရရှိမှု အခြေအနေနှင့် ကျောက်မျက်ရတနာပြပွဲများကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဝင်းက 6th AEC+ 8Gems & Jewellery President's Summit ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် 6th AEC+ 8Gems & Jewellery President's Summitသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာအသင်းများမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကျောက်မျက်ရတနာအသင်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြား ကျောက်မျက်ရတနာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာကဏ္ဍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

6th AEC+ 8Gems & Jewellery President's Summit အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးပြီး ပြည်တွင်း၊ ပြည်ပဧည့်သည်များ ဝယ်ယူကြည့်ရှုလေ့လာနိုင်ရန်အတွက် ကျောက်မျက်ရတနာအရောင်းဆိုင်များကို MICC-2 မြေညီထပ်၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

Asean Economic Community (AEC)+ 8Gems & Jewellery President's Summit ပထမ၊ ဒုတိယ၊ တတိယအကြိမ်ကို ထိုင်းနိုင်ငံ၌ လည်းကောင်း၊ စတုတ္ထအကြိမ်ကို မလေးရှားနိုင်ငံ၌ လည်းကောင်း၊ ပဉ္စမအကြိမ်ကို ဗီယက်နမ်နိုင်ငံ၌ လည်းကောင်း ကျင်းပနိုင်ခဲ့ပြီး ဆဋ္ဌမအကြိမ်ကို မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ (၇)ကြိမ်မြောက် AEC+ 8Gems & Jewellery President's Summitကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။　ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်္ဂလာရပ်၊ ဟော်ကြီးလမ်း၊ အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၈-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။　ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)၏ တံဆိပ်ပုံစံ**



**ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)၏ အလံပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**


# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော်　ဩဂုတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက်တွင် **ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (Kayah State Democratic Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❍ ကျောဖုံးမှ

မိမိတို့နိုင်ငံတော်ကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်ရန် အတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍကိုလည်း နိုင်ငံတကာ အဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် အစီအမံများ စနစ်တကျချမှတ်ကာ ကြိုးပမ်းဆောင်ရွက်နေပြီး နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် အောင်မြင်ဖြစ်ထွန်းမှုများကို ဖော်ထုတ်ပြသကြရမည် ဖြစ်ပါကြောင်း။

**အလေးအနက်တိုက်တွန်း**

ထို့ကြောင့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အားအပ်နှင်းမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အလံတော်သည် ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုလျက်ရှိနေသည်ဆိုသည့် ခံယူချက်နှင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွှင့်ထူနိုင်ရန် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်က ကူညီအားပေးခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်များအားလုံးကိုလည်း နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အောင်ပန်းဆင် ပြန်လာမည့် အားကစားသမားမောင်၊ မယ်များအား ဂုဏ်ပြုချီးမြှင့်သည့်အခါတွင်လည်း ယခုကဲ့သို့ ပူးပေါင်းအားပေးသွားကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

**အစွမ်းကုန်ကြိုးပမ်း**

ယနေ့ နိုင်ငံတော်ကို ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည် မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့် အချက်များ ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာ ရှိနေပြီဟု ယုံကြည်ထားသည့်အတွက် ပြိုင်ပွဲတွင် အစွမ်းကုန်ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် ပြိုင်ပွဲကာလအတွင်း၌လည်း စဉ်ဆက်မပြတ်လေ့ကျင့်ရင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်နှင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ အဆင့်ဆင့် စီမံကွပ်ကဲအုပ်ချုပ်မှုကို ခံယူပြီး စည်းကမ်းနှင့်အညီ စုဖွဲ့သွားလာဆောင်ရွက်ကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ အထူးသဖြင့် နိုင်ငံတော်နှင့်တကွ တစ်မျိုးသားလုံးက မိမိတို့အပေါ်တွင် မြင့်မားသည့် မျှော်လင့်ချက်များနှင့် စောင့်မျှော်နေကြမည်ဆိုသည်ကိုသိမြင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန် "လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း" စိတ်ဓာတ်နှင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင် အနိုင်ယူခဲ့ကြရန်၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးမည့် အားကစားသမား မောင်၊ မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံ့နေအောင် စွမ်းဆောင်သွားကြပါဟု အလေးအနက်တိုက်တွန်းလိုပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများအား ကြည့်ရှုစဉ်

**နိုင်ငံတော်အလံ အပ်နှင်း**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ မြန်မာနိုင်ငံတော်အလံ အပ်နှင်းသည်။

ထို့နောက် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား လှူဒါန်းငွေများ ပေးအပ်ခြင်းအစီအစဉ်ကိုကျင်းပရာ 100 Plus Co.,Ltd၊ ကမ္ဘောဇအေနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း၊ Max Myanmar Group of Co.,Ltd၊ ရောမြန်မာအာမခံလုပ်ငန်းနှင့် Jewellery Luck Group of Co.,Ltd. တို့က ဒုတိယသမ္မတထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရွှေသံလွင်မီဒီယာ ကုမ္ပဏီ (Sky Net)၊ Balance Fitness၊ Nestle Myanmar Co.,Ltd၊ ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်းကုမ္ပဏီလီမိတက်၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် မြန်မာအားကစားအဖွဲ့ဝင် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမား မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ပြိုင်ပွဲသုံး အားကစားအထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာ ဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်ကြမည့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားမောင်၊ မယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက် မှ ၃၀ ရက်အထိ ကျင်းပ၍ အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ပြီး အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၂၉ မျိုးတွင် အားကစားသမား ၅၉၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။





ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းကာလအတွင်းမှာ ပြည်တွင်းပြည်ပ ပညာရှင်များမှ သက်ဆိုင်ရာဘာသာရပ်များကို ပို့ချပေးခဲ့သည့်အတွက် အရာရှိကြီးများအနေဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာမှတ်သားခဲ့ကြရကြောင်း၊ ဇူလိုင် ၁၀ ရက်တွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့ကသိရှိအောင် ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ နိုင်ငံ့ဝန်ထမ်းများအတွက် အချက် ၁၀ ချက်ကို မွက်ကြားခဲ့ရာ လုပ်ငန်း လမ်းညွှန်အဖြစ်ခံယူကာ လိုက်နာကျင့်ကြံဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်မှုရရှိရေးနှင့် နယ်ပယ်စုံစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သူများဖြစ်ရာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အဖြေရှင်းနိုင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိအောင် ခေတ်စနစ်နှင့်အညီ အကောင်အထည်ဖော်ကြရသူများဖြစ်ရာ ပြည်သူ၏ ယုံကြည်ကိုးစားမှုခံယူထိုက်သူများဖြစ်အောင် ဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) EU (GOPA)၊ မလေးရှားနိုင်ငံ EDS Business School / Akamai University USA မှ ပညာရှင်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြစ်သည့် YCTC Business၊ Institute၊ Business Innovation Facility တို့မှ ပညာရှင်များက ရက်သတ္တ ရှစ်ပတ်ကြာ ပို့ချခဲ့ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ယင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ပြည်သူ့ဝန်ထမ်း အကယ်ဒမီကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးအဆင့် အဆင့်မြင့်အရာတန်းသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်အခမဲ့ဖြန့်ဝေ

**ထားဝယ် ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် လတ်တလောဖြစ်ပွားနေသည့် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) နှင့် ရာသီတုပ်ကွေး (H1N1) ရောဂါကို ပြည်သူများ ကြိုတင်သတိပြုကာကွယ်နိုင်စေရန်အတွက် ယနေ့နံနက် ၈ နာရီက ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေးကြီးတွင် ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **(ခရိုင် ပြန် / ဆက်)**

# တစ်နေ့လျှင် ကျောက်စိမ်းအတွဲပေါင်း ၁၁၀၀ အား အိတ်ပိတ် တင်ဒါဖြင့် ရောင်းချပေးမည်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေသော (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ယခင်ပြပွဲများထက် ပြပွဲတက်ရောက်သူများပြားပြီး ပြည်တွင်း၊ ပြည်ပကျောက်မျက်ရတနာကုန်သည်များ တစ်နေ့ထက်တစ်နေ့ ပို၍ စည်ကားလာနေသည်။

ယခုအကြိမ် ကျင်းပသောပြပွဲသို့ ပြည်ပကျောက်မျက်ကုန်သည် ၃၅၀၀ ခန့်၊ ပြည်တွင်းကျောက်မျက်ကုန်သည် ၁၆၀၀ ခန့် စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ဝယ်ယူရန်အတွက် လာရောက်ကြကြောင်း သိရသည်။ ဩဂုတ် ၆ ရက်မှ စတင်၍ တစ်နေ့လျှင် ကျောက်စိမ်းအတွဲပေါင်း ၁၁၀၀ အား အိတ်ပိတ်တင်ဒါဖြင့် ရောင်းချပေးမည်ဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပကုန်သည်များ အပြိုင်အဆိုင် ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုပြပွဲ၌ တင်ပြရောင်းချထားသော ကျောက်စိမ်းအတွဲများ ၏ ကြမ်းခင်းဈေး ယူရို ၄၀၀၀ မှ တန်ဖိုးအမြင့်ဆုံးဖြင့် သော ကျောက်စိမ်းအတွဲ lot.No 4958 အလေးချိန် 64 Kg သည် ကြမ်းခင်းဈေး ယူရိုငွေ ၁၂ သန်းအထိရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာသွားမည်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၄**


ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးအား ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ၎င်း၏နေအိမ်၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်အနေဖြင့် ကိုရီးယားကျွန်းဆွယ်နှင့် အာရှအရှေ့ဖျားတည်ငြိမ်အေးချမ်းမှုကို လိုလားပါကြောင်း၊ နျူကလီးယားအင်အားသုံးမှုနှင့် အင်အားပြခြိမ်းခြောက်မှုများကို ဆန့်ကျင်ပါကြောင်း၊ ဒေသအတွင်းနှင့် ကမ္ဘာ့တည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များကို မိမိတို့အနေဖြင့် လုပ်ဆောင်မည်မဟုတ်ပါကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကိုလည်း လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA အား အထူးကိုယ်စားလှယ်အဖြစ် စေလွှတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် အစွမ်းကုန်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန်ဆက်ဆံမှုတွင် ဘက်ပေါင်းစုံမှ တိုးတက်မှုများကို တွေ့မြင်နေရကြောင်း၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်သည် မိမိတို့၏ ခိုင်မာသည့်မူဝါဒဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် တိုးမြင့်လာမည်ဟု ယုံကြည်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်မြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံ ဆွေးနွေးမှုသည် ဂျပန်နိုင်ငံအစိုးရအဖွဲ့သစ် ပြောင်းလဲဖွဲ့စည်းပြီးနောက် ပြည်ပခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှု တစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဒေသစံတော်ချိန် ည ၇ နာရီတွင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE က Kaito Kaku ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



## နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၃ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့် အဖွဲ့အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ၌ တပ်မတော်၏ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်နေသည့် Two Plus Two အစည်းအဝေးနှင့်ပတ်သက်၍ အောင်မြင်မှုအပေါ် ထိရောက်သောဆက်သွယ်ရေးနှင့် လိုအပ်သလို နှစ်ဖက်ဆွေးနွေးမှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သင့်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ဇူလိုင် ၂၁ ရက်မှ ယနေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလူနာ ၃၃၆ ဦးတွင် H1N1 ပိုးတွေ့လူနာ ၁၃၂ ရှိပြီး ထပ်မံသေဆုံးမှုမရှိ

**နေပြည်တော် ဩဂုတ် ၄**

ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 သံသယလူနာ ၃၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၂၂ ဦး ထပ်မံတွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၃၃၆ ဦးရှိခဲ့ရာ ၎င်းတို့အနက် H1N1 ပိုးတွေ့လူနာ ၁၃၂ ဦးရှိပြီး သေဆုံးသူ စုစုပေါင်း ၁၄ ဦးရှိကြောင်း၊ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် H1N1 ပိုးတွေ့အတွင်းလူနာ ၂၇ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၃၅ ဦး စုစုပေါင်း ၆၂ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ယနေ့အထိ ဆေးရုံတက်ရောက်ကုသရသော H1N1 ပိုးတွေ့အတွင်းလူနာများအနက် ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းလူနာ ၄၅ ဦး ရှိခဲ့ကြောင်း။

ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဒေသများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန်၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်၊ ညောင်တုန်း၊ ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးမြို့နယ်တို့တွင် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များသည် ဇူလိုင် ၂၄ ရက်မှစ၍ ပိုးတွေ့လူနာများနေထိုင်ရာ ရပ်ကွက်/ကျေးရွာများအတွင်းရှိ နေအိမ်များသို့သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်း၊ အတူနေထိုင်သူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးခြင်း၊ လူနာအိမ်နှင့် အနီးပတ်ဝန်းကျင်အိမ်များတွင် ဖျားနာလူနာများ ရှိ/ မရှိ စုံစမ်းထောက်လှမ်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း။

ရာသီတုပ်ကွေးရောဂါပိုး Seasonal Influenza A(H1N1) အားဂျပန်နိုင်ငံရှိ National Institute of Infectious Disease ဓာတ်ခွဲခန်းသို့ မျိုးရိုးဗီဇပြောင်းလဲမှု ရှိ-မရှိ၊ ပုံမှန်တုပ်ကွေးရောဂါပိုး ဟုတ်-မဟုတ်၊ ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့် မျိုးပေါင်းစပ်မှု ရှိ-မရှိ ပေးပို့စစ်ဆေးခဲ့ရာ ရောဂါပိုးမှာ တစ်ကမ္ဘာလုံးပုံမှန်ပျံ့နှံ့သည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး ပုံမှန်ကုသသည့် Antiviral ဆေးများအား ၉၅% မှ ၉၈% ထိ တုံ့ပြန်မှုရှိသည်ကို တွေ့ရှိရကြောင်း။

အထူးသဖြင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည် ရောဂါရှိသူများနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ အထူးသတိပြုလိုက်နာကြရန်လိုအပ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မြန်မာ့မီးရထားမှ ရန်ကုန်- မန္တလေး ပထမဆုံးကွန်တိန်နာရထား ယနေ့စတင်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားနှင့် Kerry Resources Transport Limited (KRTL) တို့ ပူးပေါင်း၍ ရန်ကုန်-မန္တလေးလမ်းပိုင်း ပထမဆုံးကွန်တိန်နာရထား အကောင်ထည်ဖော် စတင်ပြေးဆွဲမည့် အခမ်းအနားကို ရန်ကုန်မြို့ဆိပ်ကမ်းမြို့နယ် ဝါးတန်းကုန်ရုံ၌ ယနေ့ညနေ ၄ နာရီတွင် ကျင်းပသည်။

“ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ဒီညနေ ကွန်တိန်နာရထား စတင်ပြေးဆွဲပေးရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတကာမှာလည်း ခေတ်နဲ့လျော်ညီစွာပဲ ကွန်တိန်နာရထားတွေ ပြေးဆွဲပေးနေပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံမှာ လုပ်နေတဲ့စနစ်က ပြည်ပကရောက်လာတဲ့ ကုန်သေတ္တာကို ဖောက်တယ်။ အိတ်တွေကိုချ ကားပေါ်တင်တယ်။ အလုပ်သမားနဲ့ တစ်အိတ်ချင်းထမ်းတင်ရတယ်။ အလားတူပဲ ရထားဘူတာရုံရောက်တဲ့အခါ တစ်အိတ်ချင်းထမ်းပြီးတော့ ရထားတွဲတွေပေါ် တင်ရတယ်။ အခုကတော့ ကွန်တိန်နာကို သင်္ဘောဆိပ်ကနေ တိုက်ရိုက်တင်လိုက်ရုံပဲဆိုတော့ အချိန်ကုန်လည်းသက်သာမယ်။ သယ်ယူပို့ဆောင်စရိတ်ငွေကြေးလည်း သက်သာလာမယ်။ ကုန်စည်စီးဆင်းမှုကလည်း ချောမွေ့လာမှာ ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့နိုင်ငံမှာ ကွန်တိန်နာရထားတွေ များများပြေးဆွဲပေးနိုင်လေ မြို့တွင်းဖြတ်သန်းမောင်းနှင်နေတဲ့ ကွန်တိန်နာလျော့ကျသွားပြီး ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလည်း တစ်နည်းအားဖြင့် ဖြေရှင်းပေးရာ ရောက်လာမယ်” ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇)သွားလာပို့ဆောင်ရေးဌာနခွဲမှ ဦးဇော်လွင် (တိုင်းမန်နေဂျာ)က ပြောသည်။

ရန်ကုန်- မန္တလေး ကွန်တိန်နာရထားသည် ရန်ကုန်မြို့မှ အပတ်စဉ် သောကြာနေ့ညနေတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး တနင်္လာနေ့တွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ လတ်တလော တစ်ပတ်တစ်ကြိမ်နှုန်းဖြင့် တစ်လစုစုပေါင်း လေးကြိမ်ပြေးဆွဲပေးသွားမည်ဖြစ်ပြီးကုန်သွယ်စီးဆင်းမှုအရ နောက်ပိုင်းတွင် ခေါက်ရေများထပ်မံတိုးကာ ပြေးဆွဲပေးသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားမှ ရန်ကုန်- မန္တလေး စတင်ပြေးဆွဲပေးသော ကွန်တိန်နာရထား၌ စုစုပေါင်း တွဲဆိုင်း ၁၁ ဆိုင်းပါဝင်ပြီး အဆိုပါတွဲဆိုင်းများတွင် တန်ချိန် ၃၁ တန်အထိ ဝင်ဆံ့နိုင်သောကြောင့် တစ်ခေါက်လျှင် စုစုပေါင်း တန်ချိန် ၃၀၀ ကျော်အထိ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ တွဲဆိုင်းတစ်ဆိုင်းလျှင်လည်း ပေ ၄၀ အရှည်ရှိ ကွန်တိန်နာအကြီးစားများကို သယ်ဆောင်နိုင်ပြီး ပေ ၂၀ ကွန်တိန်နာဆိုလျှင် သတ်မှတ်တန်ချိန်အတိုင်း ထည့်သွင်းထားပါက တွဲဆိုင်းတစ်ဆိုင်းလျှင် ကွန်တိန်နာ နှစ်လုံးအထိ သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ရန်ကုန်- မန္တလေးလမ်းပိုင်း ကွန်တိန်နာ စတင်ပြေးဆွဲခြင်းအခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးဘမြင့်၊ GM ဦးအောင်ဝင်း၊ Kerry Resources Transport Limited (KRTL) မှ ဒါရိုက်တာဦးကျော်သာဦးနှင့် GM ဦးညီထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# တောင်သူများအသုံးမပြု၍ ဌာနမှစိုက်ပျိုးနေသည့် တိုင်းဒေသကြီးခြောက်ခုရှိ လယ်မြေ ၉၉ ကေကျော်ကို စွန့်လွှတ်ပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **သိန်းနီ-ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ နွားကဲ့သို့သော သက်ရှိပစ္စည်း ဖမ်းဆီးရမိမှုအပေါ် အချိန်ကာလမည်မျှ သတ်မှတ်၍မည်သို့သော စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များဖြင့် မည်သည့်လူတန်းစားများကို လေလံတင်ရောင်းချပါသနည်း၊ ဖမ်းဆီးရမိသော နွား ၇၄ ကောင်၏ လေလံတင်ရောင်းချခဲ့သော တန်ဖိုးကို အများပြည်သူမြင်သာအောင် ထုတ်ပြန် ပေးရန်နှင့် အချိုးကျ မည်သို့ခွဲဝေပေးသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည့် နွားထီး ၇၄ ကောင်သည် ပျက်စီးလွယ်သော ပစ္စည်းများ ဖြစ်သဖြင့် လေလံတင်ရောင်းချခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ လေလံတင် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်တွင် ရဲလုပ်ငန်းများဆောင်ရွက်ခြင်းအပါအဝင် ရက်ပေါင်း ၆၆ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပိုင်ရှင်မဲ့သက်သေခံပစ္စည်းများ လေလံတင်ရောင်းချရာတွင် မူလပစ္စည်းပိုင်ရှင်ထံ ရောင်းချခြင်းမပြုရန် လေလံဝယ်ယူသည့် ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ သယ်ယူရောင်းချခြင်းမပြုရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုစေရန် မွေးမြူရေးအစုအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတို့တွင်လည်းကောင်း၊ စားသုံးမှုတွင်လည်းကောင်း အကျိုးရှိမှုကို ရည်ရွယ်ပြီး ရောင်းချပေးရန်ဟူသော ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

နွားတစ်ကောင်လျှင် ငွေကျပ် ၄၆၅၀၀၀ နှုန်းဖြင့် နွားထီး ၇၄ ကောင်အတွက် ငွေကျပ် ၃၄၄၁၀၀၀၀ ရရှိခဲ့ပါကြောင်း၊




ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ ကျင်းပစဉ်

နွားထီး ၇၄ ကောင်အား လေလံတင်ရောင်းချရာတွင် ရရှိသော ငွေကျပ် ၃၄၄၁၀၀၀၀ အနက် အစာ၊ ဆေးအပါအဝင် ရက်ပေါင်း ၆၆ ရက်အတွက် ထိန်းသိမ်းခငွေကျပ် ၅၁၈၀၀၀၀ ကို နွားများအားထိန်းသိမ်းစောင့်ရှောက်ထားသူထံသို့ ပေးချေခဲ့ပြီး ကျန်ရှိသည့် ငွေကျပ် ၂၉၂၃၀၀၀၀ ကို ပြည်ထောင်စုရန်ပုံငွေစာရင်းသို့ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၈၄၆၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်ရန်ပုံငွေစာရင်းသို့ ၃၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၇၆၉၀၀၀ ကိုလည်းကောင်း၊ ရှာဖွေဖမ်းဆီးသည့်အဖွဲ့သို့ ၃၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၇၆၉၀၀၀ ကိုလည်းကောင်း၊ သတင်းပေးသူများသို့ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၈၄၆၀၀၀ ကိုလည်းကောင်း အသီးသီးဖြန့်ဝေပေးသွင်းခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၏ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေများ၊ စားကျက်မြေကို လယ်မြေအဖြစ် ဌာနကအသုံးပြုနေသည့် မြေများမည်မျှရှိပြီး မည်သို့စီမံခန့်ခွဲထားပါသနည်း၊ အဆိုပါမြေများအား မြေမဲ့ယာမဲ့ ဒေသခံများအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေနှင့် စားကျက်မြေများကို လယ်မြေအဖြစ်အသုံးပြုနေသော ကေမည်မျှရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်လယ်မြေ ၂၁၉၂ ဒသမ ၈၆ ကေရှိပြီး ရှေးယခင်ကတည်းက ဌာနမှစိုက်ပျိုးခဲ့သော ဌာနပိုင်မူလလယ်မြေ ၁၂၇၆ ဒသမ ၆၈ ကေ၊ တောင်သူများအသုံးမပြုခဲ့သော လယ်မြေများဖြစ်၍ ဌာနမှတာဝန်ယူစိုက်ပျိုးထားသည့်လယ်မြေ ၉၉ ဒသမ ၆၃ ကေ၊ မြေလွတ်မြေရိုင်းများကို ဌာနအစီအစဉ်ဖြင့် ခုတ်ထွင်အသုံးပြုထားသည့်လယ်မြေ ၁၇၆ ဒသမ ၂၈ ကေနှင့် စားကျက်မြေကို လယ်ယာမြေအဖြစ် ပြောင်းလဲအသုံးပြုထားသည့် လယ်မြေ ၆၄၀ ဒသမ ၂၇ ကေရှိပါကြောင်း။

တောင်သူများအသုံးမပြု၍ ဌာနမှ တာဝန်ယူစိုက်ပျိုးလျက်ရှိသည့် တိုင်းဒေသကြီးခြောက်ခုရှိ လယ်မြေ ၉၉ ဒသမ ၆၃ ကေကို မူလပိုင်ရှင်တောင်သူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် မြေကေ ၃ ဒသမ ၈၂ ကေကို ပြန်လည်စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသော ၉၅ ဒသမ ၈၁ ကေ စွန့်လွှတ်နိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာန၏မူလပိုင်လယ်မြေများနှင့် တောရိုင်းများကိုခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးလုပ်ကိုင်ခဲ့သော ၂၀၉၃ ဒသမ ၂၃ ကေသည် တစ်စုံတစ်ဦးထံမှ သိမ်းယူထားခြင်း မဟုတ်သည့်အတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း။

သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေ ၅၈ ဒသမ ၄၅ ကေရှိပြီး အဆိုပါ လယ်မြေများအနက် ၁၆ ဒသမ ၀၈ ကေကို ၁၉၉၃-၉၄ ခုနှစ်များတွင်လည်းကောင်း၊ ၄၂ ဒသမ ၃၇ ကေကို ၁၉၉၄-၉၅ ခုနှစ်တွင်လည်းကောင်း စားကျက်မြေများမှ လယ်မြေအဖြစ်သို့ ပြောင်းလဲခွင့်ပြုမိန့်ရခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)ရရှိထားပြီး ဖြစ်ပါကြောင်း၊ သထုံမြို့နယ် နောင်ကုလားကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၁/က)ရှိ လယ်မြေ ၇ ဒသမ ၂၆ ကေကို မူလပိုင်ရှင်မှ တောင်းဆိုချက်အပေါ် ညှိနှိုင်းသဘောတူညီချက်အရ ၂ ဒသမ ၂၆ ကေကို မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန် ငါးကေကို လယ်ယာမြေ

*စာမျက်နှာ ၈ သို့*

# ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များကို ပြည်သူများ အသိပညာဗဟုသုတရှာမှီးရာနေရာများ ဖြစ်လာရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်မှ ဘဏ္ဍာငွေရရှိမှုနှင့် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အပေါ်မူတည်ပြီး လူမှုအခြေပြုဗဟိုဌာန (Community Centre)များကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဖြေကြားသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ **နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီး၊ မြို့ငယ်များတွင် ယခင်ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရုံးများနှင့် စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများအဖြစ် စနစ်တကျ ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြန်လည်ရှင်းလင်း ဖြေကြားစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ် သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရုံးပေါင်း ၄၃၄ ရုံးဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များသည် လွှတ်တော်ကိုယ်စားလှယ် ထောက်ပြညွှန်ပြသည့်အတိုင်း ပြည်သူများ အသုံးပြုမှုနည်းပါးခဲ့ပါကြောင်း၊ စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ခြင်း၊ မတည်တံ့ခြင်းသည် သက်ဆိုင်ရာ နေရာအသီးသီးတွင်ရှိသည့် စာကြည့်တိုက်သုံးစွဲသောသူများနှင့် ယင်းပတ်ဝန်းကျင်၌ ရှိသော မိဘပြည်သူများ၊ ရပ်မိရပ်ဖများ စသဖြင့် ရပ်ရွာကို ဦးဆောင်သည့် ပုဂ္ဂိုလ်များက စာကြည့်တိုက်များအပေါ် မည်မျှစိတ်ပါဝင်စားသည် အားပေးကူညီမှုနှင့် စောင့်ရှောက်မှုရှိသည့်အပေါ်တွင်လည်း အများကြီးမူတည်ပါကြောင်း။

ယခုအခါတွင် ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များကို ပြည်သူများ အကျွမ်းတဝင် ဝင်ထွက်သွားလာသည့်နေရာများ၊ ပြည်သူများ အသိပညာဗဟုသုတရှာမှီးရာနေရာများ ဖြစ်လာရန်အတွက် ကြိုးစားစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် ခရိုင်နှင့် မြို့နယ်ရုံးများကို ရပ်ရွာလူထု တွေ့ဆုံဆက်ဆံရာ လူမှုအခြေပြုဗဟိုဌာန (Community Centre) များ အဖြစ်လည်းကောင်း၊ စာကြည့်တိုက်များကို သက်ဆိုင်ရာ ဒေသအသီးသီးတွင်ရှိသည့် ရပ်ရွာလူထု၏ အသိပညာလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် Community Library များ အဖြစ်လည်းကောင်း ပြောင်းလဲဖော်ဆောင်နိုင်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံးနှင့် ပျဉ်းမနားမြို့နယ်ရုံးများအား Community Centre များအဖြစ် တိုးမြှင့်နိုင်ရန်အတွက် သင်တန်းများ၊ ဟောပြောပွဲများ၊ အစည်းအဝေးများ ကျင်းပနိုင်သော ခန်းမများနှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထားရှိသည့် အပြင် ရွှေ့လျားစာကြည့်တိုက်များကို တွဲဖက်ထားရှိနိုင်မှုကြောင့် ယခင်က ခရိုင်နှင့် မြို့နယ်ရုံးစာကြည့်တိုက်များသို့ လာရောက်၍ စာငှား၊ စာဖတ်မပြုနိုင်သော ပြည်သူများအား Book Mobile ဟုခေါ်သည့် စာအုပ်မော်တော်ယာဉ်များဖြင့် လှည့်လည်ငှားရမ်းခြင်းကို ဆောင်ရွက်ပေးနိုင်ပြီး ဖြစ်ပါကြောင်း။




အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ ကျင်းပစဉ်

ထို့အတူ Shanti Volunteer Association နှင့်ပူးပေါင်းပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း ရွှေ့လျားစာကြည့်တိုက်အဖြစ် သုံးဘီးဆိုင်ကယ်များဖြင့် စာအုပ်စာစောင်များကို လှည့်လည်ငှားရမ်း ဆောင်ရွက်ပေးနေသည့်အပြင် အချို့မြို့နယ်များတွင် စာအုပ်များအား ဆိုင်ကယ်နှင့်တင်ပြီး ကျေးရွာများအရောက် လိုက်လံပို့ဆောင် ငှားရမ်းပေးနေပါကြောင်း။

Community Centre များနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် မြစ်ကြီးနား ခရိုင်ရုံးအား အဆောက်အအုံအပါအဝင် လုပ်ငန်းအစီအစဉ်များပါ ပိုမိုခေတ်မီသော Community Centre တစ်ခုအဖြစ် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ မန္တလေး ခရိုင်ရုံးနှင့် ဘားအံခရိုင်ရုံးများအား အလားတူ ပိုပြင်သော Community Centre များဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Community Centre (လူမှုအခြေပြုဗဟိုဌာန) ဆိုသည်မှာ အများပြည်သူတို့ ဆုံတွေ့ကာ သတင်းအချက်အလက် ဖလှယ်ရာနေရာ၊ ရပ်ရွာလူမှုရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို စုပေါင်းဆွေးနွေးဆောင်ရွက်ရာနေရာ၊ လူငယ်အသင်းအဖွဲ့များ၊ အမျိုးသမီးအသင်းအဖွဲ့များ စသည့် ရပ်ရွာအသင်းအဖွဲ့ အမျိုးမျိုးဆုံစည်းရာနေရာ၊ ဆွေးနွေးတိုင်ပင်ရာ၊ အစည်းအဝေးကျင်းပနိုင်ရာနေရာ၊ လူငယ်များအတွက် အသိပညာဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးရာနေရာ၊ လူကြီး၊ လူလတ်၊ လူငယ်နှင့် ကလေးများအတွက် စာကြည့်တိုက်၊ IT ခန်း၊ အားကစားခန်း၊ အစည်းအဝေးခန်း စသဖြင့် ဘက်စုံကိစ္စရပ်များအတွက် နေရာထိုင်ခင်းနှင့် ပစ္စည်းကိရိယာများ စီစဉ် ခင်းကျင်းပေးထားရာနေရာ ဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်ပြီးသည့် Community Centre များတွင် အထက်ပါအစီအစဉ်များအား တစ်နေ့တခြား တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အစီအစဉ်များအား ပီပီသသ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ၊ ယင်းစင်တာများသည်ပြည်သူလူထု အသိပညာဖွံ့ဖြိုးတိုးတက်ရေး၊ မိမိရပ်ရွာဒေသနှင့် မိမိနိုင်ငံ၏ အရေးကိစ္စများတွင် ပြည်သူများ စိတ်ပါဝင်စားမှုတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်စဉ်၌ လူထုပါဝင်မှုတိုးတက်ရေးအတွက် အထောက်အကူပြုသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ရုံးပေါင်း ၄၃၄ ရုံး ဖွင့်လှစ်ထားပြီး ယင်းရုံးများနှင့် စာကြည့်တိုက်များအား ပြန်ကြားရေးဝန်ကြီးဌာန၏ အစဉ်အလာ တာဝန်များဖြစ်သည့်

*စာမျက်နှာ ၈ သို့*



# သာကေတမြို့နယ်တွင် ၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံဖွင့်လှစ်

**နေပြည်တော် သြဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း တည်ဆောက်ထားသော ၂၅ မဂ္ဂါဝပ် (Trailer Mounted Duel Fuel Generator TM 2500) ဓာတ်အားပေးစက်ရုံဖွင့်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသို့ စက်ရုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၅ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ယခု ၂၅ မဂ္ဂါဝပ်ဓာတ်အားပေးစက်ကို တပ်ဆင်ထားခြင်းအားဖြင့် ဓာတ်အားထုတ်လုပ်မှု လိုအပ်ချက်ကို အရေးပေါ်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း။

၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀၀ အထိ ထုတ်လုပ်ပေးနိုင်ရန် ရည်မှန်းထားရှိပြီး နှစ်အလိုက် တည်ဆောက်ပြီးစီးမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများမှ ၂၀၁၈ ခုနှစ်တွင် မဂ္ဂါဝပ် ၂၅၀ ခန့်နှင့် ၂၀၂၁ ခုနှစ်တွင် မဂ္ဂါဝပ် ၉၅၀ ခန့် ထပ်မံထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် လာမည့်နှစ်များတွင် လျှပ်စစ်ဓာတ်အား လိုအပ်မှုများအပေါ် ပြည့်ဝစွာ ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တစ်ဝက်ခန့်ကို ရန်ကုန်တိုင်းဒေသကြီးက သုံးစွဲလျက်ရှိပြီး ယခု ၂၀၁၇ ခုနှစ်တွင် မဂ္ဂါဝပ် ၁၃၀၀ အထိ အမြင့်ဆုံးသုံးစွဲခဲ့ကာ ၂၀၁၈ ခုနှစ်တွင် မဂ္ဂါဝပ် ၁၇၀၀ ခန့်အထိ တိုးတက်သုံးစွဲလာမည်ဟု မျှော်မှန်းထားရှိပါကြောင်း၊ တိုးတက်သုံးစွဲလာသည့် ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ၂၅ မဂ္ဂါဝပ် (Trailer Mounted Duel Generator TM 2500) ဓာတ်အားပေးစက်ရုံအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော်ပြက္ခဒိန် အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်များကို နှစ်စဉ်ဖြန့်ချိပေးလျက်ရှိ

**နေပြည်တော် သြဂုတ် ၄**

နိုင်ငံတော်အစိုးရက ၁၉၅၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သော " ပြည်ထောင်စုမြန်မာနိုင်ငံတော်လုံးဆိုင်ရာ ပြက္ခဒိန်တော်ဆက်အဖွဲ့" ကို ၁၉၆၂ ခုနှစ်တွင် "နိုင်ငံတော်ပြက္ခဒိန်အကြံပေးအဖွဲ့" ဟု ပြောင်းလဲသတ်မှတ်ပြီး ပြက္ခဒိန်ပညာရပ်တွင် နှံ့စပ်ကျွမ်းကျင်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ညှိနှိုင်းတွက်ချက်ကာ " မူမှန်ပြက္ခဒိန်"အဖြစ် နှစ်စဉ်ထုတ်ပြန်ဖြန့်ချိလျက်ရှိသည်။

ယခင်က အများပြည်သူသုံး ပြက္ခဒိန်ထုတ်ဝေဖြန့်ချိခြင်းအတွက် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို ဝယ်ယူမှတ်ပုံတင်ပြီးကြောင်း အထောက်အထားဖြင့် စာပေစိစစ်ရေးက အများပြည်သူသို့ ထုတ်ဝေဖြန့်ချိရန် ခွင့်ပြုခဲ့ကြောင်း။

မူမှန်ပြက္ခဒိန်သည် ဝါဆို၊ ဝါကပ်၊ လထပ်၊ ရက်ငင်များအတွက် လည်းကောင်း၊ နိုင်ငံတော်က တရားဝင်ထုတ်ပြန်သော ပြန်တမ်းဝင် ပိတ်ရက်များအတွက် လည်းကောင်း၊ နှစ်စဉ်နှစ်တိုင်း အများပြည်သူ ရှင်လူအပေါင်း တညီတညွတ်တည်း လိုက်နာအသုံးပြုရန်အတွက် လည်းကောင်း အထူးအရေးပါသည့် လမ်းညွှန်မှုဖြစ်ခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို ကိုးကားခြင်းမပြုဘဲ မိမိတို့အစီအစဉ်ဖြင့် ရေးဆွဲထုတ်ဝေနေသောကြောင့် ဝိဝါဒကွဲလွဲနိုင်သည့် မူကွဲမူလွဲပြက္ခဒိန်များ ပေါ်ပေါက်လာနိုင်ပြီး မူကွဲမူလွဲ ပြက္ခဒိန်များကြောင့် အများပြည်သူရှင်လူအပေါင်းအတွက် မလိုလားအပ်သော အငြင်းပွားဖွယ်ရာများ၊ နစ်နာမှုများ ပေါ်ပေါက်လာနိုင်ကြောင်း။

သို့ဖြစ်၍ ရဟန်းရှင်လူပြည်သူအကျိုးရှေးရှုလျက် နိုင်ငံတော်မှ တရားဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ ရှေးအစဉ်အဆက် တွက်ရိုး၊ နည်းနာများအတိုင်း တွက်ချက်ထားသော မူမှန်ပြက္ခဒိန်ကိုသာ မှီငြမ်းကိုးကား၍ ပြက္ခဒိန်များ ထုတ်ဝေဖြန့်ချိသင့်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ရှုပ်ထွေးဆားဗစ်ဝိုင်ယာကြိုးများ ရှင်းလင်း

**ရန်ကုန် သြဂုတ် ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမတစ်လျှောက် အထပ်မြင့်တိုက် ၃၆ တိုက်ရှိ ရှုပ်ထွေးဆားဗစ်ဝိုင်ယာကြိုးများကို သြဂုတ် ၃ ရက်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာ အဖွဲ့ဝင် (၂) ဦးရန်လင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (စီမံ) ဦးခိုင်ဇော်ငြိမ်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ (အင်/ယာ) ဦးစန်းလွင်တို့ဦးစီး၍ ဌာနပစ္စည်းများဖြင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ စုစုပေါင်းဝန်ထမ်း ၁၀၄ ဦးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

### *ပြည်သူ့လွှတ်တော်မှ*

အခြားအသုံးပြုခွင့်လျှောက်ထားပြီး အုပ်ချုပ်ရေးဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်လျာထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံး၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီးနှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဇေသန်းတို့၏ ဒဂုံမြို့နယ်တွင် မီးသတ်စခန်းတည်ဆောက်ပေးရေး၊ အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေခြင်းကိုလျှော့ချရန် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရေး၊ ကလေးမြို့အား မြို့မြေတိုင်းထွာသတ်မှတ်ပေးရေး၊ ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အရေးယူဆောင်မှုအခြေအနေဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တံ့တေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် တင်သွင်းထားသည့် **မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက လွတ်လပ်စွာဝေဖန်ပိုင်ခွင့်၊ ထုတ်ဖော်ပိုင်ခွင့်၊ ဆန္ဒပြပိုင်ခွင့်များရှိနေသည့်အခါတွင် အသိဉာဏ်ကြွယ်ဝပြီး အမှား၊ အမှန်ကိုပိုင်းခြားတတ်မှသာလျှင် မှန်ကန်သည့်ဝေဖန်မှု၊ ထောက်ပြမှု၊ ဆန္ဒပြမှုများဖြစ်လာမည်ဖြစ်ပါကြောင်း၊ လူငယ်များကို စာကြည့်တိုက်များသို့ရောက်အောင် ဆွဲဆောင်ရန်လိုပါကြောင်း၊ စာကြည့်တိုက်များတွင် အသက်အရွယ်အပိုင်းအခြားအလိုက် စာအုပ်မျိုးစုံထားရှိသင့်ပါကြောင်း၊ ထို့ပြင် စာဖတ်ခန်း၊ ဆွေးနွေးခန်းများပြုလုပ်ပေးပြီး လူငယ်များကိုဆွဲဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းက အစိုးရတစ်ရပ် အောင်မြင်ရန်၊ စနစ်တစ်ခု အောင်မြင်ရန် အရေးကြီးသည့် မဏ္ဍိုင်ကြီး သုံးရပ်၏ အပြန်အလှန် ထိန်းညှိဆောင်ရွက်ရုံဖြင့် မလုံလောက်ပါကြောင်း၊ ပြည်သူများက မိမိတို့ရွေးချယ်လိုက်သည့်အစိုးရ အမှန်တကယ်အောင်မြင်အောင်၊ စနစ်တစ်ခု အမှန်တကယ်အမြစ်တွယ်ခိုင်မာအောင် မည်သို့ပံ့ပိုးပေးနိုင်မည်ဆိုသည့် ဝေဖန်မှုနှင့် ဆင်ခြင်တုံတရား ရှိနေရန်လိုအပ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ လွတ်လပ်စွာ တွေးခေါ်မြော်မြင်ရှင်သန်ပိုင်ခွင့်ကိုပံ့ပိုးပေးရန် အစိုးရတွင်တာဝန်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် သြဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**

### *အမျိုးသားလွှတ်တော်မှ*

ပြန်ကြားပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို Community Centre, Community Library အဖြစ် တိုးမြှင့်ဆောင်ရွက်ရန် စနစ်တကျ လုပ်ဆောင်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၏ **သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအုပ်စုရှိ မကျီးကွင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်မူမှာ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးနှင့် အထက်ရှိရန် သို့မဟုတ် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် ခရီးအကွာအဝေး (၁၀)မိုင်အထက် ကွာဝေးခြင်းတို့ဖြစ်ပါကြောင်း။

လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၂၃၇ ဦးရှိပြီး ပင်မကျောင်းနှင့် ကုန်းလမ်းခရီး ၇ မိုင် ကွာဝေးသည်ကို တွေ့ရှိရပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသည့်အတွက် လာမည့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာဝင်းမြင့်၏ **မိုးညိုမြို့နယ် ပတ္တော်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းကို ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မိုးညိုမြို့နယ် ပတ္တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတည်နေရာသည် စာစစ်ဌာနအသစ်အဖြစ် ဖွင့်လှစ်ခွင့်ပြုရန် အရေးကြီးဆုံးဖြစ်သည့် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၊ ရဲစခန်းနှင့် မီးခံတိုက် (Vault)တို့မရှိသည့်အတွက် စာစစ်ဌာနအဖြစ် ဖွင့်လှစ်ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း၊ စာစစ်ဌာန အသစ်ဖွင့်လှစ်ခွင့်ပြုရေးနှင့်ပတ်သက်ပြီး အဆိုပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေဖြင့် ပညာရေးဝန်ကြီး စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်ပေးရပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို ကော်မတီအဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)နှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က အကြံပြုဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက ကော်မတီအနေဖြင့် ယခင်သတ္တုတွင်းဝန်ကြီးဌာန၏ ရွှေကြွေးကျန်ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်နေမှုများကို အလေးထားစောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နိုင်ငံ၏ သစ်တောသယံဇာတ ထိန်းသိမ်းရေးအပိုင်းတွင် အားနည်းချက်များရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးရန် လိုအပ်ပါကြောင်း၊ အလားတူ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်ပေးရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား အကြံပြုတိုက်တွန်းသင့်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးကျော်သီဟက လွှတ်တော်သို့ အဆိုတင်သွင်းပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို သြဂုတ် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော် (သတင်းစဉ်)**

# အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "the woman her age of fourteen years" ဆိုသည့်စကားရပ်ကို "the woman her age of fifteen years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"3. The President of the Union may appoint Registrars-General of Marriages and Registrars of Marriages, for specified areas in the Republic of the Union of Myanmar, under this Act. The area for which any such Registrar of Marriages is appointed shall be deemed to be his district."

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော (other than a Court of Small Causes)" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော "not exceeding one thousand kyats" ဆိုသည့်စကားရပ်ကို "not exceeding one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" ဆိုသည့်စကားရပ်ကို "Registrar- General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား "DECLARATION TO BE MADEBY THE BRIDE" ၏ အမှတ်စဉ် ၃ တွင်ပါရှိသော "age of fourteen years" ဆိုသည့်စကားရပ်ကို "age of fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ် ၃ ရက် ညနေပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်သည် အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးသည်။

ရာသီတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံ၌ ပထမဆုံး ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံ ပြည်သူများအကြား ဒီမိုကရေစီထွန်းကားရေး ရည်ရွယ်ကျင်းပမည့် မြန်မာ့ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲကြီးကို ယခုဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် အောက်မြန်မာပြည် ရန်ကုန်နှင့် အထက်မြန်မာပြည် မန္တလေးတို့၌ နှစ်နေရာခွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲနှင့် ပတ်သက်ပြီး ဦးဆောင်စီစဉ်သူ ဦးဇာဂနာက "မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ရက်သတ္တပတ်ဆိုပြီးတော့ မနှစ်ကစခဲ့တယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ရုပ်ရှင်ဇာတ်ကား ငါးကားရိုက်မယ်။ တစ်နိုင်ငံလုံးကို တစ်ပြိုင်နက်တည်းပြမယ်။ ပြမယ့်ရက်ကို သတ်မှတ်တဲ့အခါမှာ ကမ္ဘာ့ဒီမိုကရေစီနေ့ဖြစ်တဲ့ စက်တင်ဘာ ၁၅ ရက် (ဒီမိုကရေစီနေ့)မှာ ရုပ်ရှင်စတင်ပြသပြီး စက်တင်ဘာ ၂၁ ရက်(ငြိမ်းချမ်းရေးနေ့)မှာ ပြပွဲပိတ်မယ်ဆိုပြီး ရည်မှန်းချက်နဲ့စခဲ့တာပါ။ ဒါပေမယ့် လေးကားတောင် မနည်းရိုက်နေရပါတယ်။ အဲဒီအချိန်မှာ စိတ်ကူးရခဲ့ပါတယ်။ လူထုနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အငြိမ့်ပြိုင်ပွဲလုပ်ကြရအောင် ဝိုင်းတိုင်ပင်ခဲ့ပါတယ်။ အထူးသဖြင့် အခြေခံလူလတ်တန်းစားကို တိုက်ရိုက်ထိအောင် လုပ်ပေးနိုင်တာက အငြိမ့်ပဲ။ အငြိမ့်ကနေတစ်ဆင့် ဒီမိုကရေစီစံနှုန်းတွေကို ပြောလိုက်မယ်ဆိုရင် တိုက်ရိုက်ထိမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အငြိမ့်ပြိုင်ပွဲကို ကျင်းပဖို့ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ကို သွားမယ်ဆိုရင် တစ်ခုတည်းပါပဲ၊ ကိုယ်လုပ်မှကိုယ်ရမှာဖြစ်ပါတယ်။ ဘာကိုမှ မျှော်နေလို့မရပါဘူး။ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမှာပါ။ ဒါကိုပြည်သူတွေစိတ်ထဲ ရောက်သွားစေချင်ပါတယ်။ ကိုယ်တိုင်လုပ်မှ ကိုယ်တိုင်ရမယ်ဆိုတဲ့ ဒီမိုကရေစီစိတ်ကလေး ပြည်သူများအကြား ရသွားစေချင်လို့ အခုလိုအငြိမ့်ပြိုင်ပွဲကို လုပ်ဆောင်တာဖြစ်ပါတယ်"ဟု ယနေ့ကျင်းပသော မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည့် အငြိမ့်ပြိုင်ပွဲကြီးကို ယခုဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ ရန်ကုန်အမျိုးသားကဇာတ်ရုံနှင့် မန္တလေးအမျိုးသားကဇာတ်ရုံတို့၌ အုပ်စုပွဲစဉ်များအဖြစ် ကျင်းပသွားမည်ဖြစ်ပြီး ယင်းနှစ်နေရာမှ အကောင်းဆုံးပြိုင်ပွဲဝင် အသင်းသုံးသင်းစီကို ရွေးချယ်သွားမည်ဖြစ်ကာ နောက်ဆုံး ဖိုင်နယ်ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် လတ်တလောတွင် အောက်မြန်မာပြည်မှ အသင်း ၂၁ သင်းဝင် ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်မှ အသင်း ၁၃ သင်းစုစုပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒီမိုကရေစီနေ့မှာ ပထမရုပ်ရှင်ရက်သတ္တပတ် ဆောင်ရွက်ဖို့ကနေပြီး နောက်ပိုင်းမှာ ရုပ်ရှင်၊ ဂီတ၊ သဘင် အားလုံးပြည့်စုံအောင် ပါဝင်လာရင်တော့ ပိုစည်ကားသိုက်မြိုက်မယ်။ မြန်မာပြည်သူလူထုတွေရဲ့ ရှေးယခင်ကတည်းက ကြိုက်နှစ်သက်ခဲ့တဲ့ ပွဲတော်တွေထဲမှာလည်းပါတဲ့ အငြိမ့်ပွဲတစ်ခုကို ထည့်သွင်းနိုင်ခဲ့ရင် ပိုမိုထိရောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခုလို ဒီမိုကရေစီ အငြိမ့်ပြိုင်ပွဲမှာ အခြေအနေတစ်ရပ်ပေါ်မူတည်ပြီး နှစ်စဉ်ပါဝင်ဆောင်ရွက်သွားဖို့ရှိသလို မြန်မာတစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ ဒီမိုကရေစီပွဲနဲ့ပတ်သက်ပြီး မြန်မာ့ဒီမိုကရေစီပွဲတော်မှာ ပရိသတ်တွေ TV ဖန်သားပြင်ပေါ်က ကြည့်ရှုနိုင်အောင်လည်း စီစဉ်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည့် ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲတွင် အဓိကပါဝင်ကူညီထောက်ပံ့ပေးခဲ့သော Forever Group မှ ဦးသိန်းထွန်းအောင် (Forever Group အကြံပေး) က ပြောသည်။

ယင်းပြိုင်ပွဲတွင် ဒိုင်များအဖြစ် သဘာရင့် အငြိမ့်မင်းသမီးကြီးများဖြစ်သော ရွှေလိပ်ပြာ၊ ဒေါ်အေးကြည်၊ ဒေါ်နန်းခင်မွှေး၊ ဒေါ်ခင်မာချို၊ ဒေါ်သီတာဝင်း၊ ဒေါ်နုနုစိန်၊ ဆိုင်းပညာရှင် သီရိမောင်မောင်၊ မွန်ပြည်နယ် ဦးကိုကိုနိုင်၊ ဂီတဦးညွှန့်နိုင်နိုင် စသည်ဖြင့် နာမည်ကြီးအနုပညာရှင်ကြီးများက အကဲဖြတ်အမှတ်ပေးကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆုများအနေဖြင့် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုသုံးဆု၊ အကောင်းဆုံးမင်းသမီးဆု၊ အကောင်းဆုံးလူရွှင်တော်ဆု၊ အကောင်းဆုံးဆိုင်းအဖွဲ့ဆုနှင့် ပရိသတ် Voating ပေးသော အကောင်းဆုံးအသင်းဆု စုစုပေါင်း ၁၀ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပြီး လတ်တလောအနေဖြင့် ပထမဆုကို ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုကို ငွေကျပ်သိန်း ၃၀ နှင့် တတိယဆုကို ငွေကျပ်သိန်း ၂၀ လျာထားသော်လည်း စပွန်ဆာရရှိမှုပေါ်မူတည်၍ ပိုမိုချီးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# သန်လျင်၌ H1N1 သံသယရှိသူ ကလေးငယ်တစ်ဦး ဆေးကုသမှု ခံယူစစ်ဆေးလျက်ရှိ

**သန်လျင် ဩဂုတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကွက်သစ် (၃) နိဗ္ဗာန်လမ်း ကျူးကျော်၌ နေထိုင်သည့် ဦးအောင်အောင်နှင့် ဒေါ်ကြည်ဝင်းတို့၏ သားသမီးငါးဦး အနက်မှ အသက် တစ်နှစ်နှင့် ရှစ်လရှိသော မောင်ဖိုးသောကြာမှာ H1N1 ရောဂါသံသယဖြင့် ရန်ကုန်ကလေးဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့၌ နေထိုင်သော မောင်ဖိုးသောကြာ (တစ်နှစ်နှင့်ရှစ်လ)သည် နေမကောင်းသဖြင့် ဩဂုတ် ၁ ရက်က ရန်ကုန်ကလေးဆေးရုံသို့ တက်ရောက်ဆေးကုသနေကြောင်း၊ ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် လက်ယက်စမ်းကျေးရွာအုပ်စု ကျန်းမာရေးဝန်ထမ်းဆရာမ ဒေါ်စန်းစန်းမြင့်က သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။ အဆိုပါကလေးမှာ H1N1 ရောဂါသံသယဖြစ်ပွားနေကြောင်း သိရှိရသဖြင့် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးအဖွဲ့များက အဆိုပါကလေး၏ နေအိမ်သို့ သွားရောက်စစ်ဆေးရာ အဆိုပါနေအိမ်ရှိ ကလေးနှစ်ဦးမှာလည်း ဖျားနာနေ၍ ရန်ကုန်ကလေးဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။ အဆိုပါ လက်ယက်စမ်းကျေးရွာအုပ်စု ကွက်သစ်(၃) နိဗ္ဗာန်လမ်း ကျူးကျော်၌နေထိုင်သော ရောဂါဖြစ်ပွားသံသယရှိနေအိမ်နှင့် ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ကြိုတင်ကာကွယ်ပေးခြင်းများ၊ ကျန်းမာရေးအဖွဲ့များက စောင့်ကြည့်အဖွဲ့များဖြင့် ရောဂါလက္ခဏာ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားပါက အချိန်မီထိန်းချုပ်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများက အနီးကပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ပြင်ဦးလွင်၌ H1N1 တွေ့ရှိသူ လူနာတစ်ဦးသေဆုံး

**ပြင်ဦးလွင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ရာသီတုပ်ကွေးရောဂါ (H1N1) Positive တွေ့ရှိသည့် လူနာတစ်ဦး ယနေ့ နံနက် ၇ နာရီခွဲတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ကျွဲနွားတောက်ကျေးရွာနေသူ ဦးကျော်စွာဝင်း (၄၄ နှစ်) သည် ရာသီတုပ်ကွေးရောဂါ (H1N1) Positive တွေ့ရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ ဖျားနာကုသဆောင်၌ ဇူလိုင် ၃၀ ရက်က တက်ရောက်ကုသခဲ့ပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင်ပြည်သူ့ဆေးရုံတွင် ရုံးအဖွဲ့၊ ဓာတ်ခွဲဌာန၊ ဖျားနာကုသဆောင်၊ မေ့ဆေးဌာန၊ သူနာပြုနှင့် ဝန်ထမ်းများ အလှည့်ကျပါဝင်သော ရောဂါထိန်းချုပ်ရေးအဖွဲ့အားစနစ်တကျဖွဲ့စည်းထားရှိပြီး Isolation ward လေးခန်း ပြင်ဆင်ထားရှိကြောင်း၊ လူနာဆောင်များအတွက် Infection control procedure များ ဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ထမ်းများအတွက် လိုအပ်သော vaccine နှင့် ဆေးဝါးများအား ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာနသို့ သွားရောက်ထုတ်ယူ ကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာပပဝင်းက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရသေ့တောင်မြို့နယ်၌ အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့သူများအား သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

**နေပြည်တော် ဩဂုတ် ၄**

ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာတွင် အကြမ်းဖက်အဖွဲ့အား ငွေကြေးထောက်ပံ့နေသူများကို သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရွာအတွင်းရှိ လူအချို့၏ ဝိုင်းဝန်းတိုက်ခိုက်ခံရကြောင်း သိရသည်။

အမှတ်(၃)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ ရဲမှူးဥက္ကာအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦးသည် ယနေ့နံနက် ၇ နာရီက ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၁) အောက်နန်းရာကျေးရွာတွင် အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးသည့် တရားခံခြောက်ဦးအား ဖမ်းဆီးခေါ်ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် ရွာတွင်းမှ လူစုလူဝေးဖြင့် ဝိုင်းရံခဲ့သဖြင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက လက်နက်ငယ် ၁၅ ချက်ခန့် ခြောက်လှန့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် တရားခံ ခြောက်ဦးအနက်မှ အဒူစောဘူအပါအဝင် နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး နာဆာရူလာ (၃၀ နှစ်)၊ ဟိုင်ဘိုဆောင်း (၂၄ နှစ်)၊ အာမိန်ဟူဆောင်း (၁၉ နှစ်) နှင့် ရာမောက်ဒူလာ(၅၀ နှစ်)တို့ လေးဦးသာ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူလေးဦးနှင့်အတူ အောက်နန်းရာကျေးရွာ စာသင်ကျောင်းသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိပြီး ခေတ္တရပ်နားနေစဉ် ကျေးရွာအတွင်းရှိ လူစုလူဝေး ၃၀၀ ခန့်က ထပ်မံဝိုင်းထားပြီး ကိုက် ၅၀ ခန့်အထိ အနီးကပ် တိုးဝင်ကာ လောက်လေးခွ၊ ဂျင်ကလိ၊ တုတ်၊ ဓားများဖြင့် ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်များက လက်နက်ငယ်အချက် ၅၀ ခန့် လူအုပ်စုအပေါ်ကျော်၍ ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း။

အဆိုပါ လူအုပ်စုကြီးသည် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရွာအနောက်ဘက် စေတီပြင်-အငူမော်သွားကားလမ်းအထိ လိုက်လံတိုက်ခိုက်သော်လည်း ရဲတပ်ဖွဲ့ဝင်များက ထိုးဖောက်၍ ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ



လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်သည့် ဂျင်ကလိပုံ



လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတီပြင်-အငူမော်ကားလမ်းအထိ လိုက်လံတိုက်ခိုက်သည့်ပုံ

မိနစ် ၅၀ တွင် သာယာကုန်းကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း။

ယခုအခါ ရဲတပ်ဖွဲ့ဝင်များသည် ထွက်ပြေးလွတ်မြောက်သွားသည့် တရားခံနှစ်ဦး ပြန်လည်ဖမ်းဆီးရမိရေးအတွက် အောက်နန်းရာကျေးရွာအတွင်း ဝင်ရောက်ရှာဖွေ ရှင်းလင်းလျက်ရှိပြီး တပ်မတော်စစ်ကြောင်းများက ကျေးရွာအပြင်ဘက်မှ ပိတ်ဆို့ရှာဖွေခြင်းများ လုပ်ဆောင်ခဲ့ရာ ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်လာသည့် မသင်္ကာသူ အာလီယာမောက်အား ဖမ်းဆီးရမိခဲ့ကာ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာများမှ ဓားဦးချွန်တစ်ချောင်း၊ သံပိုက်တစ်လုံး၊ ထိပ်ချွန်ဂျင်ကလိများတစ်ခု၊ သစ်သားလေးခွ တစ်လက်၊ သံချောင်းအရှည် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အရေးပေါ်စည်းဝေး

**မောင်တော ဩဂုတ် ၄**

မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အရေးပေါ်အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အစည်းအဝေးတွင် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားရာတွင် ယမန်နေ့က မြို့တိုင်းရင်းသားခြောက်ဦး အကြမ်းဖက် သတ်ဖြတ်ခံရမှုအဖြစ်အပျက်သည် အလွန်ကျယ်ပြန့်သည့် အနေအထားဖြစ်သည့်အတွက် ယခင်က ဖြစ်ပျက်သည့် အဖြစ်အပျက်များနှင့် မတူညီဘဲ ယခုအဖြစ်အပျက်ကို ပိုမိုအလေးထားရန်၊ အနာဂတ်တွင် မိမိတို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်မည့် အစီအမံများအတွက်လည်း အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများအနေဖြင့် အသေးစိတ်ဆွေးနွေးပြီး အစည်းအဝေးတွင် ဆုံးဖြတ်နိုင်သည်ကို ဆုံးဖြတ်ကာ မဆုံးဖြတ်နိုင်သည့် အရေးကြီးသော အချက်အလက်များကို ပြည်နယ်အစိုးရ၊ နိုင်ငံတော်အစိုးရထံ အဆင့်ဆင့်တင်ပြသွားနိုင်ရန်လည်း အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း။

ယခုအဖြစ်အပျက်နောက်ပိုင်းတွင် အကျိုးဆက်များ များစွာဖြစ်ပျက်လာနိုင်ပါကြောင်း၊ ယခုဖြစ်ပျက်သွားသည့်အပေါ်တွင် ထိန်းထိန်းသိမ်းသိမ်း၊ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းတွင် ပိုမိုချိတ်ဆက်ပြီး စည်းစည်းလုံးလုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အားလုံးက တစ်ခုတည်းကို ဦးတည်ပြီးလုပ်မည်ဆိုလျှင် ကွဲပြားစရာရှိမည်မဟုတ်ဟု ယုံကြည်ပါကြောင်း၊ လတ်တလောတွင် တည်ငြိမ်မှုကို ဦးတည်မည်ဆိုလျှင် တည်ငြိမ်မှုကိုသာ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးတို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများသည် အကြမ်းဖက်သတ်ဖြတ်ခံရသည့် မြို့တိုင်းရင်းသားခြောက်ဦး၏ မိသားစုဆွေမျိုးသားချင်းများကို နှစ်သိမ့်အားပေးစကားပြောကြားပြီး မိသားစုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ- အောင်ကျော်စိန်**
**(ခရိုင် ပြန်/ဆက်)**

# ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲခံထားရသူ The Voice Daily အယ်ဒီတာချုပ် အာမခံရ

**ရန်ကုန် ဩဂုတ် ၄**

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခံထားရသူ The Voice Daily အယ်ဒီတာချုပ် ဦးကျော်မင်းဆွေအား ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် တရားရုံး၌ ကိုးကြိမ်မြောက်အဖြစ် ရုံးထုတ်ရာ အာမခံလျှောက်ထားမှုအပေါ် တရားရုံးက အာမခံပေးလိုက်ကြောင်း သိရသည်။

ထိုသို့အာမခံပေးရာတွင် တရားစွဲဆိုထားသော ပုဒ်မများဖြစ်သည့် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) အတွက် ငွေကျပ်သိန်း ၁၀၀ တန် အာမခံနှစ်ဦးနှင့်အတူ သတင်းမီဒီယာ ဥပဒေပုဒ်မ ၂၅ (ခ)အတွက် ငွေကျပ် ၁၀ သိန်းတန် အာမခံနှစ်ဦး စုစုပေါင်း ငွေကျပ်သိန်း ၂၂၀ ကို အာမခံထားရကြောင်း သိရသည်။

အာမခံလျှောက်ထားမှုအပေါ် The Voice Daily အယ်ဒီတာချုပ် ဦးကျော်မင်းဆွေ၏ ဥပဒေအကြံပေး ဦးခင်မောင်မြင့်က "ဒီကနေ့မှာတော့ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၉၇ အပိုဒ်ခွဲ (၁)အရ ကိုးကားပြီး အာမခံလျှောက်ခဲ့ပါတယ်။ အခုလို အာမခံရရှိခဲ့တာဟာ ကျန်းမာရေးအကြောင်းပြချက်အပြင် ၆၆ (ဃ) နဲ့ အမှုဖွင့်ခံထားရပေမယ့် အာမခံရရှိတဲ့ တခြားအမှုတွေနဲ့ တန်းတူအခွင့်အရေး ရသင့်တယ်ဆိုတဲ့ အချက်နှစ်ခုနဲ့ အာမခံပေးလိုက်တာ ဖြစ်ပါတယ်။ ဒါ့အပြင် မကြာသေးခင်ကာလတုန်းက ဆက်သွယ်ရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်မှာ အတည်ပြုလိုက်တဲ့ အချက်တွေနဲ့ပတ်သက်ပြီးတော့လည်း တင်ပြခဲ့တဲ့အတွက်ကြောင့်လည်းပါပါတယ်"ဟု သတင်းမီဒီယာသမားများကို ပြောသည်။

မတ် ၂၆ ရက်ထုတ် The Voice Daily သတင်းစာ စာမျက်နှာ ၂၆ နှင့် ယင်းနေ့ ညပိုင်းတွင် The Voice Daily လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သော "ကျည်ထောင်စု သစ္စာ" သရော်စာ ဆောင်းပါးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး လင်းထွန်းက တရားလိုပြုလုပ်၍ The Voice Daily အယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် စာရေးဆရာ ဖြိုးတိသျှ ကိုကိုမောင် (ဦးကျော်စွာနိုင်) တို့ကို မေ ၁၇ ရက်က ဗဟန်းမြို့မရဲစခန်းတွင် ဆက်သွယ်ရေးဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက ဆက်သွယ်ရေးဥပဒေ ၆၆(ဃ)ဖြင့် အမှုဖွင့်လှစ်၍ တရားစွဲဆိုတင်ပို့ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် သတင်းစာတွင် ဖော်ပြခဲ့သည့်အတွက် သတင်းမီဒီယာ ဥပဒေပုဒ်မ ၂၅ (ခ) ဖြင့် ဦးကျော်မင်းဆွေနှင့် ဆောင်းပါးရှင် ဖြိုးတိသျှ ကိုကိုမောင်တို့ကို ထပ်မံတရားစွဲဆိုထားကြောင်း သိရသည်။ အဆိုပါအမှုကို ဩဂုတ် ၁၇ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် တရားလိုပြသက်သေတစ်ဦးကို ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံမှုတွင် ပါဝင်သည့် သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ဩဂုတ် ၄ ရက်က ရုံးထုတ်လာစဉ် မျိုးမင်းသိန်း(မရမ်းကုန်း)

# မန္တလေးမြို့တွင် ရေမြောင်းအမှိုက်ဆယ်ရာမှ M-16 အမျိုးအစား သေနတ်တစ်လက်တွေ့ရှိ

**မန္တလေး ဩဂုတ် ၄**

မန္တလေး အောင်မြေသာစံမြို့နယ် ၂၂ လမ်းရှိ သင်္ဘောချောင်းအတွင်း ဩဂုတ် ၄ ရက် နံနက် ၇ နာရီခန့်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ အမှိုက်များဆယ်ယူစဉ် စွန့်ပစ်ထားသည့် သေနတ်တစ်လက် တွေ့ရှိခဲ့ကြောင်း အောင်မြေသာစံမြို့နယ်ရဲစခန်းမှ သိရသည်။

"သေနတ်က ကိုယ်ထည်နံပါတ်တွေ၊ ဒင်နံပါတ်တွေ ဖျက်ထားပါတယ်။ သေနတ်တစ်လက်ရဲ့ အင်္ဂါအစိတ်အပိုင်းအလုံးစုံမပါတော့ သုံးမရပါဘူး။ ဘယ်သူလာပစ်တယ်ဆိုတာလည်း စုံစမ်းနေဆဲပါ။ ဒီတိုင်းသိမ်းဆည်းရမိတာဆိုတော့ အမှုတော့မဖွင့်ရသေးဘူး"ဟု မြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသေနတ်ကို တစ်စစီဖြုတ်ပြီး ပုဆိုးဖြင့်ပတ်ကာ ပီနံအိတ်အတွင်းထည့်၍ သင်္ဘောချောင်းအတွင်းစွန့်ပစ်ထားဟန်ရှိကြောင်း၊ သေနတ်အမျိုးအစားမှာ M-16 ဖြစ်ပြီး တစ်စစီဖြုတ်ထားခြင်း၊ အစိတ်အပိုင်းများစုံလင်မှုမရှိခြင်းကြောင့် အသုံးပြု၍ မရနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါသေနတ်အား အောင်မြေသာစံမြို့နယ်ရဲစခန်းမှ ကိုယ်ထည်နံပါတ်နှင့် ဒင်နံပါတ်များဖော်ထုတ်စစ်ဆေးနိုင်ရေးအတွက် မှုခင်းရဲတပ်ဖွဲ့သို့ပို့ဆောင်ပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကော့ကရိတ်-မြဝတီအာရှလမ်းမကြီး၌ ကုန်တင်ယာဉ်တိမ်းမှောက်၍ ယာဉ်မောင်းသေဆုံး

**ကော့ကရိတ် ဩဂုတ် ၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကော့ကရိတ်-မြဝတီအာရှလမ်းမကြီး နတ်စင်ကွေ့အနီး ကီလိုမီတာ ၁၅၄ နှင့် ၁၅၅ အကြားတွင် ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် နံနက် ၁ နာရီခွဲက မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ယာဉ်မောင်း ဝင်းလင်းအောင်(၂၁နှစ်) နေရပ်လိပ်စာ(စုံစမ်းဆဲ)၊ ယာဉ်နောက်လိုက် ချစ်ကောင်း (၁၈ နှစ်)အုတ်တွင်းကျေးရွာ တောင်သာ မြို့နယ်နေသူတို့ လိုက်ပါလာသော 9K/---- TSUZU(၂၂)ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကွန်ကရစ်လမ်းတံတားတုံးအား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်း ဝင်းလင်းအောင်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကာ ယာဉ်နောက်လိုက် ချစ်ကောင်းသည် မြဝတီဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် တက်ရောက်ကုသလျက်ရှိသည်။

**စိုးထက်အောင်၊ တင်ဝင်းလှိုင်**

# လူကုန်ကူးမှုလျော့ကျစေရန် ပိုမိုပညာပေးမှု လိုအပ်နေသည်

## (၃ နာရီကျော်ကြာမည့် အိမ်အပြန်ခရီးမှာ မမေခိုင်ဦးအတွက် ၁၃ နှစ်ကြာမြင့်ခဲ့သည်)

**အိချယ်ရီအောင် / Myanmar Now**

အိမ်အပြန်ခရီးတွင် အစပြုသည့်အိပ်မက်ဆိုးက နှစ်ပေါင်းများစွာကြာမှ အဆုံးသတ်သွားသည်။

ယခုအသက် ၃၀ အရွယ်၊ ထိုစဉ်က ၁၇ နှစ်အရွယ် မမေခိုင်ဦးသည် အဘွားဖြစ်သူနေထိုင်ရာ မြန်မာပြည်တောင်ပိုင်း ရေးမြို့နယ်မှ မုဒုံမြို့နယ်သို့ အပြန်ရထားပေါ်တွင် လင်မယားနှစ်ယောက်နှင့် စကားလက်ဆုံကျမိသည်။

သူတို့နှင့် လိုက်ပြီး အလုပ်လုပ်ရန် ဖိတ်ခေါ်သော်လည်း အိမ်ပြန်ရမည်ဖြစ်သောကြောင့် မလိုက်နိုင်ကြောင်း ငြင်းဆိုလိုက်သည်။ သူတို့တိုက်သည့်ရေကိုတော့ သောက်လိုက်မိသည်။ ရေသောက်ပြီးမိနစ်ပိုင်းအတွင်းမှာပင် သတိလစ်သွားသည့်မမေခိုင်ဦး မျက်လုံးဖွင့်၍ရချိန်တွင် ရထားက ဘူတာလွန်သွားပြီဖြစ်သည်။

“ဆင်းရမယ့်နေရာလည်း ကျော်လာပြီဆိုတော့ အိမ်လည်းမပြန်တတ်၊ ပိုက်ဆံအပိုလည်းမပါဘူးဆိုတော့ သူတို့သွင်းပေးတဲ့အလုပ်လုပ်ပြီး ပိုက်ဆံရမှာပဲ မေးစမ်းပြီး အိမ်ပြန်မယ်ဆုံးဖြတ်လိုက်တာ”ဟု မူလတန်းမပြီးခင် ကျောင်းထွက်လိုက်သည့် မမေခိုင်ဦးက ပြောသည်။

ထိုလင်မယားက မမေခိုင်ဦးကို ထမင်းဆိုင်အလုပ်သွင်းပေးပြီး သုံးလပြည့်ချိန်တွင် မိဘအိမ်သို့ပြန်ပို့မည်ဟုဆိုကာ တရုတ်ပြည်သို့ ခေါ်ဆောင်သွားကာ ရောင်းစားလိုက်ကြသည်။ ဤသို့ဖြင့် မမေခိုင်ဦးသည် ပြီးခဲ့သည့်ဆယ်နှစ်အတွင်း ရဲတပ်ဖွဲ့က ကိုင်တွယ်ခဲ့ရသည့် လူကုန်ကူးခံရသူ ၃၄၉၉ ဦး အနက်မှ တစ်ဦးဖြစ်လာသည်။

မမေခိုင်ဦးကဲ့သို့ ဆယ်ကျော်သက်အရွယ် မိန်းကလေးများ၊ အမျိုးသမီးများ လူကုန်ကူးခံရမှု လျော့နည်းလာစေရန် ထိရောက်သည့်ဥပဒေ ပြဋ္ဌာန်းလုပ်ဆောင်ရုံနှင့် မပြီးဘဲ ပညာပေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ကြရမည်ဟု ဌာနဆိုင်ရာ အရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းများက ပြောသည်။

### ဆိုရှယ်မီဒီယာသုံးပြီးလွတ်မြောက်ခြင်း

ရောင်းစားခံရပြီး အိမ်ထောင်သည်ဘဝသို့ အတင်းအကျပ်ပို့ဆောင်ခံရသူ မမေခိုင်ဦးက ထွက်ပြေးရန် မကြာခဏ စဉ်းစားခဲ့သည်ဟု ဆိုသည်။

“ကိုယ်မသိတဲ့ ပတ်ဝန်းကျင်ဆိုတော့ ဘယ်ကိုပြေးလို့ ပြေးရမှန်းလည်း မသိဘူးလေ။ ဒီကထွက်ပြေးပြီး ဒီထက်ဆိုးတဲ့နေရာကို ရောက်မှာလည်း ကြောက်ခဲ့တာ” ဟု မမေခိုင်ဦးကပြောသည်။

သမီးတစ်ယောက်၊ သားတစ်ယောက်ရရှိပြီးချိန်တွင် အိမ်ပြန်ချင်သည်ဟု ခွင့်တောင်းရာ ထိုအမျိုးသားက သဘောတူသဖြင့် မမေခိုင်ဦးက အိမ်နီးချင်း မြန်မာတစ်ဦးကို အပြန်ခရီးအတွက် အကူအညီတောင်းခဲ့သည်။

“လမ်းစရိတ်လုပ်ဖို့ ကျွန်မရဲ့ လက်ဝတ်လက်စားတွေ ရောင်းချပေးမယ်ဆိုပြီး ယူသွားတဲ့နေ့ထဲက ဒေါ်မြင့်မြင့်အေး တစ်ယောက် ကျွန်မဆီ လုံးဝမပေါ်လာတော့ဘူး။ ကျွန်မပစ္စည်းတွေကို ယူသွားလို့မှ အားမရဘူး၊ ကျွန်မကို ပွဲစားဆီမှာ ထပ်ရောင်းခဲ့တာ”ဟု သူကဆိုသည်။

ဒုတိယအမျိုးသားနေအိမ်သို့ ရောက်ရှိချိန်တွင် မမေခိုင်ဦး ၂၈ နှစ်ပြည့်ပြီဖြစ်သည်။ ထိုအိမ်သို့ရောက်ရှိပြီး ရှစ်လခန့် အကြာတွင် သူ၏ လွတ်မြောက်ရာလမ်းကို WeChat မှ တစ်ဆင့်တွေ့ခဲ့လေသည်။

“တရုတ်က TV အစီအစဉ်တွေမှာက မကြာခဏလိုလို WeChatအသုံးပြုနည်းနဲ့ ပတ်သက်ပြီးတော့ လာတယ်။ WeChatထဲမှာပဲ မြန်မာပြည်ကအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်မိပြီး ပြန်လွတ်လာတာပါ”ဟု သူကပြောသည်။

နေရပ်ရင်း ပြန်ရောက်စဉ်က မမေခိုင်ဦးတွင် ဒုတိယ အမျိုးသားနှင့်ရသည့် ကိုယ်ဝန်ရှိနေပြီ ဖြစ်သည်။ မော်လမြိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင်းဝင်းမာက မမေခိုင်ဦးအိမ်ရှေ့တွင် ဈေးဆိုင်ငယ်တစ်ခုဖွင့်နိုင်ရန် ဌာနက ငါးသိန်း ထောက်ပံ့ခဲ့ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲကလည်း ကိုယ်ဝန်နှင့်ပတ်သက်ပြီး စောင့်ရှောက်ပေးနေကြောင်း ရှင်းပြသည်။

မမေခိုင်ဦး၏ အမှုကို ၂၀၁၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်ထားပြီး စုံစမ်းစစ်ဆေးနေကြောင်း မော်လမြိုင်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးဆန်းဦးက ပြောသည်။

### လူကုန်ကူးသူတို့၏ပစ်မှတ်

လူကုန်ကူးသူတို့က ဆင်းရဲသူတို့ကို ပစ်မှတ်ထားလေ့ရှိသည်ဟု ရှေ့နေများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ရန်ကုန်တရားမျှတမှု စင်တာ၏ စီမံကိန်းမန်နေဂျာ ဦးထွန်းလှိုင်က ပြောသည်။

“ကိုယ့်ပတ်ဝန်းကျင်မှာ ပညာပေးလုပ်ငန်းတွေ အောက်ခြေအထိ လုပ်ပေးဖို့လိုပါတယ်။ နယ်စပ်ဂိတ်တွေမှာလည်း အသေအချာစစ်ဆေးဖို့ လိုပါတယ်”ဟု ချို့တဲ့သည့် အမှုသည်များကို အခမဲ့အကျိုးဆောင်ပေးသည့် ထိုအဖွဲ့မှ ဦးထွန်းလှိုင်က ပြောသည်။

နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းပေါများလာပါက လူကုန်ကူးခံရမှု လျော့ကျသွားမည်ဖြစ်ကြောင်း၊ ဆင်းရဲသားတို့၏ တစ်နေ့တာဝင်ငွေ ပိုမိုမြင့်မားလာလျှင် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူ ပိုမိုလျော့နည်းလာနိုင်ကြောင်း သူက မှတ်ချက်ပြုသည်။

“လူကုန်ကူးမှုက နိုင်ငံခြားကိုထွက်မှ မဟုတ်ပါဘူး။ ဒီနိုင်ငံအတွင်းမှာလည်း အများကြီးရှိနေတာပဲလေ။ ပြဿနာမဖြစ်လို့သာ ဘာမှမဖြစ်တာ။ ဖြစ်မယ်ဆိုရင် ဒါတွေကလည်း တဖြည်းဖြည်းကြီးမားလာနိုင်တဲ့ အနေအထားမှာရှိပါတယ်”ဟု ဦးထွန်းလှိုင်က ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြည်ပသို့ တရားမဝင်လမ်းကြောင်းဖြင့် သွားရောက်ပါက လူကုန်ကူးမှုခံရနိုင်ခြေ ပိုများကြောင်း ပြောသည်။

“ရောင်းစားခံရတဲ့ ဖြစ်စဉ်တွေက အများကြီးပဲ။ အခုနောက်ပိုင်း လုပ်ခအပြည့်မပေးတဲ့ ပြဿနာကပိုများလာတယ်။ ကျေးလက်ကလူတွေက လူကုန်ကူးမှု ပိုခံရနိုင်ပါတယ်”ဟု အမြဲတမ်းအတွင်းဝန်က ဆိုသည်။

နိုင်ငံတော်အပိုင်းအနေဖြင့် လူကုန်ကူးမှု ပိုမိုလျော့နည်းလာအောင် ပညာပေးရေးလုပ်ငန်းများကို ယခုထက်ပိုမို၍ ကျေးလက်၊ တောရွာများအထိ ရောက်အောင် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သင့်ကြောင်း သူကဆက်ပြောသည်။

“ဒီလောက်ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနေတာကို ဂရုမစိုက်ဘဲနဲ့ အဲ့ဒီလိုလူတွေရဲ့ပြောစကားကိုယုံပြီး သွားနေတဲ့လူတွေ အများကြီးရှိတယ်။ ဟိုရောက်တော့ ဘယ်သူ့မှ ဆက်သွယ်လို့မရဘူး၊ ဘာလုပ်ရမှန်းမသိဘူး။ တို့မှာလည်း အချက်အလက်မရှိတော့ ကူဖို့လည်းမဖြစ်နိုင်ဘူးလေ၊ ဖြစ်လာမှပဲသိတော့တာလေ။ အဓိကပြဿနာတွေက အဲ့ဒီလိုမျိုးတွေပေါ့”ဟု အမြဲတမ်းအတွင်းဝန်က ရှင်းပြသည်။

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ခင်မောင်လတ်က အသိပညာပေး၊ လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် လိုအပ်နေသူတို့ထံရောက်ရန် ပိုမိုသေချာသည့် နည်းလမ်းများကို အသုံးပြုသင့်သည်ဟု ယူဆသည်။

> ❐ မိဘတွေအနေနဲ့ သားသမီးတွေကို တစ်ယောက်တည်း ခရီးမလွှတ်သင့်
>
> ❐ မိန်းကလေးတွေလည်း ကျွန်မဖြစ်စဉ်ကို သင်ခန်းစာယူပြီး လူတိုင်းကိုမယုံကြည်သင့်

“အဓိကကတော့ ပညာပေးဖို့ပါပဲ။ ဟောပြောပွဲကြီး လုပ်ပြီး ပညာပေးရတာ တစ်ခါတလေကျတော့လည်း အဆင်မပြေဘူး။ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ်ကို ဆောင်ရွက်ရင်းနဲ့ ပညာပေးမှုကို ဖြန့်ဝေမယ်ဆိုရင် ပိုကောင်းတာပေါ့” ဟု ရဲမှူးကဆိုသည်။

လူကုန်ကူးမှုဆိုသည်မှာ တစ်ဦးတစ်ယောက်ကို သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ သယ်ယူပို့ဆောင်ခြင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် ဖော်ပြထားသည်။

ထိုသို့ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရန် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့သည်လည်း လူကုန်ကူးမှုမြောက်သည်ဟု ဆိုသည်။

ထိုဥပဒေအရ လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

### ကြိုတင်ကာကွယ်ခြင်း

၂၀၀၆ မှ ၂၀၁၆ အတွင်းလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ကိုင်တွယ်ခဲ့ရသည့် လူကုန်ကူးမှုပေါင်း ၁၃၈၀ ထဲတွင် အဓမ္မလက်ထပ်ခိုင်းမှုမှာ အများဆုံးဖြစ်ပြီး၊ ဒုတိယမှာ ပြည့်တန်ဆာမှု၊ တတိယမှာ အဓမ္မခိုင်းစေသည့် အမှုများဖြစ်သည်။

မြန်မာပြည်သား လူကုန်ကူးခံရသူတို့ အများဆုံး ရောင်းစားခံရသည့်နိုင်ငံမှာ တရုတ်နိုင်ငံပင်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ဆိုသည်။ ဒုတိယအများဆုံးမှာ ပြည်တွင်း၌ပင် ရောင်းစားခံရခြင်း၊ တတိယနှင့် စတုတ္ထမှာထိုင်း၊ မလေးရှားနိုင်ငံတို့သို့ ရောင်းစားခံရခြင်းဖြစ်သည်။

အကြွေးတင်ခြင်း၊ ပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အိမ်တွင်းအကြမ်းဖက်ခံရခြင်းတို့သည် လူကုန်ကူးခံရသည့် အကြောင်းရင်းများတွင် ပါဝင်သည်ဟု အရပ်ဘက်အဖွဲ့အစည်းအများပြားက ဆိုသည်။

လူကုန်ကူးခံရသူများထဲတွင် အယုံလွယ်သူ၊ အားနာတတ်သူ၊ ဗဟုသုတနည်းပါးသူ၊ စွန့်စားလိုသူ၊ အကာအကွယ်မဲ့သည့် ကလေးသူငယ်များ၊ နိုင်ငံခြားကို အထင်ကြီးသည့်သူများ၊ လက်ရှိဘဝကို နာကြည်းပြီး မိုက်ရူးရဲဆန်စွာ ဆုံးဖြတ်ချက်ချသူတို့ ပါဝင်သည်ဟု ၎င်းတို့ကဆိုသည်။

လူမှုဖွံ့ဖြိုးရေးအသင်းတစ်ခုဖြစ်သော Agency for Basic Community Development မှ ဒါရိုက်တာ မောင်ဂျွန်က ချင်းပြည်နယ်သည် နယ်မြေအေးချမ်းသော်လည်း ဆင်းရဲနွမ်းပါးခြင်းကြောင့် ပြည်တွင်းပြည်ပသို့ ရွှေ့ပြောင်းသွားလာသူ အများဆုံးဒေသဖြစ်ကြောင်း ပြောသည်။

“ဒီပြဿနာက စီးပွားရေးပြဿနာပါ။ ပြည်သူတွေကြားထဲမှာ အများကြီး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖို့ လိုပါတယ်။ တစ်ဖက်ကလည်း ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းတွေ လုပ်ပေးဖို့လိုပါတယ်”ဟု လူကုန်ကူးမှု အသိပညာပေးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် မောင်ဂျွန်က ပြောသည်။

ဆယ်ကျော်သက်အရွယ်တွင် ကိုယ်တိုင်လူကုန်ကူးခံရသူဖြစ်သည့် မမေခိုင်ဦးက သူနှင့်နီးစပ်ရာ မိတ်ဆွေများ၊ အိမ်နီးချင်းများကို ကိုယ်တွေ့အဖြစ်အပျက်များ ရှင်းပြသည့်နည်းဖြင့် ပညာပေးနေသည်ဟု ဆိုသည်။

“မိဘတွေအနေနဲ့ သားသမီးတွေကို တစ်ယောက်တည်း ခရီးမလွှတ်သင့်ဘူး။ မိန်းကလေးတွေလည်း ကျွန်မဖြစ်စဉ်ကို သင်ခန်းစာယူပြီး လူတိုင်းကိုမယုံကြည်သင့်ပါဘူး” ဟု မမေခိုင်ဦးက ပြောလိုက်သည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် သပိတ်မှောက်ပွဲများပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ သပိတ်မှောက်မှုတွင်ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက သပိတ်စခန်းများဖယ်ရှားရေး ဩဝါဒပေး

**နေပြည်တော် ဩဂုတ် ၄**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးနှင့် မန္တလေးမြို့ မဟာမုနိဘုရားကြီး နယ်မြေတို့တွင် ဩဂုတ် ၂ ရက်က သပိတ်မှောက်ပွဲများ ပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များနှင့် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သပိတ်စခန်းများဖယ်ရှားရန် ယနေ့တွင် ဩဝါဒပေးခဲ့ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး သံဃနာယကအဖွဲ့များထံမှ သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးနယ်မြေ အနောက် ၄၅ တာ၊ သာသနာ ၂၅၀၀ ဗိမာန်ဝင်းအတွင်း၌ ဩဂုတ် ၂ ရက်တွင် သံဃာတော် ၁၅ ပါးခန့်နှင့် လူပုဂ္ဂိုလ် ၅၀ ခန့်တို့ သပိတ်မှောက်မှုနှင့်ပတ်သက်၍ ဦးဆောင်ပါဝင်ခဲ့သော ဦးအဂ္ဂဇေ (တောင်သာလေးဆရာတော်၊ အောင်သာကျောင်း၊ မိတ္ထီလာမြို့)နှင့် ဦးစန္ဒာသီရိ (ဓမ္မရက္ခိတကျောင်း၊ ပုသိမ်ကြီးမြို့နယ်)တို့အား မဟာမုနိဘုရားကြီးနယ်မြေအတွင်း၌ သံဃာတော်အချို့ ဦးဆောင်၍ သပိတ်စခန်းဖွင့်လှစ်နေခြင်းကိစ္စနှင့် စပ်လျဉ်းပြီး ဩဂုတ် ၃ ရက်တွင် ကျင်းပသော သတ္တမအကြိမ် တိုင်းဒေသကြီး/မြို့နယ် သံဃနာယကအဖွဲ့ ညှိနှိုင်းအစည်းအဝေးက ယင်းကိစ္စသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ညွှန်ကြားထားသည့် ညွှန်ကြားလွှာအမှတ် (၈၃) ကို ကျော်လွန်ဆောင်ရွက်ခြင်းဖြစ်၍ အလျင်အမြန်ဖယ်ရှားသွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အရ သပိတ်စခန်းဖွင့်လှစ်နေခြင်းသည် ကျင့်ထုံးဥပဒေများနှင့် ဆန့်ကျင်နေသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ အလျင်အမြန် ဖယ်ရှားသွားကြရန် ဩဝါဒပေးခဲ့ကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဆရာတော်များက ရန်ကုန်မြို့ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား၌ ဩဂုတ် ၂ ရက်တွင် သံဃာတော် ၁၀ ပါးနှင့် လူပုဂ္ဂိုလ် ၃၅ ဦးတို့ သပိတ်မှောက်မှုနှင့်ပတ်သက်၍ အဆိုပါ သပိတ်မှောက်မှုတွင် ဦးဆောင်ပါဝင်ခဲ့သော ဦးပညာဝံသနှင့် ဦးကုသလ (ဦးသာသနကျောင်း၊ ဗဟန်းမြို့နယ်)၊ ဦးဝိစိတ္တ (ပြည်တော်အေးကျောင်း၊ မအူပင်မြို့)၊ ဦးပညာသာရဇောတိ(တလုပ်ပင်ကျောင်း၊ မအူပင်မြို့) တို့အား ဆန္ဒထုတ်ဖော်ရေးအဖွဲ့ဦးဆောင်သံဃာတော်များအနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့် ငြိစွန်းနေသောကြောင့် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားလွှာအမှတ် (၅၆၊ ၈၁၊ ၈၃၊ ၈၅၊ ၉၁၊ ၉၃) တို့အရ သပိတ်စခန်းဖွင့်လှစ်ထားသော အဖွဲ့များတွင် သံဃာတော်များ ပါဝင်ခြင်းမပြုရန်၊ သပိတ်စခန်းများ ဖယ်ရှား၊ ရုပ်သိမ်းပေးရန် ဩဝါဒပေးခဲ့ကြောင်း သိရသည်။

သပိတ်မှောက်မှုတွင် ပါဝင်သည့် ဦးဆောင်သံဃာတော်များအား ဩဂုတ် ၂ ရက်ကလည်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့တို့က သပိတ်စခန်းများ ဖယ်ရှားရန် ဩဝါဒပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သထုံတွင် ရဲတပ်သားတစ်ဦး ဓားထိုးခံရပြီးသေဆုံး

**သထုံ ဩဂုတ် ၄**

မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက်ရှိ စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် ဩဂုတ် ၃ရက် ည ၁၁နာရီခန့်က ရဲတပ်သားတစ်ဦး ဓားထိုးခံရသဖြင့် သေဆုံးသွားကြောင်း သထုံမြို့မရဲစခန်းက သိရသည်။

ဖြစ်စဉ်မှာ ရဲတပ်သား ချစ်မိုးဦး (၁၉နှစ်)အောက်ကျင်းရပ်ကွက် သထုံမြို့နေသူသည် ညီအစ်ကိုဝမ်းကွဲများဖြစ်သည့် နေမင်းထွန်း (၂၅ နှစ်)နှင့်ထွန်းမင်းနိုင် (၁၉ နှစ်) တို့နှင့်အတူ မော်လမြိုင်-ရန်ကုန်ကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် နန်းခဲရပ်ကွက် ပီတိစတိုးဆိုင်ရှေ့အရောက် လူငယ်သုံးဦးလိုက်ပါလာသည့် ဆိုင်ကယ်က ရှေ့မှပိတ်ရပ်၍ လူငယ်တစ်ဦးက ဓားဦးချွန်ဖြင့် ထိုးသဖြင့် ရဲတပ်သား ချစ်မိုးဦးတွင် ဒဏ်ရာရရှိပြီး သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ရဲတပ်သားအား ဓားဖြင့်ထိုးခဲ့သည့် လူငယ်သုံးဦးအဖွဲ့အား သထုံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပင်းတယမြို့ပေါ်၌ လူသတ်၊ ပစ္စည်းလုယက် နေအိမ်မီးရှို့မှုဖြစ်ပွား

**ပင်းတယ ဩဂုတ် ၄**

ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရှမ်းရပ်ကွက်၌ ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက နေအိမ်မီးလောင်ကာ လူတစ်ဦးဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် နံနက် ၁၂ နာရီခွဲတွင် လူတစ်ဦး မီးလောင် သေဆုံးနေကြောင်း သတင်းအရ ပင်းတယမြို့မရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရှမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ သွားရောက်စစ်ဆေးရာ မနီနီအောင်(ခ)မီးမီးကြီး (၄၇ နှစ်)သည် နေအိမ်အတွင်း မြေပြင်ပေါ်၌ မီးလောင်ဒဏ်ရာနှင့် ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းနေအိမ်အခန်းအတွင်းရှိ သံခုတင်ပေါ်တွင် မွေ့ရာ၊ စောင်၊ ခြင်ထောင်များ မီးလောင်လျက်တွေ့ရှိရကြောင်း၊ သေဆုံးသူသည် ပိုလီယိုရောဂါခံစား နေရသူတစ်ဦးဖြစ်ပြီး နေအိမ်တွင် တစ်ဦးတည်းနေထိုင်သူဖြစ်ကာ မသေဆုံးခင်ဝတ်ဆင်ထားသည့် ရွှေလက်ကောက် နှစ်ကွင်း ၊ ကျောက်နီရွှေလက်စွပ်တစ်ကွင်း ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေး ပင်းတယမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပင်းတယ(ပြန်/ဆက်)**

# မြောင်းမြမြို့၌ နေ့ခင်းအချိန် အိမ်ပေါ်တက်၍ ဓားထောက်လုယက်မှုဖြစ်ပွား

**မြောင်းမြ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၈) ရပ်ကွက် မြဂုဏ်ရည်လမ်း အိမ်အမှတ် (၁၀၉)၌ မိဘများ အလုပ်သွားနေစဉ် နေအိမ်၌ကျန်ရှိသော သမီးငယ်အား အိမ်ပေါ်တက်၍ ဓားထောက်လုယက်မှု ဖြစ်ပွားခဲ့သည်။

မိခင်ကျောင်းဆရာမ ဒေါ်လှမြင့် ကျောင်းသွားစဉ်နှင့် ဖခင် ဦးကြည်ဦး (ဂုန်နီစက်ရုံဝန်ထမ်း) တို့ အလုပ်သွားနေချိန် နံနက် ၁၁ နာရီ ၂၀ မိနစ်ခန့်က နေအိမ်တံခါးများ ပိတ်ကာ သမီးဖြစ်သူ မနှင်းဝင့်အောင်တစ်ဦးတည်း နေအိမ်အတွင်း ခုတင်ပေါ်၌ စာဖတ်နေစဉ် လူရိပ်မြင်သဖြင့် ထကြည့်ရာ အမျိုးသားနှစ်ဦးမှ တစ်ဦးက ပြေးလာပြီး မျက်နှာသုတ်ပဝါဖြင့် ပါးစပ်ကိုပိတ်ထားခဲ့ကြောင်း၊ ကျန်တစ်ယောက်က ခြောက်လက်မခန့်ရှိ စတီးဓားချွန်ဖြင့် ထောက်ထားကြောင်း၊ ဆက်လက်ပြီး နေအိမ်ရှေ့ဘက် အိပ်ခန်းအတွင်းမှ သေတ္တာများကို ရိုက်နှက်ဖွင့်ကာ သေတ္တာအတွင်းရှိ အမျိုးသမီးလက်ကိုင်အိတ်တွင်းမှ ငွေကျပ် ၇၅ သိန်းနှင့် သံသေတ္တာအတွင်းမှ ငွေကျပ် ငါးသိန်းကျော် စုစုပေါင်း ငွေကျပ် သိန်း ၈၀ ကျော်နှင့် မှန်တင်ခုံပေါ်ရှိ OPPO -R5 နှင့် Galaxy Note -II ဖုန်းတို့ကို ယူဆောင်သွားခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူများမှာ အိမ်ရှေ့လမ်းမတွင် ဆိုင်ကယ်ရပ်၍ စောင့်နေသော အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြောင်းမြရဲစခန်းက အမှုဖွင့်ကာ ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



# ဖုန်းသုံးစွဲနေစဉ် မိုးကြိုးပစ်၍ လျှပ်စီးဝင်ရာမှ ပေါက်ကွဲသဖြင့် လူတစ်ဦးထိခိုက်ဒဏ်ရာရ

**မိုးညှင်း ဩဂုတ် ၄**

မိုးညှင်းမြို့နယ် အင်းလေးကျေးရွာအုပ်စု အင်းလေးကျေးရွာတွင် ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးကြိုးပစ်၍ လျှပ်စီးလက်ရာမှ ဖုန်းသုံးစွဲနေ သူတစ်ဦး ဖုန်းပေါက်ကွဲသဖြင့် ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိပြီး အရေးပေါ်ဆေးဝါးကုသခဲ့ရကြောင်း သိရသည် ။

ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အင်းလေးကျေးရွာနေ တင်ထွန်းနိုင်(၂၇နှစ်) သည် နေအိမ်အတွင်းဖုန်းသုံးစွဲနေစဉ် မိုးကြိုးပစ်၍ လျှပ်စီးဝင်ရာမှ ဖုန်းပေါက်ကွဲမှုဖြစ်ကာ ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် မိုးညှင်းပြည်သူ့ဆေးရုံသို့ လူမှုကူညီရေးအသင်းယာဉ်ဖြင့်ပို့ဆောင်ကုသခဲ့ကြောင်း ဟိုပင်မြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါလူနာမှာ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် မိုးညှင်းဆေးရုံမှတစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည် ။

(ဝ၆၇)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် ညနေ ၆ နာရီခန့်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘွမ်နန်ကျေးရွာနေ မစန်းရီ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို လည်းကောင်း၊ အလားတူ အမှတ်(၂)မိတ္ထီလာနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီခွဲခန့်က မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်နေ ရဲလင်းထွန်း၏နေအိမ်အားရှာဖွေရာ ၎င်းနှင့်အတူဇနီး မမေသကြန်အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီက တပ်မတော်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လဲချား-မိုင်းနောင်သွား ကားလမ်း၌ သက်အောင်မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၈၃၉ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အလုံမြို့နယ်၌ ကျောင်းသားတစ်ဦး ကျောင်းဝင်းအတွင်း ယာဉ်တိုက်မိ၍သေဆုံး

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အထက(၄)ကျောင်းဝင်းအတွင်း အငယ်တန်းဆောင်ရှေ့၌ ယနေ့နံနက် ၈ နာရီက ကလေးငယ်တစ်ဦး ယာဉ်တိုက်မိ၍ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းကျော်မြဟန်(၄၁ နှစ်) အမှတ် ၃၅ သံတံတားလမ်း-သံတံတားရပ်ကွက် စမ်းချောင်းမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 8J/ ----- MICRO BUS ကိုယ်ပိုင်ကျောင်းကြို/ပို့ယာဉ်သည် အငယ်တန်းဆောင်ရှေ့၌ ယာဉ်ကိုရပ်တန့်ကာ ကျောင်းသားများချပြီး ပြန်လည်မောင်းထွက်စဉ် မောင်တေဇရဲလင်း(၅ နှစ်) သူငယ်တန်း၊ အထက (၄)အလုံ အမှတ် (၅)ဇေတဝန်လမ်း သံတံတားရပ်ကွက် စမ်းချောင်းမြို့နယ်နေသူအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် မောင်တေဇရဲလင်းတွင် ဒဏ်ရာများရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းကျော်မြဟန်အား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# တောင်ငူမြို့ ရွှေဆံတော်ဘုရားစောင်းတန်းရှိ နိဗ္ဗာန်ကုန်စုံဆိုင် မီးလောင်

**တောင်ငူ ဩဂုတ် ၄**

တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော်ဘုရား အရှေ့ဘက်စောင်းတန်းရှိ ဆိုင်အမှတ်(၁)နိဗ္ဗာန်ကုန်စုံဆိုင်တွင် ဩဂုတ် ၄ ရက် နံနက် ၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ပြီး ၂၅ မိနစ်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့ နန်းဇေယျာလမ်း(၂)ရပ်ကွက်နေ ပိုင်ရှင်ဖြစ်သူ ဦးပြည့်ဖြိုးအောင်၏ ဆိုင်ခန်း(၁)အတွင်း မီးလောင်မှုကြောင့် သစ်သားဆင်းတုတော်ငါးဆူ၊ ကျောက်ဆင်းတုတော် ၁၈ ဆူနှင့် မှန်ကျောင်းဆောင် ၁၈ ခု မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူအား အရေးယူထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**


**အောင်ဖြည့်စုံ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကား မျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-250095114

09-421041338

09-73224763

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်**

၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက်မှ ဩဂုတ် ၁၂ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၃၀)ပေခန့်မှ (၂၀.၆၀)ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ(၂၂)ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးနေထိုင်ကြသော လုပ်သားပြည်သူများအား ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

**အကောင်းကြိုက်သူများအတွက်**

**သန္ဓီ**

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာစမာတီ၊ ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ဝေပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။

ရွှေဘိုပေါ် ဆန်းမွှေးရှုပ်ပြီ။

ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။

ဖုန်း-681209, 681504, 682934, 09 73249922, 09-443249933

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် ဏ-၄၀၊ မြေကွက်အမှတ် ၁၁၀၅/ခ၊ မြေကွက်တည်နေရာ-၁၁၀၅/ခ၊ အောင်မေတ္တာလမ်း၊ ၁၄ရပ်ကွက် ရွှေပြည်သာ ဦးဇော်ဝင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဇော်ဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေမျိုးဆွေ(ခ)ဒေါ်မျိုးကေသီ ၁၂/လသန(နိုင်)၀၀၆၃၃၀ မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**
**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းခြံမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(D)မှ မအေးမွန်ချစ်၏ ဖခင် ဦးမြင့်နိုင်ဦး ၉/မခန(နိုင်)၁၇၅၂၉၁ နှင့် ဦးချစ်စရာမှာ တစ်ဦးတည်းဖြစ်ပါသည်။

**အမည်ပြောင်း**

ရန်ကင်းမြို့နယ်၊ ဦးထွန်းထွန်းလင်း ၁၂/ရကန(နိုင်)၀၇၀၇၂၇ ၏သမီး ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း တတိယတန်း(D)မှ မရည်ထွန်းလင်းအား ယနေ့မှစ၍ မနေရည်နှင်းပွင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မနေရည်နှင်းပွင့်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ် - ကံဘဲ့၊ မြေကွက်အမှတ် - ၁၄၀/က၊ ဧရိယာ (၀. ၀၈၅) ဧကရှိ နှစ် (၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် (၃၅)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးနိုင်အောင်လင်း (၅/မကန(နိုင်)၀၀၂၆၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဦး B.A., R.L.၊ တရားရုံးချုပ်ရှေ့နေ (စဉ် ၅၃၂၉)

အမှတ် - ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၅၄၂၈၀၄၊ ၀၉ ၅၁၅၈၄၀၁

**အများသိစေရန်ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၈၇/ခ၊ မြေကွက်တည်နေရာအမှတ် ၃၈၇၊ နဝရတ်၂လမ်း၊ (၈) ရပ်ကွက်၊ သာကေတမြို့နယ် ဦးပီရဲမာမက်(TKA-၀၈၀၆၀၆) အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား ဦးပီရဲမာမက်(TKA-၀၈၀၆၀၆) ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၁၁/၂၀၁၅(၁၇-၆-၂၀၁၅) ရသူ ဦးထွန်းမြတ် ၁၂/ရပသ(နိုင်)၀၄၀၄၀၄ မှ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်-သကတ/၈/၅၉၅/၉၂(၁၄-၂-၁၉၉၂) ဖြင့် ဦးပီရဲမာမက် အမည်ပေါက်နှစ် ၆၀ဂရန်မြေငှားစာချုပ်ဂရန်(မူရင်း) စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈စ/၃၈၆၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အထက(၂)၊ နဝမတန်း (E)မှ မဇင်မာမြင့်၏ ဖခင် ဦးကျော်မင်း(ခ)ဦးမင်းမင်းထွေး ၉/မထလ(နိုင်) ၃၄၁၅၆၂ မှာ တစ်ဦးတည်းဖြစ်ပါသည်။

❂ *ကျောဖုံးမှ*

တတိယနေရာလုပွဲ ကစားရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဓိကပြိုင်ဘက်များဖြစ်သည့် ထိုင်း၊ ဗီယက်နမ်အသင်းတို့နှင့်ပွဲများတွင် ရလဒ်ကောင်းများရယူနိုင်မှသာ ချန်ပီယံဆုကို မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၁၅ ရက်တွင် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဩဂုတ် ၁၇ ရက်တွင် အိမ်ရှင် မလေးရှား၊ ဩဂုတ် ၂၀ ရက်တွင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၂၂ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မလေးရှားအသင်းသည် အိမ်ရှင်အသင်းဖြစ်သည့်အပြင် ပြင်ဆင်မှုများစွာ ပြုလုပ်နေသောကြောင့် မြန်မာအသင်းအနေဖြင့် ခက်ခဲစွာရင်ဆိုင်ရဖွယ်ရှိနေသည်။ ထိုင်းအသင်းနှင့် စတင်ကစားရမည့် အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေပြီး မြန်မာအသင်းအနေဖြင့် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်တို့နှင့် ဆက်တိုက်ကစားရမည့် ပထမသုံးပွဲတွင် အမှတ်ရယူနိုင်မှသာ ရွှေဆုအပါအဝင် အခြားဆုတံဆိပ်များ မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၃ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲသွားရောက်ခါနီးမှသာ အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး






# ငါးကြိမ်မြောက် ဗိုဗီနမ်ပြိုင်ပွဲတွင် မြန်မာအသင်းရွှေတွဲလဲ၊ ငွေတွဲလဲ ရရှိ

**ရန်ကုန် ဩဂုတ် ၄**

အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည့် ငါးကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံ (5th World Vovinam Championship) ပြိုင်ပွဲ၌ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် မြန်မာ့လက်ရွေးစင် ဗိုဗီနမ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးခြောက်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌ မျိုးထွန်းအုံ၊ ချိုမနား၊ ရဲဝင့်ထူး၊ ချမ်းမြေ့အောင်တို့က ရွှေတစ်ခု၊ အမျိုးသမီးဓားမြှောင်နှစ်လက်ပြိုင်ပွဲ မခိုင်ဝါဖူးက ရွှေတစ်ခု၊ အမျိုးသမီးတစ်ကိုယ်တော်အပြတွင် မခိုင်ဝါဖူးက ငွေတစ်ခု၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မောင်မင်းခန့်၊ ဇာနည်လွင်နှင့် မချစ်နိုဒီဆောင်၊ အတိုက် ၅၁ ကီလိုတန်းတွင် မောင်မျိုးထွန်းအုံ၊ အတိုက် ၆၀ ကီလိုတန်းတွင် မအယ်သျှီလာမင်းနိုင်တို့က ကြေးတစ်ခုစီ၊ အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် မျိုးထွန်းအုံက ကြေးတစ်ခု၊ အမျိုးသားတစ်ကိုယ်တော် အပြတွင် မျိုးထွန်းအုံနှင့် မင်းခန့်က ကြေးတစ်ခု၊ အမျိုးသမီးနှစ်ယောက်တွဲဓားနှစ်လက်အတိုက်တွင် ခိုင်ဝါဖူးနှင့် အယ်သျှီလာမင်းနိုင်တို့က ကြေးတစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံပေါင်း ၂၀ ကျော် ကစားသမား ၃၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာအသင်းသည် ဩဂုတ် ၅ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

✻ *ကျောဖုံးမှ*

ကိုင်တွယ်လျက်ရှိပြီး ၁၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ယင်းနှစ်သင်းစလုံးသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။ ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကျင်းပကာ ရမှတ်အပေါ်မူတည်၍ ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၇ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် အဖွင့်ပွဲအဖြစ် အိမ်ရှင်မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသားအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ ရက်တွင် မလေးရှား၊ ဩဂုတ် ၂၂ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၂၅ ရက်တွင် ထိုင်း၊ ဩဂုတ် ၂၇ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာမူ ဩဂုတ် ၁၈ ရက်တွင် အိမ်ရှင် မလေးရှားအသင်း၊ ဩဂုတ် ၂၀ ရက်တွင် ထိုင်းအသင်း၊ ဩဂုတ် ၂၂ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂၅ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။


## ပြင်ဆင်ချက်

၂၀-၇-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂၁-၇-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံများအတွက် နည်းပြများနှင့် ဒုတိယနည်းပြရာထူးများလျှောက်ထားရာတွင် ပညာအရည်အချင်းတွင် **(Day တက်သူ ဦးစားပေးမည်။)** စာသားအားပယ်ဖျက်၍ **သတ်မှတ်ဘွဲ့ ရရှိသူများအားလုံး လျှောက်ထားနိုင်ကြောင်း** ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3289 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/6796 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေသိုးကျေးရွာ၊ ဘိုးဒေါနကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၀၂/B) အပိုင်မှ ၃ လမ်း၊ အမှတ် (၁၃၂) ဟုခေါ်သော အလျား ၆၀ ပေ × အနံ ၂၀ ပေ ခြံကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်မြ (၁၁/ပတန(နိုင်)၀၀၉၅၅၈) ထံမှ ကျွန်တော်မောင်သန်းဇော်ထွန်း (၈/ရနခ(နိုင်)၁၀၉၅၉၂) က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်တော့်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မောင်သန်းဇော်ထွန်း (၈/ရနခ(နိုင်)၁၀၉၅၉၂)
ဖုန်း-၀၉ ၇၉၆၆၂၅၉၇၂

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၂)၊ နဝမတန်း(A)မှ မရွှေသဇင်ဦး ကျောင်းဝင်အမှတ် (၁၂၁၂)၏ဖခင် အမည်မှန်မှာ ဦးစိုင်းကျော်တင်ဦး ၅/ဟမလ(နိုင်)၀၉၆၆၉၂ ဖြစ်ပါကြောင်း။

**ဦးစိုင်းကျော်တင်ဦး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8929 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ ကွင်းအမှတ် (၁၆၃-C) ရုံးရပ်ကွက်၊ မြေကွက်အမှတ် (D-၁)၊ ဧရိယာ (၀.၁၁၉) ဧကအတွင်းမှ ဧရိယာ (၀.၀၅၅) ဧကရှိမြေကို ဦးဂျော့ခင်ရွှေ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန် ရှိပါက ပုသိမ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊စမွါယ်နဂိုရ်ကျေးရွာအုပ်စု၊ ပန်းပင်ရွာနေ ဝါးဖြူတောင်အထက တက္ကသိုလ်ဝင်တန်း(A)မှ မသဲစုဝင်း၏ ဖခင်အမည်မှန်မှာဦးမောင်ကို(ခ)ဦးဝင်းကို ၉/သပက(နိုင်)၀၇၆၉၃၉ ဖြစ်ပါကြောင်း။

**ဦးမောင်ကို(ခ)ဦးဝင်းကို**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8894 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ ပဲခူးလမ်းရပ်ကွက်နေ ဦးသက်မျိုးထွန်း - ဒေါ်နွဲ့ယဉ်မြင့်မောင်တို့၏သား မောင်အာကာလင်းသူအား မောင်မျိုးသက်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မျိုးသက်ကိုကို**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5746 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**


## 8th Model ASEM 2017 ညီလာခံသို့ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

၁။ 8th Model ASEM သည် အာရှ-ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံပေါင်း(၅၁) နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါဝင်၍ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး အယူအဆများကို လေ့ကျင့်ဆွေးနွေးညှိနှိုင်းသည့် ညီလာခံဖြစ်ပါသည်။ အဆိုပါညီလာခံအား (၂)နှစ်လျှင် (၁)ကြိမ် ကျင်းပလျက်ရှိပြီး (၈)ကြိမ်မြောက် အာရှ-ဥရောပတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ညီလာခံကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ၁၅-၁၁-၂၀၁၇ရက်မှ ၂၀-၁၁-၂၀၁၇ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်ပါသည်-

(က) အသက်(၁၈)နှစ်နှင့် (၃၀)နှစ်အတွင်းရှိရမည်။
(ခ) နိုင်ငံတကာဆက်ဆံရေးကို စိတ်ပါဝင်စားသူဖြစ်ရမည်။
(ဂ) အင်္ဂလိပ်စာ အရေး၊ အပြော ကောင်းမွန်ရမည်။
(ဃ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုတွင် ပညာသင်ကြားနေသူဖြစ်ရမည်။

၃။ http://www.asef.org/projects/themes/education/4104-modelasem8 သို့ ဝင်ရောက်၍ Application Form များ တင်သွင်းနိုင်ပြီဖြစ်ပါကြောင်းနှင့် (၃-၉-၂၀၁၇)ရက် GMT 23:59 တွင် လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တက္ကသိုလ်ကျောင်းသားကျောင်းသူ (၅၀)အား ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်မှုစာရင်းကို စက်တင်ဘာလတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် တက္ကသိုလ် ကျောင်းသားကျောင်းသူများ 8th Model ASEM 2017 ညီလာခံသို့ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများနှင့် ဒေါက်တာကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်၊ ဖုန်း-၀၉-၅၁၉၁၆၈၁၊ ၀၁-၅၃၇၂၆၁၊ အီးမေးလ် drkyawnaing2009@gmail.com, drkyawnaing2009@moe-st.gov.mmသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(8th Model ASEM 2017 ကျင်းပရေးဆပ်ကော်မတီ)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြင်ဦးလွင်မြို့နယ်၊ ဆင်လမ်း (အထက)၊ နဝမတန်းမှ မောင်ပါရာကတ်(ခ)မောင်အောင်နိုင်စိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မောင်ပါရာကတ်၏ဖခင် ဦးခင်မောင်(ခ) ဦးဒန်း ဗဟာဒူး ၁၃/နခတ(နိုင်)၀၄၉၁၆၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၅/ရဘန(နိုင်)၁၅၆၆၄၈ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဝင်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကောင်းသန့်သူ၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ၅/ခဥန(နိုင်)၁၀၀၉၅၆ ဖြစ်ပါကြောင်း။ **ဦးတင်ဆန်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကျော်သက်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်တင့် ၅/ရဘန(နိုင်)၀၈၂၂၅၉ ဖြစ်ပါကြောင်း။ **ဦးကျော်တင့်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မောင်သောင်းနိုင်ထူး၏ ဖခင်အမည်မှန်မှာ ဦးတင်ဝေ SBO-၀၈၃၇၃၅ ဖြစ်ပါကြောင်း။

**ဦးတင်ဝေ**

## ဖခင်အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(G)မှ မောင်သူရကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင် ၅/ရဘန(နိုင်)၀၉၆၆၁၀ ဖြစ်ပါကြောင်း။ **ဦးကျော်အောင်**



# ဗီယက်နမ်မြောက်ပိုင်းတွင် လတ်တလောရေကြီးမှုများဖြစ်ပွား ဒေသခံကိုးဦးသေဆုံးပြီး ၂၄ ဦး ပျောက်ဆုံးလျက်ရှိ

**ဟနွိုင်း ဩဂုတ် ၄**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းပြည်နယ်သုံးခုတွင် မကြာသေးမီက ရုတ်တရက်ရေကြီးမှုများဖြစ်ပွားခဲ့ရာ ဒေသခံကိုးဦးသေဆုံးခဲ့ပြီး ၂၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟို ကြီးကြပ်မှုကော်မတီက ဩဂုတ် ၄ ရက်တွင် ပြောခဲ့သည်။

ရေကြီးမှုကြောင့် သေဆုံးသွားခဲ့သော လူကိုးဦးအနက် ခြောက်ဦးမှာ ဆွန်လပြည်နယ်မှဖြစ်ကြောင်း သိရပြီး ကျန်သုံးဦးမှာ ရန်ဘိုင်ပြည်နယ်မှ နှစ်ဦးနှင့် လိုင်ချွာပြည်နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေကြီးမှုကြောင့် ဩဂုတ် ၄ ရက်အထိလူ ၂၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရပြီး ရန်ဘိုင်ပြည်နယ်မှ ၁၂ ဦး အပါအဝင် ဆွန်လပြည်နယ်မှ ၁၀ ဦးနှင့် လိုင်ချွာပြည်နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တောင်ထူထပ်သော နေရာများတွင် ရေကြီးမှုကြောင့် ဒဏ်ရာရရှိသူ ၁၂ ဦး အပါအဝင် အိမ်ခြေ ၂၀၀နီးပါး ရေမြုပ်သွားခဲ့ကြောင်း သိရသည်။ ထို့အပြင် ရေကြီးမှုကြောင့် ဆည်မြောင်းလုပ်ငန်း ၁၄၄ ခု၊ လမ်းများနှင့် ကောက်ပဲသီးနှံစိုက်ဧက ဟတ်တာရာပေါင်းများစွာပျက်စီးသွားခဲ့ကြောင်း သိရသည်။

လတ်တလော ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် ဗီယက်နမ် ဒေါင် ၅၃၈ ဒသမ ၂ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈သန်း)ခန့် ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)

## အမေရိကန်၏ အရေးယူပိတ်ဆို့မှုအသစ်ကို မြောက်ကိုရီးယား ဝေဖန်

**ပြုံယမ်း ဩဂုတ် ၄**

အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်တစ်ရပ်ဆောင်ရွက်ရန် အတည်ပြုခဲ့ခြင်းသည် နိုင်ငံတကာရှုထောင့်မှကြည့်လျှင် လက်မခံနိုင်ဖွယ် ကိစ္စတစ်ခုသာဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက မကြာသေးမီတွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအား တစ်ဖက်သတ်အရေးယူပိတ်ဆို့မှုများပြုလုပ်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကို စိန်ခေါ်သည့် သဘောသက်ရောက်ကြောင်း၊ အမေရိကန်နိုင်ငံအတွင်းဆောင်ရွက်သည့် ဥပဒေများကို နိုင်ငံတကာဆက်ဆံရေးတွင် အသုံးပြုနေခြင်းသည် မလျော်ကန်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံ၏ဆောင်ရွက်မှုများသည် အောင်မြင်မည်မဟုတ်ဘဲ မြောက်ကိုရီးယားတပ်ဖွဲ့နှင့် ပြည်သူလူထုတို့၏ အညှံ့မခံလိုသော စိတ်ကိုပိုမိုပြင်းထန်လာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကာကွယ်ရေးစွမ်းရည်များကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သောလက အမေရိကန်နိုင်ငံ လွှတ်တော်က မြောက်ကိုရီးယား၊ ရုရှားနှင့် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်ဆောင်ရွက်မည့် ဥပဒေမူကြမ်းကို အတည်ပြုခဲ့ပြီး ဒေါ်နယ်ထရန့်က ဩဂုတ် ၂ ရက်တွင် ယင်းဥပဒေကိုအတည်ပြုခဲ့သည်။
(ဆင်ဟွာ)

## တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံလုံးဆိုင်ရာညီလာခံတက်ရောက်ရန် ပြည်ပမီဒီယာများအား ဖိတ်ကြားသွားမည်

**ပေကျင်း ဩဂုတ် ၄**

တရုတ်နိုင်ငံတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံလုံးဆိုင်ရာညီလာခံတက်ရောက်ရန် ပြည်ပမီဒီယာများအား ဖိတ်ကြားသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယမန်နေ့က ပေကျင်းမြို့၌ ပြည်ပမီဒီယာကိုယ်စားလှယ်များနှင့် ပြုလုပ်သောပုံမှန်အစည်းအဝေးတွင် တရုတ်နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံးဌာနမှူး ဂျင်ဂျင်ဂူက ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။

ငါးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိသည့် နိုင်ငံလုံးဆိုင်ရာညီလာခံသည် စီပီစီနှင့် တရုတ်နိုင်ငံအတွက် အရေးကြီးသည့် အခမ်းအနားဖြစ်ကြောင်း သိရသည်။

ပြည်ပမီဒီယာများနှင့်ပြုလုပ်သောအစည်းအဝေးသို့ အေအက်ဖ်ပီ၊ အဆာဟိရှင်ဘွန်း၊ ဘလွန်းဘာ့ဂ်၊ ကျိုဒို၊ ရိုက်တာ၊ တက်စ်နှင့် ဝေါစထရိဂျာနယ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

ယခုနှစ်ညီလာခံတွင် တရုတ်နိုင်ငံ၏ ကာလတို၊ ကာလရှည်ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် ကိစ္စရပ်များကို အဖြေရှာနိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။
(ဆင်ဟွာ)

## ဆီးရီးယား၌ အမေရိကန်ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေးငယ် ခုနစ်ဦးသေဆုံး

**အလက်ပို ဩဂုတ် ၄**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဆီးရီးယားမြောက်ပိုင်းရှိရက်ကွာမြို့တွင် အမေရိကန်ဦးဆောင်သည့်လေကြောင်းတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ကလေးငယ်ခုနစ်ဦးထက်မနည်းသေဆုံးသွားခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

လေကြောင်းတိုက်ခိုက်မှုသည် ရက်ကွာရှိလူနေရပ်ကွက်အချို့ကို ပစ်မှတ်ထားလျက် ညသန်းခေါင်အချိန်တွင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လူများစွာကိုထိခိုက်ဒဏ်ရာရရှိစေခဲ့ကာ နေအိမ်များကိုလည်းဖျက်ဆီးခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့များသည်ပြီးခဲ့သည့် နှစ်ရက်အတွင်းက ဒေသခံပြည်သူများနေထိုင်ရာရပ်ကွက်အများစုကိုပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများ တရစပ်ပြုလုပ်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့်မဟာမိတ်များသည် အခြေခံအဆောက်အအုံများကို လေကြောင်းမှတိုက်ခိုက်နေပြီး လူအစုလိုက်အပြုံလိုက် သေကျေပျက်စီးအောင် ပြုလုပ်နေခြင်းက မဟာမိတ်အဖွဲ့သည် အကြမ်းဖက်ဆန့်ကျင်သည့်အရေးကို အကြောင်းပြကာဥပဒေနှင့်မလျော်ညီသည့် တိုက်ခိုက်မှုများလုပ်ဆောင်လာနေသည့်အသွင်ဆောင်လာကြောင်း နိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီတွင် ရေးသားဖော်ပြထားသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးသည် နေ့စဉ်နှင့်အမျှ အရပ်သားများသေဆုံးနေရမှုများကိုကိုးကားလျက် မဟာမိတ်အဖွဲ့အားကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။ အမေရိကန်ဦးဆောင်သည့်မဟာမိတ်အဖွဲ့များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ရှိနေသည့် အိုင်အက်စ်အစွန်းရောက်များကိုနှိမ်နင်းရန် ၂၀၁၄ ခုနှစ်မှ စတင်ကာ အကြမ်းဖက်တိုက်ဖျက်ရေးကို ဆင်နွှဲခဲ့သည်။
(ရိုက်တာ)

## နေတိုးဦးဆောင်သည့် အကူအညီပေးရေး မစ်ရှင်အဖွဲ့ယာဉ်တန်းအား အသေခံဗုံးခွဲတိုက်ခိုက်ခဲ့မှုတွင် ဂျော်ဂျီယာတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့

**ဝါရှင်တန် ဩဂုတ် ၄**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ ပြည်နယ်တစ်ခု၌ အသေခံဗုံးခွဲသမားတစ်ဦးက နေတိုးဦးဆောင်သည့် အကူအညီပေးရေး မစ်ရှင်အဖွဲ့၏ အစောင့်အရှောက်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက်တွင် အကူအညီပေးရေး မစ်ရှင်အဖွဲ့မှ ဂျော်ဂျီယာတပ်ဖွဲ့ဝင်တစ်ဦးမှာ သေဆုံးသွားခဲ့ပြီး ခြောက်ဦးထက်မနည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း မဟာမိတ်အဖွဲ့၏ ဖော်ပြချက်အရသိရသည်။

တိုက်ခိုက်မှုအတွင်း အာဖဂန်အရပ်သားနှစ်ဦးသေဆုံးပြီး ခုနစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဖော်ပြထားသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဂျော်ဂျီယာတပ်ဖွဲ့ဝင် သုံးဦး၊ အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် ဒေသစကားပြန်တစ်ဦးတို့ကို ဘာဂရမ်လေယာဉ်ကွင်းအတွင်းရှိ အမေရိကန်တပ်မတော်ဆေးရုံသို့ပို့ဆောင်ခဲ့သည်ဟု မဟာမိတ်အဖွဲ့က ပြောကြားခဲ့သည်။

အသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် ကဘူးလ်မြို့အပြင်ဘက် ကွာရာဘတ်ဒေသအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မဟာမိတ်အဖွဲ့သည် လေ့ကျင့်ရေး မစ်ရှင်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တပ်ဖွဲ့ဝင် ၁၃၀၀၀ နီးပါးကို စီမံထိန်းသိမ်းလျက်ရှိပြီး အာဖဂန်တပ်ဖွဲ့ဝင်များအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ဂျော်ဂျီယာနိုင်ငံသည် နေတိုးအဖွဲ့ဝင် နိုင်ငံမဟုတ်ပေ။ သို့သော် အာဖဂန်၌ တာဝန်ဆောင်ရွက်လျက်ရှိသည့် ဂျော်ဂျီယာတပ်ဖွဲ့ဝင် ၈၇၀ ခန့်ရှိပြီး မဟာမိတ်အဖွဲ့အတွင်း၌ အကြီးဆုံးအထောက်အကူပြုအဖွဲ့အနေဖြင့် ရှိနေသည်။

အာဖဂန်၌ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ ၎င်းတို့သည် တောင်ပိုင်းကန်ဒဟာမြို့အတွင်းရှိ လေဆိပ်အနီးတွင် အစောင့်အရှောက်ယာဉ်တန်းအတွင်းလိုက်ပါလာစဉ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း အာဖဂန်ရှိ နေတိုးအဖွဲ့အကြီးအကဲ ဂျွန်နီကိုဆန်က ပြောကြားခဲ့ကြောင်း သိရသည်။
(ရိုက်တာ)

# နည်းဗျူဟာသစ် ပြောင်းလဲဖို့လိုအပ်လာတဲ့ ဆီးရီးယားအရေး

**ကလျာမိုးမြင့်**



**ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖန်ဒီမစ်စတူရာ**

လွန်ခဲ့တဲ့ ငါးနှစ်တာအတွင်းမှာတော့ ဆီးရီးယားနိုင်ငံရဲ့ ပြည်တွင်းစစ်နဲ့ပတ်သက်ပြီး အမေရိကန်ရဲ့မူဝါဒဟာ စစ်ပွဲအတွင်းမှာပါဝင်တိုက်ခိုက်နေကြတဲ့သူတွေအကြား နိုင်ငံရေးအရညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ပြီး ပြေလည်မှုရရှိအောင်လုပ်ဖို့ ကုလသမဂ္ဂရဲ့ကြိုးပမ်းမှုတွေကို အားပေးထောက်ခံရေးအပေါ်မှာမဏ္ဍိုင်ပြုခဲ့တာဖြစ်ပြီး နိုင်ငံရေးအရဆွေးနွေးအဖြေရှာခြင်းနည်းလမ်းတစ်ခုတည်းသာလျှင် ပဋိပက္ခကိုချုပ်ငြိမ်းသွားစေမယ့် အကောင်းဆုံးသောနည်းလမ်း ဖြစ်တယ်လို့ သတိပေးနေခဲ့ပါတယ်။

ကံမကောင်းစွာနဲ့ပဲ အဲဒီမူဝါဒဟာ ဆီးရီးယားတပ်မတော်မှာလက်ရှိဖြစ်နေတဲ့ အမှန်တရားနဲ့အလှမ်းကွာဝေးနေခဲ့ပါတယ်။ တကယ့်မြေပြင်ပေါ်မှာ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ရဲ့ ရပ်တည်မှုအနေအထားဟာ ယခင်ကရှိခဲ့တဲ့အခြေအနေတွေထက်ပိုပြီး အားကောင်းနေပါတယ်။ အာဆတ်အနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကဖြစ်စေချင်သလိုမျိုး စစ်ပွဲရဲ့အနိဋ္ဌာရုံတွေချုပ်ငြိမ်းစေချင်တဲ့ဆန္ဒလုံးဝမရှိသလို သမ္မတနန်းတော်ရဲ့အပြင်ဘက်ကို အကူးအပြောင်းလုပ်လိုတဲ့ဆန္ဒတောင်မရှိပါဘူး။

ဒီအချက်တွေက ဆီးရီးယားအရေးနဲ့ပတ်သက်ပြီး နည်းဗျူဟာအသစ်ချမှတ်ဖို့လိုအပ်နေတယ်ဆိုတာကို ပြသနေသလို နိုင်ငံရေးအရဖြေရှင်းမှုနည်းလမ်းဟာ အတိတ်မှာအောင်မြင်ခဲ့ခြင်းမရှိဘူးဆိုရင် အနာဂတ်မှာလည်း အောင်မြင်မှုကိုရယူနိုင်မှာမဟုတ်ဘူးလို့ ဆီးရီးယားအရေးမှာပါဝင်နေတဲ့သူတွေကို နားလည်သဘောပေါက်လာစေခဲ့ပါတယ်။ ဒီတော့ ဒီလိုမူဝါဒတွေနဲ့ဆက်သွားနေမယ့်အစား အမေရိကန်နဲ့ ၎င်းရဲ့မိတ်ဖက်နိုင်ငံတွေဟာ အမေရိကန်၊ ရုရှားနဲ့ ဂျော်ဒန်နိုင်ငံတွေက လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အကြာက ဆီးရီးယားတောင်ပိုင်းမှာ အောင်မြင်စွာလုပ်ဆောင်ခဲ့သလိုမျိုး ပထဝီအနေအထားအရ သီးသန့်ဖြစ်နေတဲ့ ဧရိယာတွေမှာ ပဋိပက္ခတွေကိုအေးခဲသွားအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်ရတော့မှာပါ။

ကုလသမဂ္ဂဟာမူဝါဒဆိုင်ရာအပြောင်းအလဲတစ်ရပ်ကို အသက်သွင်းဖို့အတွက် စွမ်းစွမ်းတမံဆောင်ရွက်မယ့်သူတစ်ဦးကို တာဝန်အပ်နှင်းခဲ့ပြီးပါပြီ။ ဆီးရီးယားပဋိပက္ခမှာ သဘာပတိအဖြစ်ဆောင်ရွက်ဖို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဘန်ကီမွန်းက ခန့်အပ်ခဲ့တဲ့ အထူးသံတမန် စတက်ဖန်ဒီမစ်စတူရာဟာ ဆူပူအကြမ်းဖက်မှုတွေအဆုံးသတ်ဖို့ မလျှော့သောဇွဲလုံ့လတွေနဲ့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ဒီမစ်စတူရာဟာ ဒေသတွင်းမြို့ကြီးတွေဆီကို မသွားဘဲ ဆီးရီးယားအတိုက်အခံအုပ်စုတွေနဲ့ အာဆတ်ရဲ့အုပ်ချုပ်ရေးအဖွဲ့ နှစ်ဖက်စလုံးမှတာဝန်ရှိသူကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး ညှိနှိုင်းဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီးအားပေးထောက်ခံမှုတွေရရှိဖို့များစွာသော အဖွဲ့အစည်းတွေရဲ့ သံတမန်တွေနဲ့အတူ ကြိုးစားအလုပ်လုပ်ခဲ့ပါတယ်။

ကိုယ်ရောစိတ်ပါနှစ်ပြီး ကြိုးကြိုးစားစားအလုပ်လုပ်ခဲ့ပေမယ့် ဒီမစ်စတူရာဟာ သံတမန်ရေးရာဖြစ်စဉ်အတွင်းမှာ ဘာတစ်ခုကိုမှ ခရီးတွင်အောင်လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒီလိုအောင်မြင်မှုမရရှိခဲ့တဲ့အတွက် ဒီမစ်စတူရာကိုအပြစ်ဆိုစရာမရှိပါ။ ဒီမစ်စတူရာဟာ အင်မတန်ဇွဲလုံ့လဝီရိယထက်သန်ပြီး စိတ်ခံတက်ကြံ့ခိုင်မှုရှိတဲ့ လူသားတစ်ယောက်လို့တောင် သတ်မှတ်ရမှာဖြစ်ပါတယ်။ အငြင်းပွားနေတဲ့ ပါတီတွေဟာ တစ်ဖက်နဲ့တစ်ဖက် အယုံအကြည်ကင်းမဲ့မှုတွေနဲ့ရှုမြင်လာပြီး ဖြစ်ပွားနေတဲ့ ပဋိပက္ခဟာလည်း ဒေသဆိုင်ရာကိုကိုယ်စားပြုတဲ့ ပဋိပက္ခအဖြစ်သို့ သက်ဆင်းသွားမယ်ဆိုရင် ပုဂ္ဂိုလ်ရေးအရ အများကယုံကြည်လက်ခံပြီး မရေမတွက်နိုင်လောက်အောင် အထောက်အပံ့နဲ့စွမ်းအားတွေ ရရှိထားရုံမက အတွေ့အကြုံအရှိဆုံးလို့ဆိုရတဲ့ ကြားဝင်စေ့စပ်ညှိနှိုင်းသူတစ်ဦးဖြစ်ခဲ့ရင်တောင် အောင်မြင်မှုမရရှိနိုင်ပါဘူး။

တခြားသောအရေးကိစ္စတွေမှာ အရေးပါအရာရောက်ခဲ့တဲ့ ယုံကြည်မှုတည်ဆောက်တဲ့ဆောင်ရွက်မှုတွေဟာ ဆီးရီးယားအရေးမှာတော့ အကျိုးပြုဖို့ဆက်လက် ခက်ခဲနေဦးမှာဖြစ်ပြီး ဒီအချက်ကို ဒီမစ်စတူရာကိုယ်တိုင်ကလည်း စိတ်မကောင်းစွာနဲ့လက်ခံလိုက်တာကိုတွေ့ရပါတယ်။ဆီးရီးယားအရေးနဲ့ပတ်သက်ပြီးခုနစ်ကြိမ်မြောက်ဆွေးနွေးပွဲမစတင်မီမှာ ဒီမစ်စတူရာက ဆီးရီးယားအစိုးရနဲ့သူပုန်တွေကြားမှာ ပိုပြီးအခြေအနေဆိုးရွားမှုတွေစတင်လာတော့မယ်လို့ ၎င်းအနေနဲ့ထင်မြင်နေတုန်းပဲလို့ သတင်းထောက်တွေကိုဖြေကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့လေးနှစ်တာအတွင်းမှာကျွန်ုပ်တို့အနေနဲ့ ကြိမ်ဖန် များစွာမကျေမနပ်ဖြစ်ခဲ့ရပြီး ပြီးခဲ့တဲ့ခြောက်နှစ်တာအတွင်းမှာ ဆီးရီးယားနိုင်ငံသားတွေဟာစိတ်ပျက်မှုတွေနဲ့ပဲလုံးပန်းခဲ့ရတယ်။ လာမယ့်စက်တင်ဘာလမှာ ဂျီနီဗာမှာပြုလုပ်ဖို့ လျာထားတဲ့ သံတမန်ရေးအရ ဆောင်ရွက်မှုဟာလည်းပဲ ပြီးခဲ့တဲ့ ခြောက်နှစ်ကထက် ထူးပြီးအောင်မြင်မှာမဟုတ်ဘူးလို့ ယုံကြည်နေတဲ့အကြောင်းကို ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် စတက်ဖန်ဒီမစ်စတူရာက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

ကြားဝင်စေ့စပ်ညှိနှိုင်းမှုတွေပြုလုပ်ခဲ့ကြတဲ့ ပဋိပက္ခသက်တမ်းခြောက်နှစ်တစ်လျှောက်လုံးမှာ ဆီးရီးယားရဲ့နိုင်ငံရေးကိစ္စရပ်မှာအာရုံစိုက်ထားတဲ့၊ အဆိုပြုချက်တွေဖြစ်တဲ့ စစ်ပွဲပြီးသွားရင် နိုင်ငံကိုဘယ်လိုအုပ်ချုပ်သွားမလဲ၊ အပြောင်းအလဲကာလအတွင်းမှာအစိုးရအဖြစ် ဘယ်သူ့ကိုကိုယ်စားပြုမလဲ၊ ဆီးရီးယားနိုင်ငံရဲ့ ဖွဲ့စည်းပုံအသစ်မှာ ဘာတွေကိုထည့်သွင်းမလဲ၊ ဘာတွေကိုချန်လှပ်သွားမလဲဆိုတဲ့ အဆိုပြုချက်မှန်သမျှဟာ ပျက်ပြယ်သွားခဲ့တာချည်းပါပဲ။

အကြီးမားဆုံးဆူးငြောင့်ခလုတ်ကတော့ သမ္မတအာဆတ်ဟာ ၎င်းရဲ့ကျဆုံးမှုနဲ့ပတ်သက်တဲ့ ဘယ်လိုညှိနှိုင်းဆွေးနွေးမှုမျိုးကိုမှ လက်မခံတဲ့ကိစ္စပါပဲ။ ဘယ်လိုပင်သေးဖွဲ့ပြီး သိသာထင်ရှားမှုမရှိသည်ဖြစ်စေ၊နိုင်ငံရေးအရအပေးအယူပြုလုပ်မှုတွေအပေါ်မှာ ဆီးရီးယားခေါင်းဆောင်ရဲ့ခုခံနိုင်မှုက ဒမတ်စကတ်မှာရှိတဲ့အုပ်ချုပ်ရေးအဖွဲ့ကိုကူညီပေးနေတဲ့ အီရန်နဲ့ ရုရှားရဲ့အထောက်အပံ့တွေကိုပိုမိုခိုင်မာလာစေခဲ့ပါတယ်။ မြေပြင်ပေါ်မှာရှိနေတဲ့ အာဆတ်ရဲ့လတ်တလောအခြေအနေတွေဟာ အရင်ကတစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးသေးတဲ့အကောင်းဆုံးအခြေအနေမျိုးဖြစ်နေတာကြောင့် အာဆတ်အနေနဲ့ နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးလိုခြင်းမရှိသလို ဒီလိုဆွေးနွေးဖို့လည်း လိုအပ်တော့မှာမဟုတ်ဘူးလို့ တွေးထင်ထားသူဖြစ်ပါတယ်။ ဒမတ်စကတ်အရှေ့ပိုင်းနယ်မြေများနဲ့ ရက်ကွာမြောက်ပိုင်းမြို့မှလွဲ၍ ဆီးရီးယားရဲ့အဓိကမြို့ကြီးတွေအားလုံးကို ဆီးရီးယားအစိုးရအင်အားစုများနဲ့ အစိုးရထောက်ခံတဲ့အင်အားစုများက အရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဆီးရီးယားနိုင်ငံမှာရှိတဲ့ နိုင်ငံရေး ကျွမ်းကျင်သူအများအပြားက ဆူပူအကြမ်းဖက်မှုတွေ ပြတ်တောင်းပြတ်တောင်းနဲ့ရပ်နားသွားခြင်းဟာ အမေရိကန်နဲ့ ၎င်းရဲ့မဟာမိတ်တွေကို အောင်မြင်မှုရရှိစေမယ့် သေးငယ်တဲ့အခြေခံအချက်တွေဖြစ်တယ်လို့ ရှုမြင်လာကြပါတယ်။

အရှေ့အလယ်ပိုင်းလူမှုအဖွဲ့အစည်းမှ နိုင်ငံရေးလေ့လာသူ ချားလ်လစ်စတာက ဒေသဆိုင်ရာအပစ်ရပ်စာချုပ်တွေနဲ့ သွားလာခွင့်ပိတ်ပင်ထားတဲ့ဇုန်တွေဟာ ပဋိပက္ခဆိုတဲ့ရောဂါတစ်ခုရဲ့လက္ခဏာတွေကို ကုသနေတာနဲ့အလားတူတယ်။ တကယ်တော့ပဋိပက္ခရဲ့ဇာစ်မြစ်က သမ္မတအာဆတ်ရဲ့အုပ်ချုပ်ရေးအဖွဲ့ကို အသက်ရှင်လွတ်မြောက်ခွင့်ပေးထားခြင်းပဲဖြစ်တယ်လို့ ဝေဖန်ထောက်ပြခဲ့ပါတယ်။

ကျွမ်းကျင်သူတွေ သုံးသပ်ပြခဲ့တဲ့ အချက်တွေက တန်ဖိုးရှိတဲ့အချက်တွေလို့တောင် ဆိုနိုင်ပါတယ်။ ပြီးခဲ့တဲ့ အတိတ်ကာလအတွင်းမှာ သဘောတူညီခဲ့တဲ့ ဘယ်အပစ်အခတ်ရပ်စဲရေးစာချုပ်ကမှ အာဆတ်ရဲ့နိုင်ငံရေးအနာဂတ်နဲ့ပတ်သက်ပြီး ထိရောက်အောင်လုပ်ဆောင် ပေးနိုင်ခဲ့တာမရှိသေးပါဘူး။ ဒါသည့်ပင်လျှင် စစ်ပွဲအတွင်းပါဝင်ခဲ့ကြတဲ့သူတွေကို နိုင်ငံရေးမူဘောင်တစ်ခုဆီသို့ ရောက်ရှိအောင် လှုံ့ဆော်တိုက်တွန်းဖို့ကြိုးစားခဲ့တဲ့ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် ဒီမစ်စတူရာရဲ့အားထုတ်မှုလမ်းကြောင်းပေါ်မှာပိတ်ဆို့ဟန့်တားထားတဲ့ အဓိကအချက်တစ်ခုပဲဖြစ်ပါတယ်။

သို့သော်လည်း ခြောက်နှစ်ကြာတိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးနောက် လူငါးသိန်းကျော်သေဆုံးခဲ့ရကာ ဆီးရီးယားဒုက္ခသည်တွေ ဖွေးဖွေးလှုပ်တိုးပွားလာနေသလို လူသားချင်းစာနာထောက်ထားမှုအကူအညီတွေလိုအပ်နေတဲ့ ဆီးရီးယားနိုင်ငံသား ၁၃ ဒသမ ၅ သန်းလောက်ရှိနေတဲ့ လက်ရှိအခြေအနေမျိုးမှာ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ၎င်းတို့မျှော်လင့်ထားခဲ့သမျှတွေကို တံခါးဝမှာလွှတ်ချထားခဲ့ဖို့အချိန်တန်ပါပြီ။ ကမ္ဘာကြီးတစ်ခုလုံးအနေနဲ့လည်း သမ္မတအာဆတ်အနေနဲ့ ခြယ်လှယ်တတ်တဲ့ စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို ညှိနှိုင်းဆွေးနွေးသူများအဖြစ်သို့ မျက်လှည့်ဆန်ဆန်ပြောင်းလဲပစ်မယ့်အချိန်ကို ထိုင်ပြီး ဆုတောင်းနေရုံပဲရှိပါတော့တယ်။

လတ်တလောအခြေအနေတွေအရ ဆီးရီးယားပဋိပက္ခအပေါ်မှာ ချဉ်းကပ်မှုနည်းဗျူဟာအသစ်တစ်ရပ်ကိုချမှတ်ဖို့ လိုအပ်နေပါပြီ။ ဒီပြောင်းလဲမှုဟာ ဘယ်သူ့ကိုမှငြိမ်းချမ်းရေးနိဘယ်ဆုရရှိစေမှာတော့ မဟုတ်ဘူး။

ဒါပေမယ့် ဆီးရီးယား ပြည်သူတွေအခုချက်ချင်းလိုအပ်နေတဲ့ အကောင်းဆုံးအရာတစ်ခုတော့ ဖြစ်ကောင်းဖြစ်လာနိုင်မှာပါ။

**(ရိုက်တာ၊ဆင်ဟွာ)**



**ဒေသဆိုင်ရာအပစ်ရပ်စာချုပ်တွေနဲ့ သွားလာခွင့်ပိတ်ပင်ထားတဲ့ဇုန်တွေဟာ ပဋိပက္ခဆိုတဲ့ ရောဂါတစ်ခုရဲ့လက္ခဏာတွေကို ကုသနေတာနဲ့ အလားတူတယ်။တကယ်တော့ပဋိပက္ခရဲ့ဇာစ်မြစ်က သမ္မတအာဆတ်ရဲ့ အုပ်ချုပ်ရေးအဖွဲ့ကို အသက်ရှင်လွတ်မြောက်ခွင့်ပေးထားခြင်းပဲ ဖြစ်တယ်လို့ ဝေဖန်ထောက်ပြခဲ့**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

***ယမန်နေ့မှ အဆက်***

၆၆။ ဦးစီးဌာနသည် ပုဒ်မ ၆၃ အရ မလွဲမသွေပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့် နေ့ရက်၊ လိုင်စင်သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ပေးအပ်ရမည့် နစ်နာကြေးကို ကော်မတီက သတ်မှတ်ပေးသည့်အတိုင်း ထည့်သွင်းဖော်ပြပေးရမည်။

၆၇။ (က) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့်တစ်ခုအား မလွဲမသွေပေးရမည့် လိုင်စင်ကို တောင်းဆိုလျှောက်ထားခြင်းအတွက် နစ်နာကြေးကို ဆုံးဖြတ်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် စည်းကမ်းချက်များအတိုင်း ကျင့်သုံးရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ လေးနှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့်နေ့ရက်မှ သုံးနှစ်မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်းတွင် ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၄) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့် ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်သည့် အကြောင်းပြချက်ဖြင့် မလွဲမသွေပေးရမည့် လိုင်စင်တစ်ရပ်ကို လျှောက်ထားခြင်း မပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏ မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါလျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တောင်းဆိုချက်အပေါ်တွင် ကော်မတီသည် နှစ်ဖက်စလုံးမှ ဖြစ်စေ၊ တစ်ဖက်တည်းက ဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး တီထွင်မှုမူပိုင်ခွင့်ကို တရားဝင်အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များအား ပြောင်းလဲသွားသောအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် အတိုင်းအတာအထိ ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဃ) မလွဲမသွေပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်းအခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၆၈။ (က) ပုဒ်မ ၆၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄) အရ မလွဲမသွေပေးရမည့် လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်းလိုင်စင်လျှောက်ထားသူထံမှ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် တောင်းဆိုချက်ကို လက်ခံရရှိသော်လည်း အဆိုပါ လျှောက်ထားသည့် ပုဂ္ဂိုလ်သည် သင့်လျော်သော အချိန်အတွင်း သင့်လျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းမရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်သော ကိစ္စရပ်များ သို့မဟုတ် အလွန်အမင်း ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်သည့် အခြားသော အခြေအနေများ သို့မဟုတ် စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကိုဆန့်ကျင်သော လုပ်ငန်းများအား ကုစားရန် လိုင်စင်ပေးအပ်သည့် အခါများတွင် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ယခင် ကြိုးပမ်းမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၆၉။ ကော်မတီက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ်(၂) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မလွဲမသွေပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့် တစ်ခုနှင့်သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်နိုင်မှုစွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန်စွမ်းရည်မပြည့်မီသောနိုင်ငံ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါဆုံးဖြတ်ချက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန်ဖြစ်သည့်အခါတို့မှ တစ်ပါး အဓိကအားဖြင့် နိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၇၀။ ပုဒ်မ ၆၃ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၅) အရ မလွဲမသွေပေးရမည့်လိုင်စင် ခွင့်ပြုသည့်အခါ-

(က) ပထမတီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင် ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှု မူပိုင်ခွင့်အား ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၇၁။ မလွဲမသွေပေးရမည့် လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက်အပါအဝင် ယင်းလိုင်စင်ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ လျှောက်ထားနိုင်သည်။

**အခန်း (၁၇)**

**တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း**

၇၂။ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို ယင်း၏ ဆန္ဒအလျောက် ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများ ပူးတွဲရရှိထားခြင်းဖြစ်ပြီး ယင်းတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ အားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို ဦးစီးဌာနတွင် ပြန်လည်အပ်နှံနိုင်သည်။

၇၃။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် ပြန်လည်အပ်နှံခြင်းကိုစိစစ်၍ ယင်းသို့ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် အဆိုပါ တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ရုပ်သိမ်းရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၅။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည် -

(က) တီထွင်မှုသည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့အရ တီထွင်မှုမူပိုင်ခွင့်ရနိုင်သော တီထွင်မှုမဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တွင် ပြင်ဆင်မှုများသည် ဖော်ပြချက်ကို ထုတ်ပြန်ကြေညာခဲ့စဉ်က မူလလျှောက်ထားချက်တွင် တောင်းဆိုထားသည့် အရာများထက် ကျော်လွန်နေကြောင်း တွေ့ရှိခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသော သတင်းအချက်အလက် တစ်ရပ်ရပ်ကိုချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေးနေ့ရက်မတိုင်မီ လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သောသတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာ ဖော်ပြထားခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့် ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၇၆။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်-

(က) လျှောက်ထားသူသည် ပုဒ်မ ၃၉ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိရန် အမိန့်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) အရ အခကြေးငွေပေးသွင်းထားမှု မရှိခြင်းကြောင့် ပျက်ပြယ်ခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ အတိုင်း သတ်မှတ်ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန် ဖော်ပြထားခြင်း။

၇၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ အဆိုပါ ရုပ်သိမ်းခြင်းကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၈)**

**အသေးစားတီထွင်မှု**

၇၈။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင် လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ-

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ သို့မဟုတ် အခြားသော အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသော အရာများနှင့်

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်းတည်ရှိနေသော အလှအပ အဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာ နည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါ အသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များအား မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှု မူပိုင်ခွင့်လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုရန် လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်သည်။

၇၉။ အသေးစားတီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၁၀ နှစ် ဖြစ်သည်။

၈၀။ စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ပုဒ်မ ၂ ပုဒ်မခွဲ (ဈ) ပါအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိ မရှိ၊ ပုဒ်မ ၁၆ ၊ ပုဒ်မ ၁၇၊ ပုဒ်မ ၇၈ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မှတ်ပုံတင် အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာလက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက မှတ်ပုံတင်အရာရှိထံ တင်ပြပြီး အဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူ၍ ရုပ်သိမ်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၈၁။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ရပ်နှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို အများပြည်သူသိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၈၂။ (က) အသေးစားတီထွင်မှု မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ခိုင်လုံသော သက်သေခံအထောက်အထားများဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၈၃။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်း မရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစားတီထွင်မှုမူပိုင်ခွင့် လက်မှတ်ကို ထုတ်ပေးရမည်။

***(ဆက်လက်ဖော်ပြပါမည်)***

## အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာတွင် အကြောင်းရင်းမသိရဘဲ ကျွဲများသေဆုံးမှုဖြစ်

**မိုးညှင်း ဩဂုတ် ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စုရှိ မမုန်ကိုင်ကျေးရွာ၌ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အတွင်း ဒေသခံပြည်သူသုံးဦး မွေးမြူထားသော ကျွဲ ၁၁ ကောင် သေဆုံးမှု ဖြစ်ပွားခဲ့ကာ သေဆုံးသည့်အကြောင်းရင်း မသိရသေးဘဲ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

မမုန်ကိုင်ကျေးရွာနေ ဦးမောင်ထွေး မွေးမြူထားသော အသက်သုံးနှစ်အရွယ် ကျွဲထီးလေးကောင်နှင့် ကျွဲမတစ်ကောင် စုစုပေါင်း ငါးကောင်မှာ ဇူလိုင် ၂၉ ရက် ညပိုင်းတွင် သေဆုံးခဲ့၍ တစ်ကောင်လျှင် ကျပ်ငါးသိန်းခန့်တန်ဖိုးဖြင့် ငါးကောင်အတွက် ၂၅ သိန်းခန့် ဆုံးရှုံးခဲ့ရကြောင်း၊ ဇူလိုင် ၃၀ ရက်တွင် မမုန်ကိုင်ရွာနေ ဦးလင်းအောင် မွေးမြူထားသော အသက် သုံးနှစ်အရွယ် ကျွဲထီးသုံးကောင်နှင့် ကျွဲမနှစ်ကောင် ထပ်မံသေဆုံးခဲ့ပြီး ဩဂုတ် ၁ ရက် နေ့လယ်ပိုင်းတွင် မမုန်ကိုင်ကျေးရွာနေ ဒေါ်ချိုအေး မွေးမြူထားသော အသက်တစ်နှစ်ခန့်အရွယ် ကျွဲမတစ်ကောင် ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသွားသော ကျွဲ ၁၁ ကောင်ထဲတွင် ဦးမောင်ထွေး၏ ကျွဲငါးကောင်နှင့် ဒေါ်ချိုအေး၏ ကျွဲတစ်ကောင်မှာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ကာကွယ်ဆေး ထိုးနှံထားပြီးဖြစ်ကာ ဦးလင်းအောင်၏ ကျွဲငါးကောင်မှာ ကာကွယ်ဆေးထိုးနှံရခြင်းမရှိသေးကြောင်း သိရသည်။

သေဆုံးသော ကျွဲများထဲမှ ဒေါ်ချိုအေး၏ကျွဲမှာ သေဆုံးချိန်တွင် နားရွက်အေးခြင်း၊ ချောင်းဆိုးခြင်း၊ မျက်လုံးမှေးခြင်း လက္ခဏာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ထိုရွာရှိ ဒေသခံပြည်သူများ၏ ကျွဲများနှင့် အင်းတော်ကြီးဒေသရှိ ကျေးရွာများတွင် ကျွဲများ ထပ်မံသေဆုံးမှုမဖြစ်စေရန်အတွက် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမျိုးဝင်းလတ် ဦးဆောင်သည့်အဖွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၆၇)**

## မြစ်သားမြို့နယ်၌ JICA မှ လှူဒါန်းသော အသေးစားရေအားလျှပ်စစ်တာဘိုင် ဖွင့်လှစ်



**မြစ်သား ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပွဲလုံးကျော်ကျေးရွာအုပ်စု မြောင်းဘောင်ကြီးကျေးရွာ၌ JICA အဖွဲ့အစည်းမှလှူဒါန်းသော အသေးစားရေအားလျှပ်စစ်တာဘိုင် ဖွင့်ပွဲကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် JICA အဖွဲ့အစည်းမှ Miss Suzuki နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၊ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်း၊ အင်ဂျင်နီယာချုပ် ဦးထွန်းကျော်စိုး၊ ညွှန်ကြားရေးမှူး ဦးဌေးဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အသေးစားရေအားလျှပ်စစ်တာဘိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံ Hokuriku Seiki ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ Hokuriku Seiki က နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကလည်း အသေးစားရေအားလျှပ်စစ်တာဘိုင် ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

JICA အဖွဲ့အစည်းမှ လှူဒါန်းသော အဆိုပါ အသေးစားရေအားလျှပ်စစ်တာဘိုင်ကို မြောင်းကြီးဘောင်ကျေးရွာအနီးရှိ ကင်းတားလက်ဝဲမြောင်း လက်တံ(၃-ဂ)ပေါ်တွင် တည်ဆောက်ထားပြီး အဆိုပါတာဘိုင်ဖြင့် မြောင်းကြီးဘောင်ကျေးရွာရှိ အိမ်ခြေ ၁၁၀ နှင့် ပွဲလုံးကျော်ကျေးရွာရှိ အိမ်ခြေ ၁၈၀ တို့မှာ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

## H1N1 ကာကွယ်ရေး မန္တလေးတစ်တိုင်းလုံးတွင် Mask Campaign ဆောင်ရွက်သွားမည်

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးတွင် H1N1 ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုတစ်ရပ်အဖြစ် ဩဂုတ် ၅ ရက်(ယနေ့)မှစ၍ တိုင်းဒေသကြီးတစ်ခုလုံး အတိုင်းအတာဖြင့် Mask Campaign ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင်၌ ဩဂုတ် ၂ ရက်က ကျင်းပသည့် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရ သည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးနှင့် ပါမောက္ခဌာနမှူးများ တက်ရောက်ဆွေးနွေးကြပြီး Mask Campaign ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ထိန်းချုပ်ရန်အတွက် ပြည်သူလူထုအသိပညာပေးရေးလုပ်ငန်းများကို ထပ်မံ၍ အရှိန်မြှင့်တင်ပေးနိုင်ရန်၊ ပြည်သူလူထုအနေဖြင့် ရောဂါအကြောင်းကို ပိုမိုသိရှိနားလည်လာစေရန်နှင့် သံသယရှိ လူနာတွေ့ရှိပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး ပို့ဆောင်သတင်းပို့ပေးနိုင်ရန်ရည်ရွယ်၍ Mask Campaign ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ Mask Campaign ကို ဩဂုတ် ၅ ရက်မှာ လုပ်ဆောင်သွားမယ်။ Mask Campaign မှာဆိုရင် ပြည်သူလူထုနဲ့ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာရေးအသိပညာပေးမှုအဖြစ် ပိုစတာတွေကပ်မယ်။ လက်ကမ်းစာစောင်တွေ ဝေပေးမယ်။ ပြီးရင် Mask တွေလည်း ဝေသွားမယ်။ တစ်တိုင်းလုံးအတိုင်းအတာနဲ့ ခရိုင်နဲ့ မြို့နယ်တွေမှာ တစ်ပြိုင်နက် လုပ်ဆောင်သွားမှာပါ"ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်က အစည်းအဝေးတွင် ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လတ်တလောတွင် H1N1ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်သော သတင်းထုတ်ပြန်ချက်များ၊ တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများမှ သတင်းများနှင့် ခရိုင်နှင့် မြို့နယ်များအားလုံးတွင် H1N1 ရောဂါ သံသယဖြစ်ဖွယ်လူနာများအကြောင်း သတင်းများကို အချိန်နှင့်တစ်ပြေးညီ နေ့စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် H1N1 ရောဂါအကြောင်းကို ခရိုင်နှင့် မြို့နယ်များရှိ ဆေးရုံများတွင် ပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးခြင်း၊ ကာကွယ်ရေးပစ္စည်းများဖြစ်သော PPE နှင့် N95 Mask များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နေသည့်အပြင် ခရိုင်နှင့် မြို့နယ်များမှ ပြည်သူလူထုကြားတွင်လည်း ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ညောင်ဦးလေဆိပ်တို့တွင်လည်း Fever Surveillance များဖြင့် စစ်ဆေးမှုများဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## မြန်အောင်မြို့မှ ကြက်များသေဆုံးမှုဖြစ်သောကြက်ခြံတွင် H5N1 မတွေ့ရ

**မြန်အောင် ဩဂုတ် ၄**

မြန်အောင်မြို့အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက် မွေးမြူသော ကြက်ခြံတစ်ခြံတွင် ကြက်များသေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက် ပုသိမ်မြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် အင်းစိန်မြို့နယ် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတို့တွင် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ H5N1 ရောဂါပိုး မတွေ့ရကြောင်း သိရသည်။

အဆိုပါကြက်ခြံတွင် ဇူလိုင်လကုန်ပိုင်းက ကြက်များ သေဆုံးမှုဖြစ်ခဲ့ပြီးနောက် မြန်အောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးဆောင်၍ ကြက်ခြံတွင် ဆေးဖျန်းခြင်း၊ ပတ်ဝန်းကျင်နေသူများအား လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သေဆုံးသောကြက်သားများနှင့် ကြက်ဥများကို ပြည်သူလူထုအတွင်း ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန် တားမြစ်ခဲ့ကာ ကြက်များသေဆုံးမှုဖြစ်ပွားသော ကြက်ခြံမှ သွေးရည်ကြည်နမူနာကို ပုသိမ်မြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဆိုင်ရာရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပို့၍ စစ်ဆေးရာ H5N1 ရောဂါပိုးမတွေ့ရှိကြောင်း ဇူလိုင် ၃၁ ရက်တွင် သိရှိခဲ့ရသည်ဟု မြန်အောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှိုင်ဆွေ၏ ပြောကြားချက်အရ သိရသည်။

ထို့နောက်တွင် အဆိုပါ အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက်မွေးမြူသော ကြက်ခြံမှ ဥစားကြက်များ ထပ်မံသေဆုံးမှုဖြစ်ပွားခဲ့၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှိုင်ဆွေ ဦးဆောင်သော ဝန်ထမ်းများက ကြက်အသေများကို ဆေးဖျန်း၍ မြေမြှုပ်ခြင်း၊ ကြက်ခြံတွင် ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး လတ်ဆတ်သော ကြက်သေနှစ်ကောင်နှင့် သွေးရည်ကြည်နမူနာကို အင်းစိန်မြို့ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ပို့၍ ထပ်မံရောဂါရှာဖွေစစ်ဆေးရာ ဩဂုတ် ၂ ရက်တွင် ကြက်လည်လိမ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါမရှိကြောင်း ဆေးစစ်ချက်အဖြေရရှိ အတည်ပြုနိုင်ခဲ့သည်ဟု မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံမှ သိရသည်။

မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဥစားကြက်မွေးမြူသောခြံမှ ကြက်များသေဆုံးခြင်းမှာ H5N1 ကြောင့် မဟုတ်ကြောင်း အတည်ပြုနိုင်ပြီဖြစ်၍ အဆိုပါ ကြက်များသေဆုံးခြင်းသည် မိုးတွင်းအခါ မှိုတက်အစာများ ကျွေးမိ၍ အစာအဆိပ်သင့်ခြင်း(Aflatoxins) ကြောင့်သော်လည်းကောင်း၊ ဇီဝလုံခြုံမှု(Biosecurity) အားနည်းခြင်းကြောင့်သော်လည်းကောင်း၊ ခြံသန့်ရှင်းမှု အားနည်းခြင်းကြောင့်သော်လည်းကောင်း၊ စိုစွတ်သောကြက်ချေးများတွင် Bacteria ပေါက်ပွားကာ အဆိပ်ထုတ်လွှတ်ခြင်းကြောင့်သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှု(Management)မှားယွင်းခြင်းကြောင့်သော်လည်းကောင်း High Fever ဖြစ်ကာ ကြက်များသေဆုံးခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ယူဆကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ခန့်မှန်းပြောကြားထားသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

## H1N1 ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေး

**အောင်လံ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ဒေသခံပြည်သူများအား ရာသီတုပ်ကွေးရောဂါ H1N1 ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဩဂုတ် ၂ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်လံမြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြို့မစျေးကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ သရက်တော၊ ကန်ကြီးရပ်ကွက်နှင့် စျေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဓမ္မမာမက ပရဟိတအသင်းသားများ ပူးပေါင်း၍ မြို့မစျေးဆေးဆိုင်များမှလှူဒါန်းသော နှာခေါင်းစည်း (Mask) ၃၉၄၀ နှင့် လက်ဆေးရန် ဖူဂျီဆပ်ပြာခရင် အထုပ် ၂၀၀၀ ကို ဒေသခံပြည်သူများအား ဝေငှပေးခဲ့ခြင်းဖြစ်သည်။

နှာခေါင်းစည်းများ၊ ဆပ်ပြာခရင်များနှင့် ကျန်းမာရေးဌာနမှဖြန့်ဝေသော အသိပညာပေးလက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာ ပြည်သူများအပြင် သရက်တော(ဗိုလ်ကုန်း)ရပ်ကွက်နှင့် အမက(သရက်တော) ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများကိုလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**



## စစ်ကိုင်းတိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်သစ်များ ရွေးချယ်

**မုံရွာ ဩဂုတ် ၄**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) စစ်ကိုင်းတိုင်းဒေသကြီးအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဇူလိုင် ၃၀ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မုံရွာမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဖေသန်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းမြိုင်နှင့် တိုင်းဒေသကြီးသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအာလောက(ဝရဇိန်)တို့က အမှာစကားပြောကြားပြီး တစ်နှစ်တာ အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဒေါ်ယဉ်ယဉ်သိန်း(ယဉ်ယဉ်သိန်း-နဘား)နှင့် အသင်းဘဏ္ဍာရေးမှူး ဦးမောင်ဦး(ကျောင်းတော်ရာမောင်ဦး)တို့က တင်ပြရှင်းလင်းခဲ့သည်။

ထို့နောက် အသင်းဝင်များ၏ ဆန္ဒပေးရွေးချယ်မှုအရ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်း၊ အတွင်းရေးမှူးဦးကျော်ထူး(ကျော်ထူး-စစ်ကိုင်း)တို့ ပါဝင်သော အလုပ်အမှုဆောင်သစ် ၁၃ ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အသင်းဝင်များက သက်ကြီးသတင်းစာဆရာကြီးများဖြစ်သော ဦးအုန်းကျော်(ခင်ဦး)၊ ဦးကိုမင်း(အင်းတော်)နှင့် ဦးထွေးမြင့်နိုင်(စစ်ကိုင်း)တို့အား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ဇာတ်လမ်းတွဲများကြောင့် လူသိများလာရသည့် သရုပ်ဆောင် အောင်မင်းခန့်

ကိုလင်း

ထာဝရမန္တလေးဇာတ်လမ်းတွဲဖြင့် ပရိသတ်သတိထားမိလာပြီး Stars & Model's Int'L Model သင်တန်းမှ တစ်ဆင့်အနုပညာလမ်းကြောင်းပေါ်ရောက်လာသည့် အောင်မင်းခန့်က ဇာတ်လမ်းတွဲများကြောင့် ယခုလို အောင်မြင်မှုရရှိလာကြောင်း ပြောပြသည်။

Manhunt Myanmar ပြိုင်ပွဲတွင် 2nd runner up ဆုကိုရရှိခဲ့ပြီး သရုပ်ဆောင် နိုင်းနိုင်း၏ညီ တစ်ဝမ်းကွဲတော်စပ်သူ မင်းသားသစ် အောင်မင်းခန့်သည် ထာဝရမန္တလေးအပြင် "ဝက်ပါစံအိမ်" ဇာတ်လမ်းတွဲ၊ ဝိညာဉ်ရှိုက်သံ၊ ပို၍လှသောမနက်ဖြန်နှင့် ရတနာထဲကရတနာ အစရှိသည့် ဇာတ်လမ်းတွဲများတွင်လည်း ပရိသတ်ကြိုက်နှစ်သက်မှုကို ရရှိထားသူဖြစ်လာသည်။

**မေး ။ အောင်မင်းခန့်ရဲ့ လက်ရှိအနုပညာလုပ်ငန်းတွေအကြောင်း ပြောပြပေးပါလား။**

ဖြေ ။ လတ်တလောမှာ ကြော်ငြာတွေရိုက်ဖြစ်နေတယ်။ သရုပ်ဆောင်အပိုင်းကတော့ ပဥ္စလက်ရွာကို ရိုက်ကူးနေပါတယ်။ ဇာတ်လမ်းက မော်နည်းနည်းဆန်တယ်။ ဇာတ်လမ်းထဲမှာ ကျွန်တော်က မျက်လှည့်ဆရာ တစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာပါ။ ကျွန်တော့်အဖေ ပျောက်သွားတဲ့အတွက် ကျွန်တော်က မျက်လှည့်ပြရင်းလိုက်ရှာတယ်။ ပဥ္စလက်ရွာမှာ မျက်လှည့်ပညာရှင်တွေ စုဝေးတတ်တော့ အဲ့ဒီရွာကိုသွားပြီး ကျွန်တော့်အဖေကို လိုက်ရှာတယ်။ ဇာတ်ကတော့ရသစုံတယ်လို့ပြောရမှာပဲ။ သရုပ်ဆောင်တွေက ကျွန်တော်ရယ်၊ ဦးကျော်သူ၊ သူရိယ၊ နေအဥ္စရာနဲ့အနုပညာရှင်တွေအများကြီး ပါဝင်ပါတယ်။

**မေး ။ ဇာတ်လမ်းတွေရိုက်ကူးမှုအပြင် အခြားရော အနုပညာနဲ့ပတ်သက်တဲ့ လုပ်ဆောင်ချက်တွေကို လည်း ပြောပြပေးပါ။**

ဖြေ ။ သရုပ်ဆောင်ပိုင်းအပြင် ကျွန်တော်အဆိုပိုင်းကိုလည်း ငယ်စဉ်ကတည်းက ဝါသနာပါတယ်ခင်ဗျ။ အခွင့်အရေးရှိလာရင် လုပ်ဖြစ်မယ် ထင်ပါတယ်။ အခုလောလောဆယ်တော့ ကျွန်တော် သရုပ်ဆောင်ပိုင်းကိုပဲ ပိုပြီးသင်ယူရင်း လုပ်ဆောင်ဖြစ်ပါတယ်။

**မေး ။ အနုပညာလောကမှာ ရပ်တည်ဖို့အတွက် အခက်အခဲတွေရှိလား။ ညီလေးရဲ့အနုပညာလမ်းကြောင်း ဖြတ်သန်းမှုတွေ အကြောင်းလည်း ပရိသတ်သိအောင် ပြောပြပါဦး။**

ဖြေ ။ ကျွန်တော်က ကိုနိုင်းနိုင်းနဲ့ညီအစ်ကို ဝမ်းကွဲတော်ပါတယ်။ ငယ်ငယ်တုန်းကတော့ အစ်ကို့ရှုတင်တွေ သွားလေ့လာဖူးတယ်။ ကိုယ်ကိုယ်တိုင်မျက်နှာသစ်အနေနဲ့ အနုပညာလောကကို ရောက်ခဲ့တော့ အခက်အခဲတွေက အများကြီးရှိပါတယ်။ ကျော်ဖြတ်ဖို့အတွက် ရိုးသားစွာ၊ ကြိုးစားစွာ သင်ယူနိုင်ဖို့ အများကြီး စိတ်ပင်ပန်းခဲ့တယ်။ နောက်ဆုံးတော့ အတိုင်းအတာတစ်ခုပေါ့၊ အဲလောက်ထိတော့ နေရာလေး တစ်နေရာ ရလာခဲ့တယ်လို့ယူဆရင် ရပါတယ်။

**မေး ။ အနုပညာလောကကို ရောက်ရှိလာခဲ့ပုံနဲ့ အခုလို ဇာတ်လမ်းတွဲတော်တော်များများမှာ နေရာရလာပုံကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ အရင်ဆုံး ကျွန်တော် Stars&Model's Int'L မှာ မော်ဒယ်သင်တန်းစတက်ခဲ့တာ။ နောက်ပိုင်း သရုပ်ဆောင်လိုင်းကို ကူးချင်တဲ့အတွက် ပြိုင်ပွဲတွေကို စွန့်ခွာခဲ့တာကြာခဲ့ပြီ။ သရုပ်ဆောင်ဆိုပြီး လုပ်လာတာတော့ ရှစ်နှစ်ဝန်းကျင်ရှိပြီ။ အတွေ့အကြုံတွေလည်း အများကြီးရတယ်။ ခံနိုင်ရည်ရှိပြီး ကြိုးစားခဲ့လို့ အနည်းငယ်တော့ အရင်ကထက် ရင့်ကျက်လာခဲ့တယ်။ နောက်ပိုင်း ဇာတ်လမ်းတွဲတွေ ခေတ်စားလာတော့ ကျွန်တော်ပိုပြီး နာမည်လေးရလာတယ်။

**မေး ။ ကိုယ့်အနုပညာအပေါ်မှာရော ဘယ်လိုပြန်သုံးသပ်ပြပြင်တာမျိုး ရှိပါသလဲ။**

ဖြေ ။ အနုပညာမှမဟုတ်ပါဘူး။ ဘယ်လုပ်ငန်းမဆို သင်ယူလို့၊ လေ့လာလို့ ဆုံးသွားတာမှ မဟုတ်တာ။ တောက်လျှောက် သင်ယူလေ့လာပြီး ပိုကောင်းမွန်တဲ့ ဘဝကို မြှင့်ယူကြရမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း ယနေ့အထိလေ့လာနေဆဲပါ။ လေ့လာလို့လည်း ဘယ်တော့မှ ဆုံးသွားမယ် မထင်ဘူး။ လေ့လာသလောက်လည်း အားရကျေနပ်မှု၊ တင်းတိမ်မှု မရှိသေးဘူး။ ကျွန်တော့်အနေနဲ့ကတော့ အမြဲတမ်းလေ့လာ ကြိုးစားနေမှအဆင်ပြေမယ်ထင်ပါတယ်။

**မေး ။ ဒီနှစ်ထဲမှာ အနုပညာနဲ့ပတ်သက်ပြီး အသစ်အဆန်း ဘာတွေပေးဖို့ရှိပါသလဲ။**

ဖြေ ။ အခုရိုက်နေတဲ့ ပဥ္စလက်ရွာက အရင်ဇာတ်လမ်းတွဲတွေနဲ့ လုံးဝကွဲထွက်ပြီး ထူးထူးခြားခြား ဖြစ်နေလိမ့်မယ်။ ပရိသတ်လည်း ကြိုက်ကြလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီဇာတ်လမ်းတွဲက ကျွန်တော် ရိုက်နေကတည်းက သဘောကျတယ်။ ကာရိုက်တာတွေကလည်း ဆန်းကြယ်တယ်။ လာမယ့် စက်တင်ဘာလလောက်တော့ ပရိသတ်ကြီး ကြည့်နိုင်မယ်ထင်ပါတယ်။ ကျွန်တော့်သရုပ်ဆောင်မှုအတွက်လည်း ဝေဖန်ထောက်ပြအကြံပေးပါလို့ တောင်းဆိုလိုပါတယ်။ ။

## အပြိုင်ဇာတ်ရုပ်တွေမှာ ကိုယ့်တာဝန်ကိုယ်ကျေရင် အောင်မြင်မှုကိုရရှိနိုင်

ကိုလင်း

အနုပညာလောကတွင် ပုံမှန်ဖြတ်သန်းနေပြီး သရုပ်ဆောင်ပိုင်းတွင် ပိုမိုအားထည့်လာသည့် သဥ္ဇာဝင့်ကျော်က အနုပညာလောကထဲ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ "မင်းလည်း ဘိုကေ၊ ငါလည်း ဘိုကေ" ဟာသ ရုပ်ရှင်ဇာတ်ကားထဲတွင် ကျောင်းဆရာမလေးအဖြစ် သရုပ်ဆောင်ရင်း ပရိသတ်ကို အမြင်တစ်မျိုးခံစားရအောင် လုပ်ပြနိုင်ခဲ့ပြီး တခြားလူတွေကို ယှဉ်ပြိုင်တာထက် မိမိကိုယ်ကိုယ်သာ ယှဉ်ပြိုင်ခြင်းက ကိုယ့်လိုအပ်ချက်များအား ပိုမို သိရှိစေသည်ဟု ခံယူ ထားကြောင်း ပြောကြားသည်။

"ဒီနှစ်ဇာတ်ကားကြီး တွေ ပိုရိုက်ဖြစ်တယ်။ ဇာတ် ကား ရိုက်ကူးမှုတွေလည်း လုပ်နေတယ်။ ရိုက်ထားတဲ့ ဇာတ်ကားကြီးတွေ ရုံတင်ဖို့ ရှိတယ်။ ကြော်ငြာလေး တွေရိုက်ဖြစ်တယ်။မဂ္ဂဇင်းနဲ့ ဂျာနယ်တွေအတွက် ခေါင်းဖုံးလေးတွေ ရိုက်ပေးဖြစ်တယ်။ အနုပညာပိုင်းကိုပဲ သေချာလုပ်ဆောင်ဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။



ယခုနောက်ပိုင်းတွင် ပုံမှန်ဇာတ်ရုပ်များထက် အပြိုင်ဇာတ်ရုပ်များ ခေတ်စားလာရာ ကြည့်ရှုသူများကလည်း အနုပညာရှင်များ အပြိုင် သရုပ်ဆောင်မှုကြောင့် ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရသည်။ ယင်းအခြေအနေတွင် အနုပညာရှင်များဘက်မှလည်း အပြိုင်ဇာတ်ရုပ်အတွက် ပိုပြီးသတိထား သရုပ်ဆောင်ကြရပြီး အနုပညာ ရလဒ်ကောင်းမွန်စေရန် ကြိုးစားကြရသည်ကို မြင်တွေ့ရသည်။

"ကျွန်မကတော့ မင်းသမီးအပြိုင်ဇာတ်တွေ ရိုက်ဖြစ်တယ်ဆိုတာက အဓိက သူလုပ်ဆောင်တဲ့အပိုင်းကို သူလည်း အကောင်းဆုံးလုပ်ဆောင်တယ်။ ကိုယ်လုပ်ဆောင်ရမယ့်အပိုင်းကိုကိုယ်ကလည်း အကောင်းဆုံး လုပ်ဆောင်တယ်ဆိုရင် ဘာပြဿနာမှ မရှိနိုင်ဘူးလို့ ထင်ပါတယ်။ ဟိုလူပါတယ်၊ ဒီလူပါတယ်ဆိုပြီး မလုပ်ဆောင်တာမျိုး ကျွန်မမှာ မရှိပါဘူး။ ကိုယ့်ရဲ့လုပ်ကွက်ရတဲ့ ဇာတ်ကိုအကောင်းဆုံး လုပ်ဆောင်တယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် စေတနာပါပါနဲ့ လုပ်မယ်ဆိုရင် ကောင်းတဲ့ အကျိုးရလဒ်ကို ရမယ်လို့လည်း ယုံကြည်တယ်"ဟု အပြိုင်ဇာတ် ကားများအကြောင်းကို သဥ္ဇာဝင့်ကျော်က ပြောသည်။

တည်ငြိမ်သည့် သရုပ်ဆောင်မှုများဖြင့် အနုပညာလမ်းကို မှန်မှန်လျှောက် လှမ်းနေသည့် သဥ္ဇာဝင့်ကျော်က ရုပ်ရှင်ကားကြီးများအပြင် ဇာတ်ကားပေါင်းများစွာ လက်ခံရိုက်ကူးလျက်ရှိရာ "ကိုယ်ရိုက်ထားတဲ့ ဇာတ်ကားတွေရဲ့ရလဒ်ကိုကြည့်ပြီး ကိုယ့်ကိုယ်ကို ကြည့်လို့ လာငှားကြတယ်လို့ ထင်ပါတယ်။ ကိုယ်တိုင်လည်း သေချာ ကြိုးစားတဲ့အတွက် ကိုယ့်ကြိုးစားမှု ရလဒ်တစ်ခုဆိုလည်း မမှားဘူး"ဟု ရိုက်ကူးနေရသည့် အခြေအနေကို ပြောပြသည်။

အ ချစ် ရေး တွင် မကြာသေးခင်က ချစ်သူနှင့် လမ်းခွဲလိုက်ကြောင်းကို လူမှုကွန်ရက်မှ တစ်ဆင့် ပြောပြထားသည့် သဥ္ဇာဝင့်ကျော်က "အိမ်ထောင်ပြုပြီးမှ ကွဲသွားရင် ပိုဆိုးတယ်လေ။ အပျိုဘဝမှာ လူငယ်သဘာဝ တွေ့ဆုံကြုံကွဲက နည်းနည်းတော်သေးတယ်။ အိမ်ထောင်ပြုဖို့ဆိုတာ သေသေချာချာ ပြင်ဆင်ပြီးမှ လုပ်သင့်တယ်။ မိဘတွေလည်း ရှိသေးတယ်ဆိုတော့ ပြန်လုပ်ကျွေးရဖို့လည်း အချိန်ယူချင်သေးတယ်။ အပျိုကြီးတော့ မလုပ်ပါဘူး။ ယူချိန်တန်ရင် ယူဖြစ်မယ်ထင်တာပဲ။ ဒါပေမယ့် လတ်တလောမှာတော့ အိမ်ထောင်ပြုဖို့ မရှိသေးဘူး။ အချိန်တွေ ပိုထွက်လာတဲ့အတွက် အနုပညာအလုပ်တွေ ပိုလုပ်ဖြစ်တယ်"ဟု အချစ်ရေးကို ပြောပြသည်။



## အိမ်ထောင်ရှင်အမျိုးသမီးတွေ စိတ်ဓာတ်ခွန်အားအတွက် အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲကို သွားရောက်မည်

အမျိုးသမီးများ၏ အလှကို သတ်မှတ်ရာတွင် ကျန်းမာကြံ့ခိုင်ခြင်း၊ ဉာဏ်ပညာမြင့်မားခြင်း၊ လုပကျော့ရှင်းခြင်း စသည့်အချက်အလက်များနှင့် သတ်မှတ်ကြပြီး အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးအနေဖြင့် ယင်းသုံးချက် အပြင် မိသားစုဘဝ သာယာချမ်းမြေ့ရေး၊ မိမိကိုယ်ကိုယ်နှင့် မိသားစုဘဝကို မြှင့်တင်ပေးနိုင်ရေး၊ မိခင်စိတ်ပြည့်ဝရေးစသည့် အခြေအနေကောင်း များစွာရှိရန် လိုအပ်သည်။ အလှမယ် ကေခိုင်နှင်းသည် စက်တင်ဘာ ၂ရက်တွင် တောင်အာဖရိကဌ ကျင်းပတော့မည်ဖြစ်သည့် Mrs Universe 2017 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်းသည် ကိုးနှစ်နှင့် ခြောက်နှစ်အရွယ် ကလေး နှစ်ဦးမိခင်ဖြစ်ပြီး အိမ်ထောင်ရှင်အမျိုးသမီးများအားလုံးအတွက် ခွန်အားတစ်ရပ်အနေဖြင့် ရရှိစေရန် ရည်ရွယ်ကာ ယှဉ်ပြိုင်မည်ဖြစ်သည်။ "ကျွန်မတို့နိုင်ငံမှာက အမျိုးသမီးတော်တော်များများ အိမ်ထောင်ကျပြီးသွားရင် အိမ်ထောင်မှုကိစ္စတွေနဲ့ပဲ လုံးလည်ချာလည်နဲ့ ကိုယ့်အတွက်ဆိုတာမျိုး မရှိကြတော့ဘူး။ အိမ်ထောင်ရှင်အမျိုးသမီးတော်တော်များများမှာ သူတို့စိတ်ထဲက အားငယ်မှု၊ သိမ်ငယ်မှုတွေ၊ လိုအပ်တဲ့အရာတွေ၊ အလှအပတွေအတွက် သူတို့ကို အားပေးချင်တယ်။ ပြိုင်ပွဲရဲ့ရည်ရွယ်ချက်ကလည်းကောင်းလို့ ယှဉ်ပြိုင်တာပါ"ဟု ကေခိုင်နှင်းက ပြောသည်။

ဝေလင်း

## လူငယ်များစိတ်ဝင်စားကြသည့် Galaxy Star ပြိုင်ပွဲ၏ ဆန်ခါတင် ၁၀ဦးထွက်ပေါ်

လျှပ်တစ်ပြက်ရွေးချယ်မှု၊ လူငယ်များအကြိုက် လွတ်လပ်မှုတို့ဖြင့် နိုင်ငံတကာ ကြယ်ပွင့်အထိ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသည့် Galaxy Star Myanmar 2007 ပြိုင်ပွဲ၏ နောက်ဆုံးဆန်ခါတင် ၁၀ ဦးကို ဩဂုတ် ၄ ရက် သောကြာနေ့တွင် ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ တစ်နိုင်ငံလုံးရှိ အရည်အချင်းရှိ လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အရောက်သွားခဲ့ကြောင်း သိရပြီး ယင်းအစီအစဉ်ကို ပါဝင်ယှဉ်ပြိုင်သူပေါင်း ၂၅၀၀၀ကျော်ဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ Galaxy Star Myanmar 2017 အဆိုပြိုင်ပွဲကို ဧပြီလ ၇ရက်မှ စတင်ကာ အပတ်စဉ် သောကြာနေ့တိုင်း MRTV ရုပ်သံလိုင်းမှ ည ၉နာရီ ၁၅မိနစ်တွင် ပြသခဲ့ပြီး မြန်မာနိုင်ငံ၌ရှိသည့် လူငယ်များကို ပြည်တွင်းမှာ ယှဉ်ပြိုင်ခြင်းသာမက နိုင်ငံတကာအဆင့် ယှဉ်ပြိုင်မှုများတွင် လိုအပ်သည့် ယုံကြည်မှုနှင့် အရည်အချင်းများကို ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များအား အဆင့်ဆင့် စိန်ခေါ်မှုများစွာကို ဖြတ်သန်းစေခဲ့ပြီး ယခုနောက်ဆုံးတွင် ကိုရီးယားနိုင်ငံမှ အဆိုပညာရှင်များ၊ ဂီတကျွမ်းကျင်သူများနှင့် ထရိန်နာများစွာက လေ့ကျင့်သင်ကြားမှု၊ အကဲဖြတ်အမှတ်ပေးမှုများနှင့်အတူ နောက်ဆုံးအဆင့်ဆန်ခါတင် ၁၀ ဦးကို ရွေးချယ်ပေးနိုင်ခဲ့ခြင်းဖြစ်ရာ ပရိသတ်အချစ်တော် မီနို၊ ဆန်းသူအောင်၊ နေမင်းအိမ်နှင့် ဟန်နီတို့ပြန်လည်ပါဝင်လာခဲ့သည်ကို တွေ့ရသည်။

ကိုလင်း

## ဆံသားဆိုင်ရာ ပြသမှုနှင့် အထိမ်းအမှတ်ပွဲအနုပညာရှင်များဆင်နွှဲမည်

ယူရီးဒိုးအမှတ်တံဆိပ်၏ ဆယ်နှစ်ပြည့်အဖြစ် ဆံပင်ပိုင်းဆိုင်ရာ ဒီဇိုင်းများနှင့် တီထွင်ဖန်တီးမှုများကို ဩဂုတ် ၂၆ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆံကေသာ ပညာရှင်များ၊ အနုပညာရှင်များ၏ ဆန်းသစ်တီထွင်မှုများကို ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။ "ယူရီးဒိုးက ဆံပင်ပိုင်းနဲ့ပတ်သက်ပြီး ဆံပင်ပုံစံဒီဇိုင်းအလန်းတွေကို ဂျပန်က ပညာရှင်တွေဖန်တီးပါမယ်။ မြန်မာပြည်ဆိုရင် Aroma နဲ့ Fancy House နှစ်ခုက အဆန်းသစ်ဆုံး ဖန်တီးပြသသွားမှာဖြစ်ပါတယ်"ဟု စီနီယာမန်နေဂျာ မီရဲလီက ဆိုသည်။ Hair Performance Show ပွဲကြီးအပြင် ယူရီးဒိုး၏ လူမှုကွန်ရက်စာမျက်နှာကို Like နှင့် Share ပြုလုပ်သူများမှ အယောက် ၃၀ ကံစမ်းမဲပေါက်ကာ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အလှပဆုံးပွဲတက်သူ ၁၀ ဦးရွေးချယ်ပြီး ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေလင်း

## နိုင်ငံတကာအနုပညာမှတ်စု

### Games of Thrones ဇာတ်လမ်းတွဲရဲ့ မပြသရသေးသောအပိုင်းသစ်များ အွန်လိုင်းပေါ်သို့ပေါက်ကြား



နာမည်ကျော်လူကြိုက်များတဲ့ ဇာတ်လမ်းတွဲဖြစ်တဲ့ Games of Thrones ဇာတ်လမ်းတွဲရဲ့ ဇာတ်လမ်းအကျဉ်းချုပ်အပါအဝင် အခြားသော HBO ရဲ့ ဇာတ်လမ်းတွေဟာ လူမှုမီဒီယာပေါ်သို့ပေါက်ကြားခဲ့ပါတယ်။ ကုမ္ပဏီရဲ့ကွန်ပျူတာစနစ်ကို ဟက်ကာသမားတွေက ဝင်ရောက်ထိုးဖောက်ရာမှ ပေါက်ကြားခဲ့ခြင်းဖြစ်တယ်။

ဟက်ကာအုပ်စုဟာ Games of Thrones ဇာတ်လမ်းတွဲရဲ့အပိုင်းသစ်တွေနဲ့ ဇာတ်ညွှန်းတွေကို အွန်လိုင်းပေါ်ကို တင်ခဲ့ပါတယ်။ လူကြိုက်အများဆုံး အပိုင်းသုံးပိုင်းကို လွှင့်တင်ခဲ့ပြီး HBO ရဲ့ကွန်ပျူတာစနစ်ကို သူတို့ ထိုးဖောက်လို့ရတယ်ဆိုတာကို ဟတ်ကာသမားတွေက ပြသခဲ့ပါတယ်။ HBO ဘက်ကလည်း သူတို့ဆီက အချက်အလက်အချို့အခိုးခံရတယ်လို့အတည်ပြုပြောကြားခဲ့ပါတယ်။ ကုမ္ပဏီဘက်က ဒီကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းမှုတွေပြုလုပ်နေကာ ဆိုက်ဘာဥပဒေအရ အရေးယူသွားဖို့ ဆောင်ရွက်လျက်ရှိတယ်လို့သိရပါတယ်။

ပေါက်ကြားသွားတဲ့အချက်အလက်တွေကတော့ Games of Thrones ဇာတ်လမ်းတွဲ အတွဲ (၇) ရဲ့အပိုင်း (၃) နဲ့ (၄) တို့ရဲ့ဇာတ်ညွှန်းတွေပဲဖြစ်ပါတယ်။ HBO ကုမ္ပဏီဟာဆိုရင် ဟက်ကာသမားတွေရဲ့မကြာခဏ တိုက်ခိုက်မှုခံရပါတယ်။

Games of Thrones ဇာတ်လမ်းတွဲဟာ ပရိသတ်တွေအားပေးမှု အထူးရရှိထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ HBO ကတင်ဆက်တဲ့ ဇာတ်လမ်းတွဲတွေထဲမှာ ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲလည်းဖြစ်ပါတယ်။ အတွဲ (၇)ကိုပြသတဲ့အခါ ပရိသတ် သန်း ၃၀ ကျော်ဟာ ကြည့်ရှုခဲ့ပါတယ်။ ဗြိတိန်မှာဆိုရင် အတွဲ (၇) စတင်ပြသသည့် တစ်ပတ်အတွင်းမှာ ကြည့်ရှုသူ ၄ ဒသမ ၇ သန်းရှိခဲ့ပါတယ်။ **ဘီဘီစီ**

### One Direction အဖွဲ့မှ လူးဝစ် အဖွဲ့သားဟောင်းဖြစ်သူ ဇိုင်ယန်နှင့် ပြန်လည်သင့်မြတ်



One Direction အဖွဲ့သားတစ်ဦးဖြစ်သူ လူးဝစ်ဟာ သူ့ရဲ့အဖွဲ့သားဟောင်းတစ်ဦးဖြစ်သူ ဇိုင်ယန်မာလစ်ခ်နဲ့ ပြန်လည်အဆင်ပြေသွားပြီလို့ ပြောပါတယ်။ သူတို့နှစ်ယောက်ဟာ ဇိုင်ယန် အဖွဲ့ကနေထွက်သွားပြီးတဲ့နောက်ပိုင်း ၂၀၁၅ ကစပြီး အဆင်မပြေဖြစ်ခဲ့ပေမယ့် အခုအခါမှာတော့ ပြန်အဆင်ပြေသွားပြီလို့သိရပါတယ်။ သူတို့နှစ်ယောက်ဟာ အချင်းချင်း ပြောဆိုဆက်ဆံမှုတွေရှိတယ်လို့လူးဝစ်က ပြောပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက်ဟာ သူငယ်ချင်းတွေပြန်ဖြစ်သွားပါပြီ။ အဆင်မပြေမှုတွေလည်း မရှိတော့ပါဘူးလို့အင်တာဗျူးတစ်ခုမှာ လူးဝစ်က ပြောခဲ့ပါတယ်။

လူးဝစ်ရဲ့မိခင်ဟာ လူးဝစ်ကိုပြန်အဆင်ပြေစေလိုပြီး သူမသေဆုံးမီ ၂၀၁၆ ဒီဇင်ဘာကတည်းက နှစ်ဦးသားပြန်အဆင်ပြေဖို့ တိုက်တွန်းခဲ့ပါတယ်။ လူးဝစ်ရဲ့မိခင်ဟာ သူ့သားကို ဘဝဟာတိုတိုလေးမို့ အချင်းချင်းအဆင်ပြေအောင်နေဖို့ မှာကြားခဲ့ပါတယ်။ လူးဝစ်ကိုယ်တိုင်ကလည်း သူငယ်ချင်းနဲ့ ပြန်အဆင်ပြေချင်ပါတယ်။ အခုလိုနှစ်ဦးသားပြန်အဆင်ပြေသွားတဲ့အတွက် ဝမ်းအသာရဆုံးလူတွေကတော့ သူတို့ရဲ့ပရိသတ်တွေပါပဲ။ ဒီသတင်းကိုကြားကြားချင်း သူတို့ရဲ့ပရိသတ်တွေဟာ ပျော်ရွှင်ရကြောင်း စာတွေရေးသားခဲ့ကြပါတယ်။ "လူးဝစ်နဲ့ ဇိုင်ယန်ဟာ တကယ့်ညီအစ်ကိုတွေပါပဲ။ သူတို့အဆင်ပြေသွားတဲ့အတွက် အလွန်ဝမ်းသာရတယ်လို့" ပရိသတ်တွေက ဆိုပါတယ်။

One Direction အဖွဲ့ဟာ လန်ဒန်အခြေစိုက် ပေါ့ခ်အမျိုးသားတေးဂီတအဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်ငါးဦးနဲ့ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့မှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဇိုင်ယန်ဟာ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပါတယ်။ One Direction အဖွဲ့သားတွေဟာ ဗြိတိန်မှာတော့ အသက်သုံးဆယ်အောက် ဒုတိယအချမ်းသာဆုံးအဆိုတော်တွေ ဖြစ်ခဲ့ပါတယ်။ **ဟယ်လို**

# ရှေးဟောင်းအဆောက်အအုံများနှင့် ငါးမည်ရ ပြင်ဦးလွင်



**နိုင်ထွန်း(TGI)**

မြန်မာနိုင်ငံတွင် ငါးမည်ရမြို့နှစ်မြို့ရှိလေ၏။ စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေဘိုမြို့နှင့် မန္တလေးတိုင်းဒေသကြီးမှ ပြင်ဦးလွင်မြို့တို့ဖြစ်၏။ ပြင်ဦးလွင်၊ မေမြို့ တောင်လေှကားမြို့တော်၊ နှင်းမြို့တော်နှင့် ပန်းမြို့တော်ဟူ၍ အမည်ငါးမျိုးရှိ၏။ ပြင်ဦးလွင်မြို့သည် ရှမ်းကုန်းပြင်မြင့်အနောက်ဘက်စွန်းတွင် တည်ရှိသည့် တောင်စခန်းမြို့ဖြစ်၏။

ပြင်ဦးလွင်ကို မြန်မာသက္ကရာဇ် ၁၂၁၂ (ခရစ်နှစ် ၁၈၅၀)တွင် စတင်တည်ထောင်ခဲ့သည် ဟုဆို၏။ အထောက်အထားကား အောင်မြေဘုံသာဆုတောင်းပြည့်စေတီအနီးတွင်ရှိသော ကျောက်စာဖြစ်သည်။ ထိုကျောက်စာကား မဟာသောဘိတရာမကျောင်းတိုက်(ဈေးတောင်ကျောင်းကြီး )ပရိဝုဏ်အတွင်းရှိလေ၏။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် နွေရာသီရုံးစိုက်ရန် တောင်စခန်းမြို့ရှာပုံတော်ဖွင့်လေသည်။ ၁၈၉၆ ခုနှစ် ဇွန်လတွင် ကော်မရှင်နာမင်းကြီး မစ္စတာဒီအမ်စတန် (Mr.D.M.Smeaton) (I.C.S) နှင့် အင်ဂျင်နီယာချုပ် မစ္စတာဟိုင်းဖောက် (Mr. Hoyfox)(A.R.I.B.A Chief Engineer) တို့ ပြင်ဦးလွင်သို့ ရောက်ရှိလေ့လာခဲ့သည်ဆို၏။

ပြင်ဦးလွင်သည် အင်္ဂလန်နိုင်ငံမှ မြို့တစ်မြို့နှင့် အလွန်တူသောကြောင့် နွေရာသီ ဘုရင်ခံရုံးစိုက်ရန်အတွက် တောင်စခန်းမြို့တည်ဆောက်ရန် ၄င်းတို့နှစ်ဦးက ဆုံးဖြတ်ခဲ့ကြ၏။ ထို့နောက် ၁၈၉၇ ခုနှစ်တွင် ပြင်ဦးလွင်အမည်ကို မြို့တည်ဆောက်သူ အင်္ဂလိပ်စစ်တပ်မှ ဗိုလ်မှူးကြီးမေအား ဂုဏ်ပြုသောအားဖြင့် မေမြို့ဟု တရားဝင်ထုတ်ပြန်ခဲ့ကြောင်းလည်း သိမှတ်ရ၏။

ပြင်ဦးလွင်တွင် လေ့လာစရာများစွာပင်ရှိလေ၏။ ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့သည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ယခင် ရုက္ခဗေဒဥယျာဉ်)၊ ၁၉၃၆ ခုနှစ်က တည်ဆောက်ခဲ့သော မြို့လယ်က နာရီစင်ကြီးတို့သည် အထင်ကရဖြစ်၏။ ထို့အပြင် နှစ် ၁၀၀ ကျော်ရှိ အဆောက်အအုံများစွာရှိလေ၏။

ဥရောပတိုက်သား အစိုးရအရာရှိများ တည်းခိုရန်အတွက် တည်ဆောက်ခဲ့သော Craddock Court (နန်းမြင့်ဟိုတယ်)၊နန်းရင်းဝန်များတည်းခိုရန်အတွက် တည်ဆောက်ခဲ့သော Lincrudin(ချယ်ရီမြိုင်ဧည့်ဂေဟာ)၊ ဘုံဘေဘားမားကော်ပိုရေးရှင်းမှ ဥရောပတိုက်သားများ အနားယူနိုင်ရန်အတွက် တည်ဆောက်ခဲ့သော Candacraig (သီရိမြိုင်ဟိုတယ်)တို့သည် အထူးပင် ထင်ရှားလေ၏။

သီရိမြိုင်ဟိုတယ်(Candacraig)အဆောက်အအုံကို ၁၉၀၄ ခုနှစ်တွင် တည်ဆောက်ခဲ့၏။ ကျွန်းသားများဖြင့် တည်ဆောက်ထားသည့် ဧည့်ခန်းမီးဖိုနှင့် လှေကားမှာအထူးပင် လက်ရာမြောက်၏။ ကမ္ဘာလှည့်ခရီးသည်များ အထူးပင် စိတ်ဝင်စားလှ၏။ Candacraig ဟု အမည်ပေးရခြင်းမှာ ဘုံဘေဘားမားကော်ပိုရေးရှင်း(Bombay Burmah Trading Corporation)ကို တည်ထောင်ခဲ့သည့် ညီအစ်ကိုများ မွေးဖွားရာဇာတိ စကော့တလန်နိုင်ငံမှ မြို့အမည်ကို ပေးထားခြင်းဖြစ်သည်ဟုဆို၏။ စကော့တလန်နိုင်ငံ Alberdeenshire နယ်မှ Candacraing မြို့အမည် ဖြစ်လေ၏။ အဆိုပါ အဆောက်အအုံကို ဆောက်လုပ်ရာတွင် ရူပီးငွေငါးသောင်း ကုန်ကျခဲ့သည်ဟုဆိုလေ၏။ အကယ်ဒမီစာရင်းဝင်ခဲ့သည့် မိုးညအိမ်မက်မြူ ဇာတ်ကားကို ထို Candacraig တွင် ရိုက်ကူးခဲ့၏။ ယခုအချိန်တွင် ဟိုတယ်ကို ပိတ်ထားခဲ့သော်လည်း လာရောက်လေ့လာသူများနှင့် အမြဲစည်ကားလျက်ရှိ၏။

ထို့အပြင် ကျွန်တော်ရောက်ခဲ့သည့် အဆောက်အအုံတစ်ခုရှိသေး၏။ ယခင်က မြေတိုင်းကျောင်းအုပ်ကြီးများ အစဉ်အဆက်နေထိုင်ခဲ့သည်ဆိုသော နန္ဒဝန် (Upper Fold) အဆောက်အအုံ ဖြစ်လေ၏။ မီးခိုးခေါင်းတိုင်နှစ်ခုနှင့် ကျယ်ဝန်းသောခြံနှင့် ထင်းရှူးပင်များကြောင့် အလွန် နေချင်စဖွယ်ကောင်း၏။ ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးရေးများ မကြာခဏပြုလုပ်လေ့ရှိသည်ဟု ဆို၏။ ယခုအချိန်မှာတော့ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်း၏ ဧည့်ရိပ်သာအဖြစ် စောင့်ရှောက်ထိန်းသိမ်းထားသည်ကို တွေ့မြင်ခဲ့ရ၏။

နောက်ထပ်ရောက်ရှိလေ့လာခဲ့သည့် အဆောက်အအုံကတော့ Forest Gate အဆောက်အအုံဖြစ်၏။ တစ်ထပ်အဆောက်အအုံဖြစ်၏။ အခုတော့ ဘာသာရေး အသင်းတစ်ခုမှ ပိုင်ဆိုင်ပြီး ရုံး၊ ဧည့်ခန်းအဖြစ် အသုံးပြုနေသည်ကို တွေ့မြင်ခဲ့ရပေသည်။

ပြင်ဦးလွင်သည် ရာသီဥတုအရသော်လည်းကောင်း၊ ရှေးဟောင်းကိုလိုနီခေတ် အဆောက်အအုံများကြောင့်သော်လည်းကောင်း၊ အမျိုးသားသဘာဝဥယျာဉ်ကဲ့သို့ ပြည်တွင်း၊ ပြည်ပသစ်ပင်မျိုးစိတ်ပေါင်း ၅၈၉ မျိုး၊ ဝါးမျိုးစိတ် ၇၅ မျိုး၊ သစ်ခွမျိုးစိတ် ၃၀၀ မျိုး၊ ရာသီအလိုက်ဖူးဖွင့်နေသည့် ပန်းမျိုးစုံ၊ ကျေးငှက် သာရကာများနှင့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာရင်း အပန်းဖြေနိုင်သည့်အတွက်ကြောင့် သော်လည်းကောင်း၊ ထို့အပြင် သဘာဝ ပွဲကောက်ရေတံခွန်(BE Fall)နှင့် ပိတ်ချင်းမြောင် နန္ဒမူလိုဏ်ဂူတို့ကြောင့်သော်လည်းကောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ အမြဲမပြတ် လာရောက်လေ့လာကြသော ခရီးစဉ်နေရာတစ်ခုဖြစ်၏။

ထို့ကြောင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများကိုလည်း လက်ရှိထိန်းသိမ်းခွင့်ရှိထားသည့် ပုဂ္ဂလိက၊ အဖွဲ့အစည်း၊ အစိုးရဌာနများအနေဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းပေးစေလို၏။ ပိတ်ထားသည့် ဟိုတယ်များကိုလည်း ပြန်လည်ဖွင့်လှစ်ပြီး ဝင်ငွေတိုးတက်စေချင်လို၏။

ရေဒီယို၊ တီဗွီများမှ အလျဉ်းသင့်လေတိုင်း နားဆင်ခံစားနေရသည့် ”ထင်းရှူးနဲ့ ချယ်ရီမြိုင်၊ တလှိုင်လှိုင်ပွင့်တဲ့ စိန်ပန်းပြာ ပန်းမြို့တော်ဆီ”ဆိုသော တောင်လှေကားမြို့တော်သီချင်း၊” ပန်းကမ္ဘာမျှော်စင်စခန်းသာခေါ်တွင်၊ မြွေလိမ်မြွေကောက်လမ်းကလေးဖြတ်ကာကျော်ခဲ့ရင်၊ မြေပြင်ချိုင့်ဝှမ်း မန္တလေး အဝေးမှာ မှုန်ဝါးမြင်”ဆိုသော မေမြို့သို့မဟုတ် ပြင်ဦးလွင်သီချင်း၊ ”ချစ်သူရှိရာ နှင်းမှုံမြို့တော်ရယ်… တောင်လှေကားလို့ အမည်တွင်တယ်… သာယာပုံဆန်းသတဲ့ ကိုယ်လှမ်းလို့လာချင်တယ်… ကိုယ့်ကိုချစ်တဲ့သူရယ် မျှော်နေစမ်းကွယ့်… တောင်လှေကားမြို့တော်ဝယ်” ဆိုသည့် ပန်းမြို့တော်တောင်လှေကားသီချင်း သုံးပုဒ်ကို ကြားယောင်ရင်း ငါးမည်ရပြင်ဦးလွင်မှ ရတနာပုံရွှေပြည်ကြီးသို့ ပြန်လည်ထွက်ခွာလာပါတော့သည်။ ။

**ပြင်ဦးလွင်သည် ရာသီဥတုအရသော်လည်းကောင်း၊ ရှေးဟောင်းကိုလိုနီခေတ် အဆောက်အအုံများကြောင့်သော်လည်းကောင်း၊ အမျိုးသားသဘာဝဥယျာဉ်ကဲ့သို့ ပြည်တွင်း၊ ပြည်ပသစ်ပင်မျိုးစိတ်ပေါင်း ၅၈၉ မျိုး၊ ဝါးမျိုးစိတ် ၇၅ မျိုး၊ သစ်ခွမျိုးစိတ် ၃၀၀ မျိုး၊ ရာသီအလိုက်ဖူးဖွင့်နေသည့် ပန်းမျိုးစုံ၊ ကျေးငှက် သာရကာများနှင့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာရင်း အပန်းဖြေနိုင်သည့်အတွက်ကြောင့် သော်လည်းကောင်း၊ ထို့အပြင် သဘာဝပွဲကောက်ရေတံခွန်(BE Fall)နှင့် ပိတ်ချင်းမြောင် နန္ဒမူလိုဏ်ဂူတို့ကြောင့် သော်လည်းကောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ အမြဲမပြတ် လာရောက်လေ့လာကြသော ခရီးစဉ်နေရာတစ်ခုဖြစ်၏။**

# မြန်မာနိုင်ငံမှအကြည့်များသော ဝက်ဘ်ဆိုက်စာရင်းတွင် မြန်မာဝက်ဘ်ဆိုက်များ အဆင့်တိုးလာ


နိုင်ငံတကာမှ လူကြည့်အများဆုံးသော ဝက်ဘ်ဆိုက်များစာရင်းကို နှစ်စဉ်ထုတ်ပြန်နေသည့် SimilarWeb မှ ၂၀၁၇ ခုနှစ်အတွက် ထုတ်ပြန်သည့် ဝက်ဘ်ဆိုက်စာရင်းအရ မြန်မာနိုင်ငံမှ အကြည့်အများဆုံးသော ဝက်ဘ်ဆိုက် ၅၀ စာရင်းတွင် မြန်မာဝက်ဘ်ဆိုက်များလည်း ပါဝင်လျက်ရှိပြီး မြန်မာစာတန်းထိုးရုပ်ရှင်များ တင်ပေးသည့် Channel Myanmar ဝက်ဘ်ဆိုက်က အဆင့်(၆)နေရာတွင်ရှိကာ လူကြည့်အများဆုံး မြန်မာဝက်ဘ်ဆိုက်ဖြစ်နေကြောင်း သိရသည်။

မြန်မာမှ အကြည့်အများဆုံး ဝက်ဘ်ဆိုက် ၅၀ ၏ ထိပ်ဆုံးနေရာတွင် ရှာဖွေရေးအင်ဂျင် Google.com ဝက်ဘ်ဆိုက်ရှိနေပြီး လူသုံးအများဆုံး ဆိုရှယ်နက်ဝပ်ဖြစ်သည့် Facebook က ဒုတိယနေရာတွင်သာ ရှိနေသည်။ ဗီဒီယိုဝက်ဘ်ဆိုက် Youtube.com က တတိယနေရာတွင် ရှိနေပြီး Google ၏ ရှာဖွေရေးအင်ဂျင်ကို မြန်မာဘာသာဖြင့်သုံးနိုင်သောဝက်ဘ်ဆိုက် Google.com.mm က စတုတ္ထနေရာတွင်ရှိကာ Yahoo ဆိုရှယ်နက်ဝပ်က ပဉ္စမနေရာတွင် ရှိနေသည်။

အဆိုပါ ထိပ်ဆုံးဝက်ဘ်ဆိုက်ငါးခုစလုံးမှာ နိုင်ငံတကာ ဝက်ဘ်ဆိုက်များဖြစ်သည်။ အဆင့်(၆)နေရာတွင်ရှိသော ဝက်ဘ်ဆိုက်မှာ မြန်မာနိုင်ငံမှ Channel Myanmar ဝက်ဘ်ဆိုက်ဖြစ်ပြီး မြန်မာနိုင်ငံမှတင်ထားသည့် ဝက်ဘ်ဆိုက်များတွင် ထိပ်ဆုံးနေရာ၌ ရှိနေခြင်းဖြစ်သည်။ Channel Myanmar သည် နိုင်ငံခြားရုပ်ရှင်များကို မြန်မာစာတန်းထိုး၍ တင်ပေးနေသောဝက်ဘ်ဆိုက်ဖြစ်ပြီး ပုံမှန်အားဖြင့် နေ့စဉ်မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင် နှစ်ကား၊ သုံးကားခန့် တင်ပေးလေ့ရှိသည်ကို တွေ့ရသည်။

အဆင့်(၇)နေရာတွင် ဖိုင်များ အခမဲ့တင်နိုင်၊ မျှဝေနိုင်၊ ဒေါင်းလုပ်ဆွဲနိုင်သော Openload.co ဝက်ဘ်ဆိုက် ရှိနေသည်။ ထိုဝက်ဘ်ဆိုက်မှာ နိုင်ငံတကာတွင် နာမည်ကြီး File Sharing ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ယခင်က လူသိနည်းခဲ့ပြီး ပြီးခဲ့သည့်နှစ်အတွင်းက Channel Myanmar မှတင်ပေးသော ရုပ်ရှင်များကို ထို Openload.co ဝက်ဘ်ဆိုက်တွင် တင်ပေးခဲ့ရာမှ မြန်မာနိုင်ငံ၏ လူကြည့်အများဆုံး ဝက်ဘ်ဆိုက်စာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

လူကြည့်အများဆုံး အဆင့်(၈)တွင်မူ အွန်လိုင်းစွယ်စုံကျမ်း Wikipedia ဝက်ဘ်ဆိုက် ရှိနေသည်။ ထို့နောက်တွင် အခြား မြန်မာဝက်ဘ်ဆိုက်များအနေဖြင့် အွန်လိုင်းသတင်းဝက်ဘ်ဆိုက် သစ်ထူးလွင်က အဆင့်(၁၁)နေရာ၊ မြန်မာစာတန်းထိုးရုပ်ရှင်များ တင်ပေးသော GoldChannelMovie.net က အဆင့်(၁၂) နေရာ၊ အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက် Shop.com.mm က အဆင့်(၇) နေရာ၊ သတင်းမီဒီယာဝက်ဘ်ဆိုက် 7day-daily.com က အဆင့် (၂၁) နေရာ၊ အွန်လိုင်းသတင်းဝက်ဘ်ဆိုက် Lwinpyin.com က အဆင့်(၂၃)နေရာ၊ မြန်မာစာတန်းထိုးရုပ်ရှင်ဝက်ဘ်ဆိုက် Gold Channel Movies.org က အဆင့်(၂၄) နေရာတို့တွင် ရပ်တည်နေသည်။




**မြန်မာနိုင်ငံမှ လူကြည့်အများဆုံး အဆင့်(၆)နေရာ တွင်ရှိနေသည့် ChannelMyanmar ဝက်ဘ်ဆိုက်**

ထို့နောက် မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာများ အပါအဝင် အထွေထွေဗဟုသုတ၊ ဖျော်ဖြေရေးဆိုင်ရာများတင်ပေးသော Shwemom.com က အဆင့်(၃၆)၊ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်နှစ်ခုဖြစ်သော Myjobs.com.mm နှင့် Work.com.mm တို့က အဆင့်(၃၇) နှင့် (၃၈)တို့တွင် ရှိနေကြပြီး သတင်းမီဒီယာ ဝက်ဘ်ဆိုက် Irrawaddy.com က အဆင့်(၄၁)နေရာ၊ အွန်လိုင်းမီဒီယာဝက်ဘ်ဆိုက် Phothutaw.com က အဆင့် (၄၄) နေရာ၊ အလုပ်ရှာဖွေရေးဝက်ဘ်ဆိုက် jobnet.com.mm က အဆင့်(၄၈) နေရာတို့တွင် ရှိနေကြသည်။

မြန်မာနိုင်ငံမှ ဝက်ဘ်ဆိုက်များအနေဖြင့် မြန်မာနိုင်ငံ၏ လူကြည့်အများဆုံး ဝက်ဘ်ဆိုက်စာရင်းတွင် ပါဝင်လာမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုများလာကာ အဆင့်အနေဖြင့်လည်း ရှေ့သို့တိုးလာ၍ မြန်မာ့အွန်လိုင်းမီဒီယာလုပ်ငန်း၊ အွန်လိုင်းကြော်ငြာလုပ်ငန်းများအတွက် အလားအလာကောင်းများဖြစ်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်သည်။ သို့သော်လည်း ဝက်ဘ်ဆိုက်များသို့ ဝင်ကြည့်သည့် အကြိမ်ရေအရ ကြည့်မည်ဆိုပါက မြန်မာဝက်ဘ်ဆိုက်အားလုံးပေါင်းကို ဝင်ကြည့်သည့် အကြိမ်အရေအတွက်သည် ဒုတိယနေရာမှ ဆိုရှယ်နက်ဝပ် Facebook တစ်ခုတည်းကို ဝင်ကြည့်သည့်အကြိမ်ရေကို မှီမည်မဟုတ်ကြောင်းလည်း ၄င်းက ခန့်မှန်းပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံမှဝင်ကြည့်သည့် ဝက်ဘ်ဆိုက်များတွင် နိုင်ငံတကာ ညစ်ညမ်းရုပ်ရှင်ဝက်ဘ်ဆိုက်များကလည်း ထိပ်ပိုင်းအဆင့်များတွင် ရှိနေသေးခြင်း၊ သတင်းမှန်ကန်တိကျသော တရားဝင်မီဒီယာများ၏ ဝက်ဘ်ဆိုက်များထက် သတင်းမတိကျသော အွန်လိုင်းသတင်းဝက်ဘ်ဆိုက်များက အဆင့်ပိုကောင်းနေခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ အွန်လိုင်းအသုံးပြုသူအရေအတွက် တိုးလာခြင်းနှင့်အတူ အရည်အသွေး ပိုမိုတိုးပွားလာအောင်လည်း ပညာပေးမှုများ ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း သိရသည်။

**သူရဖြိုး**

# SIP နည်းပညာဖြင့် ဟော့လိုင်းဖုန်းအဖြစ်အသုံးပြုနိုင်မည့် ဝန်ဆောင်မှုသစ်ကို အူရီဒူးစတင်

**ရန်ကုန် ဩဂုတ် ၄**

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် တစ်ပြိုင်တည်းတွင် ဖုန်းအဝင်၊ အထွက် ခေါ်ဆိုမှုအများအပြားကို လက်ခံနိုင်ပြီး ဟော့လိုင်းဖုန်းအဖြစ် အသုံးပြုနိုင်မည့် ဝန်ဆောင်မှုသစ်ကို အူရီဒူးမြန်မာက ဇူလိုင်လကုန်ပိုင်းကစ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

အူရီဒူး၏ ဝန်ဆောင်မှုအသစ်ဖြစ်သော Session Initiation Protocol(SIP) အရ ထိုဝန်ဆောင်မှုရယူလျှင် ဆင်းကတ်မဟုတ်သော Virtual နံပါတ်အသစ်တစ်ခုကို ရရှိမည်ဖြစ်ပြီး ထိုနံပါတ်ဖြင့် ဖုန်းအဝင်၊ အထွက် ခေါ်ဆိုမှုများကို တစ်ချိန်တည်းတွင် အရေအတွက် အကန့်အသတ်မရှိ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခင်က ဖုန်းအဝင်အများအပြားကို တစ်ပြိုင်နက်တည်း လက်ခံအသုံးပြုနိုင်ရန်အတွက် Analog ချိတ်ဆက်မှု(ပုံမှန်အသုံးပြုလျက်ရှိသော ဖုန်းနံပါတ်တစ်ခုကို တစ်ခါခေါ်လျှင် တစ်ကြိမ်သာ လက်ခံခေါ်ဆိုခွင့်ရရှိသောစနစ်)တွင် IP စနစ်ကို အခြေခံထားသည့် PBX ဖြင့် ချိတ်ဆက်မှုသာရသဖြင့် ကုန်ကျစရိတ်များသည့် ဝန်ဆောင်မှုအစား ပြောင်းလဲအသုံးပြုနိုင်ရန် အူရီဒူးက ယခု SIP Trunk ဝန်ဆောင်မှုစနစ်သစ်ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

SIP ဝန်ဆောက်မှု လျှောက်ထားခြင်းအတွက် ဝန်ဆောင်မှုရရန် အချိန်အားဖြင့် နှစ်ပတ်ခန့်ကြာမည်ဖြစ်ပြီး ဝန်ဆောင်ခမှာ အသုံးပြုမည့် ဖုန်းအရေအတွက်၊ ဝန်ဆောင်မှု အမျိုးအစားတို့အပေါ် မူတည်၍ ကွာခြားမှုများရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ရယူလိုသည့်နံပါတ်ကို လျှောက်ထားရာတွင် နံပါတ်အလှများကိုလည်း လျှောက်ထား ရယူနိုင်မည်ဖြစ်ပြီး နံပါတ်အပေါ်မူတည်၍လည်း ဈေးနှုန်းကွာခြားမှုရှိမည်ဖြစ်ကြောင်း သိရသည်။

SIP Trunk စနစ်သည် ကမ္ဘာမှ အသိအမှတ်ပြုလက်ခံထားသည့် စနစ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအတွက် အသင့်လျော်ဆုံးသော ဝန်ဆောင်မှုဖြစ်ကြောင်း၊ ဖုန်းနံပါတ်တစ်ခုသို့ ဖုန်းအလုံးရေအများအပြားမှ တစ်ပြိုင်နက်တည်း ဖုန်းခေါ်ဆိုသည့်အခါတွင် ဖုန်းလိုင်းတည်ငြိမ်ပြီး အဆက်အသွယ်ပြတ်တောက်မှုမရှိဘဲ ဖုန်းလက်ခံနိုင်သလို အထွက်ဖုန်းများလည်း ခေါ်ဆိုနိုင်သည့် ဝန်ဆောင်မှုဖြစ်ခြင်းကြောင့် ဖုန်းလက်ခံခေါ်ဆိုမှုများပြားသော စီးပွားရေးလုပ်ငန်းများနှင့် သုံးစွဲသူဝန်ဆောင်မှုဌာနများအတွက် သင့်တော်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါဝန်ဆောင်မှုကို အသုံးပြုရန်အတွက် အူရီဒူးမြန်မာတွင် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ဆောင်မှုရရှိပါက ဟော့လိုင်းဖုန်းအနေဖြင့် တစ်ပြိုင်တည်း အကန့်အသတ်မရှိ ဖုန်းလက်ခံခြင်း၊ ဖုန်းခေါ်ဆိုခြင်း၊ ခေါ်ဆိုသည့် နံပါတ်ကို သိရှိနိုင်မည့် Caller ID၊ ကုတ်နံပါတ်အတိုများ၊ လက်ခံဖြေကြားပေးနိုင်သော နောက်ဖုန်းတစ်လုံး၏နံပါတ်သို့ လွှဲပေးနိုင်မည့် Call Forward ဝန်ဆောင်မှု၊ သီးသန့်နံပါတ်များ၊ ဦးစားပေးနံပါတ်၊ Multiple Trunk အပြန်အလှန်ချိတ်ဆက်နိုင်ခြင်း စသည့် ဝန်ဆောင်မှုများကို ယခင် ဟော့လိုင်းဖုန်းစနစ်များထက် ပိုသက်သာသော လစဉ်ဖုန်းလိုင်းအသုံးပြုခနှင့် ဖုန်းခေါ်ဆိုခနှုန်းထားများဖြင့် အသုံးပြုနိုင်မည်ဟု သိရသည်။

ထို့အပြင် အူရီဒူး၏ SIP Trunk ဝန်ဆောင်မှုသည် သုံးစွဲသူဝန်ဆောင်မှုဌာနများ၊ ဆက်သွယ်ရေးလမ်းညွှန်ဌာနများ၊ အရေးပေါ်လိုင်းများနှင့် နိုင်ငံတကာ အခမဲ့ဖုန်းခေါ်ဆိုခွင့် အထူးလိုင်းဝန်ဆောင်မှု စသည့်လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့် အရွယ်အစားအပေါ်မူတည်ပြီး ပြင်ဆင်နိုင်ခြင်း၊ ဖုန်းခေါ်ဆိုမှုအရည်အသွေးကောင်းမွန်ခြင်းနှင့် လုံခြုံမှုရှိခြင်းစသည့် ဝန်ဆောင်မှုများ အပါအဝင် ပိုမိုဆန်းသစ်သည့် ဝန်ဆောင်မှုများကိုလည်း ပေးအပ်သွားရန် စီမံသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## Mobile Review




# ဖုန်းလိုင်းနဲ့ အင်တာနက်မလိုဘဲ တီဗွီကြည့်နိုင်တဲ့ Asus Zenfone Go TV

Asus Zenfone Go TV ဟာ ပြီးခဲ့တဲ့နှစ် ဇူလိုင်လတုန်းက ပြည်တွင်းကို ဝင်ရောက်ခဲ့တာဖြစ်လို့ အခုဆိုရင် ပြည်တွင်းဈေးကွက်ရောက်နေချိန်က တစ်နှစ်လောက် ရှိသွားပြီဖြစ်ပါတယ်။ ဖုန်းတစ်လုံးအနေနဲ့ အရည်အသွေးပိုင်းမှာ ကောင်းမွန်သလို ဈေးနှုန်းပိုင်းမှာလည်း သင့်တင့်တဲ့အပြင် တီဗွီလိုင်းတွေကိုပါ ဖမ်းယူကြည့်ရှုနိုင်ပြီး တစ်နှစ်လောက်ကြာချိန်မှာတောင် ဟောင်းမသွားသေးလို့ Review အနေနဲ့ ဖော်ပြတာဖြစ်ပါတယ်။

Asus Zenfone Go TV ကို မော်ဒယ်အနေနဲ့ ZB551KL လို့ သတ်မှတ်ထားပြီး ဈေးကွက်ထဲမှာတော့ Asus Go TV လို့ပဲ လူသိများပါတယ်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Resolution က 720 x1280 pixels ရှိလို့ ရုပ်ထွက်ပိုင်းကောင်းမွန်ပါတယ်။ ကင်မရာပိုင်းမှာတော့ အထူးလုပ်ဆောင်ချက်တွေ မပါဝင်ပေမယ့် ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ ရှေ့ကင်မရာနဲ့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာတို့ဟာ နိမ့်တယ်လို့ မဆိုနိုင်ဘဲ အလယ်အလတ်တန်းဖုန်းတွေရဲ့ ကင်မရာစံနှုန်းကို မီပါတယ်။

CPU အနေနဲ့ Snapdragon Quad Core 1.4GHz ကို အသုံးပြုထားလို့ တစ်နှစ်လောက်ကြာသွားတဲ့ ဒီနေ့အချိန်မှာ အနည်းငယ်နိမ့်နေသလို ထင်ရပေမယ့် သာမန်ဖုန်းတစ်လုံးရဲ့ လုပ်ဆောင်ချက်အများစုကိုတော့ သုံးနိုင်ဆဲဖြစ်ပါတယ်။ RAM က 2GB နဲ့ အင်တာနယ်မင်မိုရီက 32GB ရှိတာကြောင့် မင်မိုရီပိုင်းမှာ မနိမ့်သလို Micro SD ကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 64GB အထိ ထပ်စိုက်သုံးလို့ရအောင် ထောက်ပံ့ပေးထားပါတယ်။

OS ပိုင်းမှာတော့ Android 5.1(Lollipop) ကို သုံးထားပါတယ်။ အခုအချိန်မှာ ဖုန်းမော်ဒယ်သစ်တွေအနေနဲ့ Android ဗားရှင်းသစ်တွေဖြစ်တဲ့ Marshmallow နဲ့ Nougat တွေနဲ့ ထွက်နေတာဖြစ်လို့ နောက်ဆုံးပေါ် ဖုန်းသစ်တွေနဲ့ယှဉ်ရင် Android ဗားရှင်းနိမ့်တယ်လို့ ဆိုနိုင်ပေမယ့် Lollipop သုံးထားတဲ့ ဖုန်းတွေဟာ ဈေးကွက်ထဲမှာရော အသုံးပြုသူတွေရဲ့ လက်ထဲမှာပါ အများအပြားရှိနေသေးပြီး အပလီကေးရှင်း Developer တွေကလည်း Lollipop ကို Support လုပ်ပေးနေရဆဲဖြစ်တာမို့ ဗားရှင်းနိမ့်နေတာဟာ ပြဿနာမရှိသေးပါဘူး။

ဆင်းကတ်အနေနဲ့ GSM ဆင်းကတ်နှစ်ကတ်ကို ထည့်သုံးနိုင်ပြီး ပထမဆင်းကတ်အတွက် အင်တာနက်ကို 4G အထိ ထောက်ပံ့ပေးပါတယ်။ နှစ်ကတ်စလုံး 4G တော့ သုံးလို့မရပါဘူး။ မြန်မာစာအနေနဲ့လည်း Root ဖောက်ပြီး မြန်မာစာထည့်စရာမလိုပဲ Font Style ပြောင်းပြီး အလွယ်တကူ သုံးနိုင်ပါတယ်။

အဓိကအချက်ကတော့ Asus Go TV ထဲမှာ TV ကြည့်လို့ရတဲ့ Digital TV Tuning Hardware ပါဝင်နေတာဖြစ်ပါတယ်။ ဒီအချက်ကြောင့် ဖုန်းရဲ့အင်တာနက်လိုင်းမလို၊ ဆင်းကတ်မလိုဘဲ ဖုန်းဟန်းဆက်နဲ့တင် တီဗွီလိုင်းအချို့ကို ကြည့်နိုင်ပါတယ်။ တီဗွီလိုင်းတွေအနေနဲ့ DVB-T, DVB-T2, DVB-T2 Lite, ISDB-T, ISDB-Tmm စတဲ့ စနစ်တွေကို ထောက်ပံ့ပေးထားလို့ လက်ရှိပြည်တွင်းမှာလွှင့်နေတဲ့ Free to air တီဗွီလိုင်းတွေထဲက MWD Shopping၊ MWD Music၊ Series၊ Variety၊ Movies စတဲ့ မြဝတီရုပ်သံလိုင်းတချို့၊ MRTV လိုင်းတချို့ အပါအဝင် တီဗွီလိုင်းပေါင်း ၂၀ လောက်ကိုကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

အခြားလုပ်ဆောင်ချက်တွေအနေနဲ့ USB On the Go စနစ်ကို ထောက်ပံ့ပေးထားသလို ဖုန်းမှာပါတဲ့ Asus PC Link လုပ်ဆောင်ချက်ကို အသုံးပြုပြီး Wifi သို့မဟုတ် USB ကြိုးကနေတစ်ဆင့် ဖုန်းမှာမြင်နေရတဲ့ မြင်ကွင်းအတိုင်း ကွန်ပျူတာမှာဖြစ်စေ၊ လက်ပ်တော့မှာဖြစ်စေ ပေါ်အောင်လုပ်လို့လည်း ရပါတယ်။ ဒီလုပ်ဆောင်ချက်ကြောင့် ဖုန်းကနေတီဗွီဖွင့်ထားပြီး ကွန်ပျူတာမှာ တီဗွီကြည့်လို့ရအောင်လည်းလုပ်နိုင်ပါတယ်။

ဘက်ထရီပိုင်းမှာလည်း 3010 mAh ဘက်ထရီကို သုံးထားလို့ စွမ်းဆောင်ရည်မြင့်ပါတယ်။ Asus Go TV ကို ကိုယ်ထည်အရောင် ရွှေရောင်၊ မီးခိုးရောင်နဲ့ ငွေပြာရောင်လို့ သုံးမျိုးရနိုင်ပြီး ဈေးနှုန်းက ကျပ် ၁၆၅၀၀၀ ဖြစ်ကာ ကုမ္ပဏီအာမခံတစ်နှစ် ပါဝင်ပါတယ်။

**သူရဖြိုး**




| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ် | Easy Top Up | သက်တမ်း |
|---|---|---|---|
| ၁,၀၀၀ ကျပ် -၂,၉၉၉ ကျပ် | ၁၀% | ၁၅% | ၃ ရက် |
| ၃,၀၀၀ ကျပ် - ၄,၉၉၉ ကျပ် | ၁၅% | ၂၅% | |
| ၅,၀၀၀ ကျပ် - ၉,၉၉၉ ကျပ် | ၂၅% | ၃၅% | |
| ၁၀,၀၀၀ ကျပ်နှင့်အထက် | ၃၀% | ၅၀% | |


Ovaltine
အိုဗာတင်းနဲ့အတူ အောင်မြင်မှုကို
လွန်ခဲ့သော ၂၅ နှစ်က စတင်ခဲ့တာပါ
ကလေးတွေ ထူးချွန်သန်စွမ်းကျန်းမာပြီး သူတို့ဘဝခရီးအောင်မြင်ဖို့အတွက်
အာဟာရပြည့် အိုဗာတင်းကို ပေးလိုက်ရအောင်
ဒီနေ့
လွန်ခဲ့သော ၁၀ နှစ်က
လွန်ခဲ့သော ၂၅ နှစ်က
Energy
COMPLETE NUTRITION*
For Every Healthy Day
Protection
Strong
More Malt & Milk
Ovaltine Malted Milk
အိုဗာတင်းယုံကြည်ထားတာက အောင်မြင်မှုရဲ့အခြေခံဟာ ကျန်းမာရေးကောင်းပါ။
အိုဗာတင်းတစ်ခွက်မှာ အာဟာရဓာတ်အများကြီးတဲ့ မုယောစပါးနှင့် နို့အပြင် အခြားဗီတာမင်နှင့် သတ္တုဓာတ်တွေပါပါတယ်။ အိုဗာတင်းကို ပုံမှန်အစားအစာတွေနဲ့အတူ နေ့တိုင်းသောက်ခြင်းဖြင့် အကောင်းဆုံးအာဟာရကို ရမှာဖြစ်ပါတယ်။ ဘဝခရီးအောင်မြင်ဖို့အတွက် ကျန်းမာခြင်းအစွမ်းပါ။


JASMINE PALACE HOTEL
YANGON · MYANMAR
(၁ - ၈ - ၂၀၁၇) မှစ၍
JASMINE PALACE HOTEL YANGON
30% OFF
ကမ္ဘောဇဘဏ်ကတ်ကဒ်အသုံးပြုသူများ
အတွက် အထူးအစီအစဉ်
(အခန်းအမျိုးအစားအားလုံးအပါအဝင် စားသောက်ဆိုင်များနှင့်
Jasmine Spa အတွက်စံစားခွင့်ရှိပါသည်။)
KBZ BANK
JASMINE NGAPALI RESORT
(၁ - ၁၁ - ၂၀၁၇) မှစ၍
JASMINE NGAPALI RESORT
341 Pyay Road, Sanchaung Township, Yangon, Myanmar
Tel : +95 (1) 230 4402-03 , Fax : +95(1) 230 6398-99
For more information : info@jasminepalacehotel.com
For Reservation : rsvn1@jasminepalacehotel.com, rsvn2@jasminepalacehotel.com
www.jasminepalacehotel.com

## ဦးစိန်တင်

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**

**အသက်(၇၇)နှစ်**

လေးမျက်နှာမြို့နေ (ဦးမောင်မှိန်-ဒေါ်သိန်းမေ)တို့၏သား၊ မြင်းခြံမြို့နေ (ဦးစန်းရင်-ဒေါ်မြရီ)တို့၏သားသမက်၊ (ဦးမောင်မောင်)-ဒေါ်တင်ကြိုင်တို့၏ညီ၊ ဦးကျော်စိန်-ဒေါ်ခင်ကြည်တို့၏မောင်၊ ဦးလှတင့်-ဒေါ်ခင်မှီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉လမ်းနေ (ဒေါ်ကျင်ဟန်)၊ ဒေါ်မြင့်မြင့် (အထက-၁၊ လသာ၊ ငြိမ်း)တို့၏ခင်ပွန်း၊ ဒေါက်တာတင်မောင်မောင်နိုင်-ဒေါက်တာတင်အေးခိုင်၊ ဦးငွေခဲ(ဘုရင့်နောင်ပွဲရုံ)-ဒေါ်ခင်ငြိမ်းနိုင်၊ ဦးဇော်မင်းဦး(ကထိက-ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်၊ Chairman, MTG Groupof Companies၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်)-ဒေါ်အိဟန်နီငွေး (MD/MTGDC Co., Ltd)၊ ဦးကျော်ဇေယျာထွန်း (IT တာဝန်ခံ၊ USDP မကွေး)-ဒေါ်တင်တင်စိုး(MED မကွေး)၊ ဦးတေဇာအောင် (MTG)တို့၏ဖခင်၊ မောင်တင်ထူးအောင်(ခေတ္တ-စင်ကာပူ)၊မောင်ကောင်းစည်သူ (BE Archi)၊မောင်ပြည့်ဖြိုးဇော်(BE Final)၊မပိုင်းပြည့်ပြည့်မောင်(Grade-11, အထက-၁၊ မကွေး)၊ မောင်အောင်ပြည့်ဖြိုး(Grade -10, အထက-၁၊ ဒဂုံ)၊ မမေမိုးသန့်(Grade-7, ISY)၊ မောင်ကောင်းခန့်ကျော်(Grade-6, အထက-၄၊ မကွေး)တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၅၄၊ ၉လမ်း ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်တင်

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**

**အသက်(၇၇)နှစ်**

ဦးဇော်မင်းဦး (ကထိက၊ ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်၊ Chairman, MTG Group of Companies အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ဖခင် ဦးစိန်တင် အသက်(၇၇)နှစ်သည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်သန်းငွေး(ငြိမ်း)နှင့် ဇနီး ဒေါ်နွဲ့နွဲ့ဝင်း မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်တင်

**ဌာနခွဲစာရေးကြီး(ငြိမ်း)၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန**

**အသက်(၇၇)နှစ်**

ဦးဇော်မင်းဦး(ကထိက၊ ငြိမ်း၊ ကွန်ပျူတာတက္ကသိုလ်၊ Chairman, MTG Group of Companies အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်)၏ဖခင် ဦးစိန်တင် အသက်(၇၇)နှစ်သည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Barons Group of Companies**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မြ

**ဦးစီးအရာရှိ(မြို့ပြ)**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်မြသည် ၃-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းယုအောင်(ခ)မဇော်

**B.Sc, B.Ed**

**အထက်တန်းပြ၊ အထက(၃)ပျဉ်းမနားမြို့**

**အသက်(၅၂)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးဆန်းဝင်း(ငြိမ်း) ANH ၏ဇနီး ဒေါ်စန်းယုအောင်(ခ)မဇော် အသက်(၅၂)နှစ်သည် ၃-၈-၂၀၁၇ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းယုအောင်

**အသက်(၅၂)နှစ်**

ဦးဆန်းဝင်း၏ဇနီးဖြစ်သူ မစန်းယုအောင်သည် ၃-၈-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

---

## ဖြည့်စွက်ဖတ်ရှုပါရန်

၄-၈-၂၀၁၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ဦးမျိုးညွန့် အသက်(၄၈)နှစ် နာရေးကြော်ငြာတွင် ကွယ်လွန်သူအား ရည်စူး၍ ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ (၈၂)ရပ်ကွက် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (စစ်တောင်းရိပ်မွန်)၊ တိုက် ၃၂/၁၀၂၊ နှင်းဆီလမ်းနေအိမ်နှင့် တိုက် ၅/၂၀၂၊ ကွမ်းခြံ ၆လမ်း၊ ဟံသာရိပ်မွန်၊ ကမာရွတ်မြို့နယ် နေအိမ်သို့ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ငွေဟိုင်

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့နေ (ဦးရန်)၏ဇနီး၊ မိတ္ထီလာမြို့နေ ဗိုလ်ကြီးသန်းစိန်(ငြိမ်း)-ဒေါ်လှလှမြင့်(မဉ္ဇူမှာ မြန်မာစာ ယုယမှုကြို)၊ ရပ်စောက်မြို့နေ ဦးသိန်းအောင်-ဒေါ်ဟန်ရီ၊ ရန်ကုန်မြို့နေ ဒေါက်တာမောင်မောင်သိန်း-(ဒေါ်စန်းစန်းရီ)တို့၏မိခင်၊ ဗိုလ်မှူးဟိန်းဇော်၊ ဒေါက်တာပြုံးမြတ်မွန်၊ ဒေါက်တာဟိန်းထက်၊ ကိုအေးထွဋ်အောင်၊ မကျော့ကျော့စံ၊ မဟယ်လင်သိန်း၊ မဇင်မီမီသိန်း၊ ကိုဟိန်းထက်၊ ကိုဖိုးသား၊ ကိုကောင်းစံတို့၏အဘွား၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် အမှတ် ၄၀၊ လေးလွှာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးကောင်းတုံတရုတ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ပိဋကတ်သုံးပုံဒါယိကာမကြီး**

## ဒေါ်ခင်ကြည် (မိတ္ထီလာ)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၄၅၇နေ ဒေါ်ခင်ကြည်အား နာမကျန်းဖြစ်သည့်အချိန်မှ ကွယ်လွန်သည့်အချိန်အထိ အထူးဂရုစိုက် ပြုစုကုသပေးခဲ့ကြသည့် ဆရာကြီး ဒေါက်တာဦးမြင့်သိန်း(ဦးဝင်းတင် ဖောင်ဒေးရှင်း)၊ ဒေါက်တာဝင်းသစ်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာဇင်ဝေလွင် [ဝေဝေဆေးကုခန်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)]တို့အားလည်းကောင်း၊ အောက်ဆီဂျင်မပြတ်အောင်ကူညီပေးခဲ့သည့် ဦးသိန်းကျော်ကျော်[CMA အောက်ဆီဂျင်မိသားစု၊ (၃၆)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)]၊ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ရာတွင် အစစအဆင်ပြေအောင် ကူညီပေးခဲ့သည့် နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် ဦးအောင်ကြီး-ဒေါ်သက်စုလှိုင် (ကျောက်မြောင်း)တို့အားလည်းကောင်း၊ (၃၅)ရပ်ကွက် နာရေးကူညီမှု အထောက်အကူပြုအဖွဲ့၊ လမ်းသူလမ်းသား မိသားစုများ၊ သတင်းစာ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်များမှတစ်ဆင့် သတင်းမေး ဝမ်းနည်းကြောင်းပြောကြား အားပေးကြသူများ၊ သက်န်းအစရှိသော လှူဖွယ်ပစ္စည်း၊ အလှူငွေများဖြင့် ကူညီကြသူများ၊ သူရိမ်(၂)မှသူငယ်ချင်းများ၊ တာမွေ အထက(၁) (ကျောက်မြောင်း အထက)မှ သူငယ်ချင်းများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ ဝန်ထမ်းများ၊ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သစ်တောဖက်စပ် ပင်စင် ဦးစီးဌာနတို့မှ မိတ်ဆွေသူငယ်ချင်းများ၊ ရက်လည်ဆွမ်းကျွေးသည့်ရက်အထိ ကြွရောက်ကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

## ဗိုလ်မှူးအေးမောင်(ငြိမ်း)

**အသင်းဝင်အမှတ်(၁၄၆)**

**ညွှန်မှူး(စီမံ)ငြိမ်း၊ သက်ကြီးကန်တော့ခံ**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ်(၉၁) L2(A)နေ ဒေါ်ရင်ငွေ၏ခင်ပွန်းသည် ၃-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးစိုးသိန်း အသက်(၇၈)နှစ်

**(ဦးစီးအရာရှိ၊ ငြိမ်း၊ မီးသတ်ဦးစီးဌာန)**

ပဲခူးတိုင်းဒေသကြီး၊သဲကုန်းမြို့နယ်၊အင်းမမြို့အရှေ့ပိုင်းနေ(ဦးမြမောင်-ဒေါ်အေးရန်)တို့၏သား၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်နေ ဆင်ပိုင်ရှင်(ဦးဘစိန်-ဒေါ်အေးသင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၄၈ (ဒုတိယထပ်)နေ ဒေါ်ညွန့်ညွန့်၏မောင်၊ အင်းမမြို့၊ အလယ်ပိုင်းနေ ဦးထွန်းရွှေ-ဒေါ်ဒီတို့၏ညီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာန ဦးမျိုးဝင်း(ညွှန်ကြားရေးမှူး) - ဒေါ်မီမီသိန်း(ဦးစီးအရာရှိ)၊ ဦးမြတ်သူ(Highest ကုမ္ပဏီလီမိတက်)-ဒေါ်ခိုင်ခိုင်သိန်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး)တို့၏ဖခင်၊ မီးဘေးလုံခြုံရေးနှင့် အသိပညာပေးရေးဌာန ဦးကိုကိုစိုး(လက်ထောက်ညွှန်ကြားရေးမှူး)-ဒေါ်တိုးတိုးအေး(ဒု-မီးသတ်ဦးစီးမှူး)တို့၏အဘိုးလေး၊ မောင်ဝင်းမျိုးကျော်၊ မခင်ယမုံသူ(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ မထက်အိန္ဒြာဝင်း(Grade-7 D, အထက-၂၊ လသာ)တို့၏အဘိုး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ် ၁၂၉(ဒုတိယထပ်)၊ အခန်း ၁၀၊ ဗဟိုမီးသတ်နေ ဒေါ်မမလေး၏ခင်ပွန်းသည် ၄-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဦးဆန်းဝင်း (MPPE၊ ငြိမ်း)

**အသက်(၅၅)နှစ်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၁)ရပ်ကွက်၊ သရဖီလမ်းနှင့် စံပယ်လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ အမှတ် G31-Aနေ [ဦးမြဒင် (လက်ထောက်မန်နေဂျာ၊ MPPE-ငြိမ်း)]-ဒေါ်ခင်သန်းမြင့်တို့၏သား၊ ရန်ကုန်မြို့နေ ဦးဗိုလ်မြ(တပ်မတော်မှတ်တမ်းရုံး၊ ငြိမ်း)-[ဒေါ်အုန်းကြည်(တပ်မတော်မှတ်တမ်းရုံး၊ ငြိမ်း)]တို့၏သားသမက်၊ ကိုအုပ်စိုးခန့်-မဝင်းနှင်းညို၊ ကိုမျိုးအောင်ဝင်း-မဥမ္မာနွယ်၊ မသက်ငုံဖူးတို့၏ဖခင်၊ မောင်အောင်ဘုန်းမြတ်၊ မောင်တုန့်နိုင်းဝဏ္ဏတို့၏အဘိုး၊ ကိုအောင်နိုင်လင်း၏ဦးလေး၊ ဒေါ်ခင်ခွာညို၏ချစ်လှစွာသောခင်ပွန်းသည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၅း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက်(စနေနေ့)နံနက် ၁၀နာရီတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ် အသုတ်တိုက်နယ်ဆရာဝန် ဒေါက်တာ အောင်မျိုးဦး၏ဇနီး ဒေါ်ဖြိုးဖြိုးသိမ့် အသက် (၃၅)နှစ်သည် ၂-၈-၂၀၁၇ ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုသိမ်မြို့**

---

## ဦးဟုတ်ရင် (မအူပင်)

**အသက်(၈၄)နှစ်**

မအူပင်မြို့၊ (၄)ရပ်ကွက်၊ အမှတ် ၂၈/က၊ ဘုရားလမ်းနေ (ဦးကျိုတိတ်-ဒေါ်ဆိုင်)တို့၏သား၊ဒေါ်ရှုခင်၏ခင်ပွန်း၊ ကိုညဏ်လင်းဦး-မဥမ္မာစိုး၊ ကိုတူးတူး-မဝါဝါ၊ ကိုချိုချို-မအေးအေးစိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လွင်

**(လယ်-ဆည်)**

**လက်ထောက်မန်နေဂျာ**

**(မျိုးစေ့ဌာနခွဲ)(ငြိမ်း)**

**အသက်(၈၁)နှစ်**

(ဦးထန်ဟုတ်-ဒေါ်အေးမူ)တို့၏သား၊ (ဒေါ်တင့်တင့်)၏ခင်ပွန်း၊ ဦးကျော်မျိုး-ဒေါ်သန္တာအောင်၊ (ဗိုလ်မှူးကျော်ဇေဝင်း)-ဒေါ်သင်းသင်းလွင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူဆန္ဒအရ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ် ၉၆၁၊ ဆည်မြောင်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်ယဉ်ဝင်း

**အသက်(၆၅)နှစ်**

(ဦးခင်မောင်ရင်-ဒေါ်ကြည်ကြည်)တို့၏သမီး၊လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ ၆မိုင်ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၄၈ (ဒုတိယထပ်)နေ ဗိုလ်ကြီးမင်းဦး(ငြိမ်း)၏ဇနီး၊ ဒေါ်မိမိခင်၊ (ဦးအုန်းသိန်း)၊ ဦးသောင်းဟန်-ဒေါ်ပြုံးပြုံးကြည်တို့၏ညီမ၊ ဗိုလ်မှူးညဏ်ထွဋ်-ဒေါ်ဆွေဆွေယဉ်တို့၏အစ်မ၊ ဦးကျော်အောင်ထွန်း-ဒေါ်အေးခိုင်ဇာဦး၊ ဒေါ်ချိုဝတ်ရည်ဦး၊ ဦးစိုးမင်းဦး-ဒေါ်ဖွန့်ဖွန့်ခက်ဝေ၊ ဒေါ်ခိုင်ဝတ်မှုံဦးတို့၏မိခင်၊ မောင်သန့်တေဇ ထွန်း၏အဘွားသည် ၃-၈-၂၀၁၇ရက် ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်တေဇရဲလင်း(ခ)

## ဖိုးသကြား

**အထက(၄)အလုံ၊ Kg ပိတောက်**

**အသက်(၅နှစ်၊ ၆လ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ် ၅၊ ငါးလွှာ၊ ခြေရင်းခန်းနေ (ဦးအေးမောင်)-ဒေါ်ငြိမ်းရင်တို့၏မြစ်၊ (ဦးတင်အောင်-ဒေါ်ခင်မေသိန်း)၊ဦးဝင်းတင်-ဒေါ်သိန်းသိန်းဦးတို့၏မြေး၊ ကိုရဲမင်းသွေး - မမြကေခိုင်ဝင်းတို့၏သား၊ မောင်နန္ဒရဲမင်း [Grade-5၊ အထက(၄) အလုံ]၏ ညီသည် ၄-၈-၂၀၁၇ရက် (သောကြာနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက်တွင်အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရှုချစ် (မြိတ်)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ သုခိတာလမ်း၊ အမှတ် ၂၃နေ (ဦးဂင်လွန်-ဒေါ်ရှုတင်)တို့၏အစ်မ၊ ဒေါ်ဝါဝါ၊ ဒေါ်မြမြမူ၊ ဦးအောင်မိုး-ဒေါ်စန်းစန်းမူ၊ ဦးဝဏ္ဏမောင်-ဒေါ်အိအိတင်ဇာမော်တို့၏ကြီးကြီး၊ မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၈-၂၀၁၇ ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးလေးကြိုင်

**အသက်(၈၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးခင်ကြည်-ဒေါ်သဲလှ)တို့၏သား၊ ဦးအေးကြိုင်-ဒေါ်နုရီ၊ ဦးထွေးကြိုင်-ဒေါ်နုနုရှိန်၊ ဒေါ်ခင်စိုးမြင့်၊ ဦးထွန်းအောင်ကျော်-ဒေါ်ကျင်သန်းတို့၏အစ်ကို/ညီ၊ ဦးကျော်စိုးဦး-ဒေါ်မြမြဦး(ရွှေတောင်ဖိနပ်ဆိုင်)၊ ဦးစိန်အောင်-ဒေါ်မြတ်မြတ်စိုးရင်(အလှမီနီယံလုပ်ငန်း)၊ ဦးမျိုးသန့်-ဒေါ်အိအိသဲ(မြရိပ်မွန်အထည်ဆိုင်)တို့၏ဖခင်၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ခ/၂လမ်း၊ အမှတ် ၃၈နေ(ဒေါ်သိန်းလှ)၏ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးအေးမောင် (ငြိမ်း)

**(ကြည်း-၈၀၉၄)**

**ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ် ၉၁၊ L2(A)နေ (ဦးအောင်ဘော်-ဒေါ်တင်စု)တို့၏သား၊ (ဦးမောင်သန်း-ဒေါ်သောင်းမေ)တို့၏သားသမက်၊ (ဦးပေါ်သိန်း၊ ဒုဝန်ကြီး၊ပြည်ထဲရေး-ဒေါ်လှကြည်)တို့၏မောင်၊ ဒေါ်ရင်ငွေ၏ခင်ပွန်း၊ ကပ္ပတိန်ဦးခင်မောင်သန်း-ဒေါ်ခင်စန်းဝင်း၊ ဦးမျိုးသန့်-ဒေါ်ဖုန်းပပမြင့်၊ ဦးသိန်းထိုက်အေး(M.D Awards Group of Companies)-ဒေါ်ဥမ္မာမော်တို့၏ဖခင်၊ မခိုင်ခိုင်ဝေ၊ မောင်ဝင်းထက်ကျော်၊ မချိုသာသန့်ဇင်တို့၏အဘိုးသည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း အသက်(၇၂)နှစ်

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**

ရန်ကုန်မြို့နေ(ဦးသိန်းဖြူ-ဒေါ်အုန်းခင်)တို့၏သား၊(ဦးလှကျော်-ဒေါ်တင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၄၊ ပထမထပ်၊ အင်းစိန်လမ်း(အောက်လမ်း)နေ ဒေါ်စမ်းစမ်းယဉ်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ Executive Director Shwe FM Radio)၏ ချစ်လှစွာသောခင်ပွန်း၊ မော်ဘီမြို့နေ ဦးမောင်မြင့်-ဒေါ်အမာကြည်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးကျော်မြင့်(KMN Trading Co.,Ltd)-ဒေါ်စန်းစန်းမြင့်၊ ဦးခင်ဇော်(Myanmar Posco)-(ဒေါ်ယဉ်ယဉ်မေ)တို့၏အစ်ကို၊ ကိုသိန်းအောင်နိုင်-မမီမီကျော်ဝင်း၊ ကိုဟိန်းမင်းလတ်-မအိအိကျော်ဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၄-၈-၂၀၁၇ရက် ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းဝေ(ခ)မိအေး (မြိတ်မြို့)

**အသက်(၄၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ သာကေတ ၂လမ်း၊ အမှတ် ၁၀၇နေ (ဦးစံကြည်)-ဒေါ်စောမြင့်တို့၏သမီး၊ မြိတ်မြို့၊ ကန်ဖျားရပ်၊ ဘုရား(၉)ဆူလမ်းနေ ဦးအုံး-ဒေါ်သန်းတို့၏သမီးချွေးမ၊ မြိတ်မြို့နေ (ဦးမြင့်ဦး)-ဒေါ်ချိုချိုအေး၊ ရန်ကုန်မြို့နေ ဦးတင်ဦး-ဒေါ်ခိုင်ခိုင်လွင်၊ (USA)နေ ဦးမင်းအောင်(ခ)ဦးအိုတုတ်-ဒေါ်စန္ဒာဝင်း၊ ရန်ကုန်မြို့နေ ဦးမျိုးမြင့်ဦး-ဒေါ်မြင့်မြင့်စန်း(ခ)မမီးငယ်တို့၏ညီမ၊ မအိအိထွေး၏အစ်မ၊ မြိတ်မြို့၊ သာကေတ ၂လမ်း၊ အမှတ် ၁၀၇နေ ဦးစိုးစိုး၏ချစ်လှစွာသောဇနီး၊ မောင်ဇေယျာမင်းထက်၊ မောင်ကျော်ဇင်မင်းထက်တို့၏မိခင်သည် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၇ရက် (စနေနေ့)ညနေ ၄နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အမှတ် ၃၅၊ ဗဟန်း ၂လမ်း၊ ခြောက်လွှာနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မခင်ညိုသန့်(ခ)မပြည့် B.A (Myanmar)

**အထက(၂)ကမာရွတ်ကျောင်းသူဟောင်း**

**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် ၆၈နေ (ဦးမောင်ချွေး-ဒေါ်ထွေး)တို့၏မြေး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ ဒေါက်တာဦးမျိုးလွင်မြင့်-ဒေါက်တာဒေါ်သန်းစိန်၊ ရန်ကုန်မြို့နေ (ဦးလှထွန်း)-ဒေါ်တင်တင်ဦး၊ ဦးသိန်းမြင့်(အောင်မြင့်သိန်းကားဝပ်ရှော့)-ဒေါ်ရီရီခင်၊ ဦးတင့်လွင်-ဒေါ်ဒေစီ၊ (ဦးမျိုးထွန်း)၊ (ဦးကျော်မင်းမင်းထွန်း)-ဒေါ်စပယ်ထွန်းတို့၏တူမ၊ ကိုတေဇာဝင်း၊ ကိုပြည့်ဖြိုးဝင်းတို့၏ညီမ၊ ကိုရန်ပိုင်အေး(MAB ဘဏ်)၏အစ်မ၊ ဦးလှဝင်း-ဒေါ်ခင်ခင်ချိုတို့၏ချစ်လှစွာသောသမီးသည် ၄-၈-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**မနေ့ မာတိကာ**

## တစ်နေ့လျှင်ကျောက်စိမ်း အတွဲပေါင်း ၁၁၀၀ အား အီတ်ပိတ် တင်ဒါဖြင့် ရောင်းချပေးမည်

စာ » ၅

## ရသေ့တောင်မြို့နယ်၌ အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့သူများအား သွားရောက်ဖမ်းဆီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

စာ » ၁၀



# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

# ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော်  ဩဂုတ်  ၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား လမ်းညွှန်အမှာစကား ပြောကြားခြင်းနှင့် အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အောင်နိုင်ရေးအလံပေးအပ်သည်။

ရှေးဦးစွာ(၂၉)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားမောင်၊ မယ်များက ဂါရဝပြုမိတ်ဆက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတက ယခုအချိန်တွင် အားကစားသမားမောင်၊ မယ်အားလုံးသည် ပြိုင်ပွဲတွင် အစွမ်းကုန်ထုတ်သုံးနိုင်ရန် ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းပါ အဆင့်အမြင့်ဆုံးအခြေအနေကို ရောက်ရှိနေကြရမည် ဖြစ်ပါကြောင်း။

အားကစားသမားမောင်၊ မယ်များအနေဖြင့် ဇွဲ၊ စိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့၏ အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်အောင် တက်ညီလက်ညီဖြင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုပါကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေ ဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ယခုအကြိမ်တွင် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုလျှင် မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲ မှတ်တမ်းတင်နိုင်မည်ဖြစ်ပါကြောင်း။

အားကစားအောင်မြင်မှုနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသော ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားလုံး သတိချပ်ကြရန်လိုပါကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အောင်နိုင်ရေးအလံပေးအပ်စဉ်

# ဆီးဂိမ်းဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းများ အောင်မြင်မှုရရန် ပြင်ဆင်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာအမျိုးသမီးအသင်း ဂိုးသမားတစ်ဦး လေ့ကျင့်နေစဉ်

**ရန်ကုန်  ဩဂုတ်  ၄**

မြန်မာ့လက်ရွေးစင်ဖူဆယ် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်သင်းစလုံး ဆုတံဆိပ်ရယူနိုင်ရန် မျှော်မှန်းထားသည်။

မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး လက်ရှိတွင် ပဏာမကစားသမား၁၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ ဦးဌေးမြင့်သည် ၂၀၁၆ အာဆီယံဖူဆယ်အမျိုးသားပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းကို ဒုတိယနေရာရအောင် စွမ်းဆောင်ပေးခဲ့သည့်နည်းပြဖြစ်ပြီး မြန်မာနည်းပြများတွင် အအောင်မြင်ဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ထားကာ ယာယီကိုင်တွယ်ရာတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသား ဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် အီရန်နိုင်ငံသား ရီဇာက

*စာမျက်နှာ ၁၃ ကော်လံ ၄* ✻



မြန်မာနှင့် မလေးရှားအသင်း ၂၀၁၆ ခုနှစ်က တွေ့ဆုံခဲ့စဉ်

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ဩဂုတ် ၁၅ ရက် စတင်မည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန်  ဩဂုတ်  ၄**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းငါးသင်းအား ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်းအပါအဝင် မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။ မူလကအုပ်စုပွဲစဉ်များအပြီးတွင် အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အဆင့် သုံး၊ လေးနေရာရအသင်းမှာ

*စာမျက်နှာ ၁၃ ကော်လံ ၁* ✪

သာသနာရောင်ဝါထွန်းစေဖို့ **သမ္မတ** ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၈၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၂ | ၂/ခ၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်